ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (10-3-2016) (စ၅၀၁)

အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူ့နတ်အချစ်ဆုံး။
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်ပဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးဖွင့်ပွဲတက်ရောက်

စာမျက်နှာ - ၃

တက္ကသိုလ်ဝင်စာစမေးပွဲ ပထမဆုံးနေ့မှသည် ဘဝ၏အောင်မြင်သော နေ့များဆီသို့

ယနေ့ မတ် ၉ ရက်သည် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၏ ဘဝအောင်မြင်မှုပန်းတိုင်တက်လှမ်းနိုင်ရန် လှေကားထစ်ဖြစ်သည့် တက္ကသိုလ်ဝင်စာမေးပွဲကြီး စတင်ကျင်းပသောနေ့ဖြစ်သည်။

သတင်းဆောင်းပါး - သီသီမင်း၊ ရိုရိုမြင့်၊ ဥမ္မာသန့်

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို မတ် ၉ ရက်မှစတင်ပြီး ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ စာမေးပွဲပထမဆုံးနေ့ မြန်မာစာဘာသာရပ် ဖြေဆိုသည့်နေ့တွင် ကျောင်းသား ကျောင်းသူလေးများ ကြည်လင်ပြုံးရွှင်စွာဖြင့် စာမေးပွဲဖြေဆိုပြီး စာဖြေဌာနအသီးသီးမှ ထွက်လာကြသည်ကို စိတ်ချမ်းမြေ့စွာ မြင်တွေ့ရသည်။

ဒဂုံမြို့သစ်အရှေ့ပိုင်း အလက (၁)စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသည့် မဇူးဇူးမောင်က "ပထမဆုံးနေ့ဆိုတော့ ရင်တော့ ခုန်တာပေါ့။ မြန်မာစာမေးခွန်းတွေက နောက်ပိုင်းကနေပြီး မေးသွားတယ်။ ဒါပေမယ့် ဖြေနိုင်ပါတယ်။ ကိုယ်ကျက်ထားတာတွေပါတော့ ပျော်တယ်။ တော်တော်များများလည်း ဖြေနိုင်တယ်ပြောကြပါတယ်။ ပထမဆုံးနေ့မှာ ဖြေနိုင်တယ်ဆိုတော့ နောက်ရက်တွေအတွက် အားရှိသွားတာပေါ့" ဟု ပြောပြသည်။

ကိုယ်တိုင်ကိုယ်ကျ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများထက် စာမေးပွဲဖြေဆိုရာသို့ လိုက်ပါလာသည့် မိဘများ၏ စိုးရိမ်မှုပန် စိတ်လှုပ်ရှားနေသော အမူအရာများက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့်အချိန်ရောက်တိုင်း နှစ်စဉ်နှစ်တိုင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားမိဘများထံတွင် မြင်တွေ့နေရမြဲ မြင်ကွင်းများပင်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နေပြည်တော် အထထ(၆)၌ ၂၀၁၆ ခုနှစ် ထက္ကသိုလ်ပင်စာမေးပွဲ မြန်မာစာဘာသာရပ် ဖြေဆိုပြီးနောက် ပြုံးပျော်စွာဖြင့် ပြန်ထည်ထွက်ခွာလာသော ကျောင်းသား ကျောင်းသူများကို မတ် ၉ ရက်တ တွေ့ရစဉ်။

ကြေးမုံ စာတည်းရှုထောင့် ၁၀-၃-၂၀၁၆၊ ကြာသပတေးနေ့

အယ်နီညိုကို ရင်ဆိုင်ကျော်လွှား

ကမ္ဘာ့အယ်နီညိုရာသီဥတုဖြစ်စဉ်ကို ပစိဖိတ်သမုဒ္ဒရာ ရေထုအပူချိန်မြင့်တက်မှုအပေါ် မူတည်၍ သတ်မှတ်ခဲ့သည်။ ဖေဖော်ဝါရီလအတွင်းက သမုဒ္ဒရာအတွင်း အပူချိန်မြင့်မားခဲ့သောကြောင့် ပြင်းထန်သော အယ်နီညိုဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီး ပြင်းထန်သောအပူချိန်ကို ကမ္ဘာ့ပြည်သူများခံစားခဲ့ကြသည်။ သို့သော် ယခုမတ်ထဆန်းမှစတင်၍ သမုဒ္ဒရာအပူချိန်လျော့ကျခဲ့သည်ဟု ကမ္ဘာ့ရာသီဥတုစောင့်ကြည့်လေ့လာသူတို့က ဆိုထားသည်။

သို့သော် အယ်နီညိုဖြစ်စဉ်၏ အရှိန်မှာ မတ်လနှင့် ဧပြီလအတွင်း ဆက်ထက်ရှိနေပြီး မေထကျော်၍ ဇွန်လရောက်မှသာ အယ်နီညိုဖြစ်စဉ်မှ လွတ်မြောက်နိုင်သည်ဟုဆိုထားသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိအချိန်ကာထများနှင့် ရှေ့ကာလများအဖို့တွင် အယ်နီညိုဖြစ်စဉ်အရှိန်ကြောင့် ကမ္ဘာ့နိုင်ငံများ ပြင်းထန်သည့်ပူပြင်းသောရာသီဥတုကို ဆက်လက်ခံစားနေကြရဦးမည်ဖြစ်သည်။

မြန်မာနိုင်ငံအဖို့ ယခုကြုံတွေ့နေရသော အယ်နီညိုဖြစ်စဉ်ကြောင့် အချို့အရပ်ဒေသများတွင် ရေရှားပါးသည့် ပြဿနာများနှင့်ရင်ဆိုင်ကြုံတွေ့နေရပြီး ရေအခက်အခဲရှိသော ကျေးရွာများသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်မြည်သူများက ရေအလှူဒါနများ ပြုလုပ်ပေးလျက်ရှိသည်ကို သာခုခေါ် ဖွယ်မြင်တွေ့နေရသည်။ ကျေးထက်ဒေသများအဖို့ သောက်သုံးရေ၊ စိုက်ပျိုးရေသည် ၎င်းတို့အတွက် အသက်တမျှအရေးကြီးနေသည်။

မိုးခေါင်ရေရှား ရပ်ဝန်းဒေသများဖြစ်သည် စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်းရှိ ကျေးရွာများအဖို့ ရေရှားပါးမည့်အခက်အခဲများကို စိုးရိမ်ပူပန်မှုရှိကြမည်မှာ အမှန်ဖြစ်သည်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် အထမ်းဝေးသောကျေးရွာများအဖို့ ရေရှားပါးမှု၊ ရေပြတ်ထပ်မှုကို အထူးစိုးရိမ်ပူပန်ဖွယ်ရှိပြီး ထိုဒေသများသို့ ရေအလှူများ စဉ်ဆက်မပြတ်ပေးနိုင်ရန် အားထုတ်ကြရဦးမည်ဖြစ်သည်။

ထိုကျေးရွာများသည် မိုးရေလှောင်ကန်ကိုသာ အားကိုးရပြီး ကျေးရွာများတွင် မြေအောက်ရေတူးသော်ထည်း ရေချိုမထွက်၊ ရေငန်ခါးများသာထွက်သည့် ကျေးရွာများက ပိုများနေသည်။ ထွက်ထာသည့်ရေမှာထည်း သောက်သုံးရန် မစဉ်းစားနိုင်ဘဲ ဆပ်ပြာသုံးမရသော ရေများဖြစ်သည်။ ထို့ကြောင့် စစ်ကိုင်းမြို့နယ် မင်းဝံတောင်အနောက်ဘက် ရေရှားပါးသည့် ကျေးရွာများတွင် အယ်နီညိုရာသီဥတုအတွက် ကြိုတင်ပြင်ဆင်နေမှုများကိုတွေ့ရသည်။

ယခုမတ်ထဆန်းပိုင်းကတည်းက သက်ဆိုင်ရာအဖွဲ့အစည်းများက အစည်းအဝေးများပြုထုပ်ကာ ရေအတွက် အခက်အခဲမရှိအောင် ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ပေးနေကြသည်မှာလည်း အားရဖွယ်ပြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက တိုစီမံကိန်းဖြစ်မြောက်အောင် အဓိကတာဝန်ယူပေးလျက်ရှိပြီး တစ်ဖက်ကထည်း ရပ်ရွာအတွင်းရှိ ငွေကြေးတတ်နိုင်သူများက ပံ့ပိုးကူညီပေးမှုများကလည်း အားရဖွယ်ဖြစ်သည်။

သို့သော် ထိုစီမံကိန်းသည် ကျေးရွာအားလုံးအတွက်မဖြစ်နိုင်၊ ဝေးလံခေါင်းပါးပြီး ထမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများအတွက် လိုအပ်ချက်များရှိနေဦးမည်ဖြစ်သည်။ မြစ်နှင့်မဝေးသောဒေသများအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ရေထောင်ကန်ကြီးများတည်ဆောက်ကာ ထိုရေလှောင်ကန်ကြီးမှတစ်ဆင့် နေအိမ်များသို့ ရေပိုက်ဖြင့် သွယ်တန်းပေးသည့်စနစ်လည်း ပြုလုပ်ထားကြသည်။

သို့သော် တည်ဆောက်မှုကာလများမှာ ယခုအယ်နီညိုရာသီဥတုစတင်မည်ကာထမှစ၍ ထုပ်ကိုင်ကြသောကြောင့် အချိန်ကာထယူရဦးမည်ဖြစ်၍ အခက်အခဲများရှိကောင်းရှိနိုင်သည်။ ဤဖြစ်စဉ်ကို သင်ခန်းစာယူ၍ နောင်ကြုံတွေ့ရမည့်ဖြစ်စဉ်များအတွက် မဖြစ်ခင်ကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ထိုဖြေရှင်းနည်းသည် အများအတွက် ထွမ်းမြို့ဆောင်ရွက်နိုင်သော အကောင်းဆုံးနည်းလမ်းတော့မဟုတ်သေးချေ။

ကျေးထက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံဒေသအသီးသီးရှိ မြို့နယ်ပေါင်း ၁၇၆ မြို့နယ်မှ ကျေးရွာပေါင်း ၁၇၆၁ ရွာသည် မတ်၊ ဧပြီနှင့်မေလတို့တွင် သောက်သုံးရေပြတ်လပ်နိုင်သည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် ထိုကျေးရွာများအတွက် စက်သုံးဆီ ကျပ် ၇၈ သန်းကျော်ဖိုးကျခံသုံးစွဲကာ သောက်သုံးရေသယ်ယူပို့ဆောင်ဖြန့်ဝေပေးရေး အစီအမံများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ကြားသိရသဖြင့် နိုင်ငံတော်အစိုးရအား ကျေးထက်နေပြည်သူများကိုယ်စား ကျေးဇူးတင်မိပါသည်။ ။

မန္တလေးတောင်တော် စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် မထမဆုံးအကြိမ် ရိုးရာအားကစားပြိုင်ပွဲများထည့်သွင်းကျင်းပမည်

မန္တလေး မတ် ၉

မန္တထေးတောင်တော် စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းထောင်းလှူပွဲတော်ကို မတ် ၂၃ ရက်(တပေါင်းလပြည့်နေ့)တွင် တောင်တော်ပေါ် ဆုတောင်းပြည့်ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် ပထမဆုံးအကြိမ် ရိုးရာအားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ထူးထူးခြားခြား ရိုးရာအားကစားပြိုင်ပွဲတွေဖြစ်တဲ့ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွေကို ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမှာပါ။ ဖျော်ဖြေမှုအနေနဲ့ မန္တလေးအငြိမ့်နဲ့ ဖျော်ဖြေမှာပါ။ ဘယ်အငြိမ့်ဖြစ်မလဲညှိနှိုင်းနေတုန်းပါ"ဟု မန္တထေးတောင်ဂေါပကဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

ဗုဒ္ဓပူဇနီယပွဲတော်နေ့တွင် စေတနာရှင် ကုသိုလ်ရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များအနေဖြင့် ဦးသိန်းထွန်း တောင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း ၀၉-၂၀၁၂၄၀၂၊ ဦးမျိုးဝင်း အတွင်းရေးမှူး ဖုန်း ၀၉-၂၀၀၅၇၂၉ နှင့် ဂေါပကရုံးတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၀၂)

မအီမြို့တွင် နေအိမ်(၃၀၀)ကျော် လျှပ်စစ်ဓာတ်အားထပ်မံဖြန့်ဖြူးပေးနိုင်တော့မည်

မအီ မတ် ၉

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် မအီမြို့တွင် ငွေကျားတိုက်ကုမ္ပဏီမှ ၁၁ ကေဗွီထိုင်း ၀ ဒသမ ၂၁ မိုင်၊ ၄၀၀ ဗိုအားလိုင်း ၂ ဒသမ ၅ မိုင် ထရန်စဖော်မာ ၁၆၀ ထေဗွီအေနှစ်လုံးအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရန် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးထွန်းဝဏ္ဏ၏ ညွှန်ကြားချက်အရ မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုဖြင့် ငွေကျားတိုက်ကုမ္ပဏီဝန်ထမ်းများက ထည်ဆောက်ခဲ့ရာ ယင်းလုပ်ငန်းမှာ ဇန်နဝါရီ ၂၅ရက်နေ့တွင် ပြီးစီးခဲ့သည်။

အဆိုပါ လုပ်ငန်းပြီးစီးသွားသောကြောင့် မအီမြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော နေအိမ် ၃၀၀ ကျော်ကို ထပ်မံတိုးချဲ့၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်ဌေး(ပြန်/ဆက်)

အိမ်ခြံမြေနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်ဟောပြောပွဲကျင်းပမည်

မန္တလေး မတ် ၉

မြန်မာ့အိမ်ခြံမြေ ရောင်း၊ ဝယ်၊ ငှား ဝက်ဘ်ဆိုက် တစ်ခုဖြစ်သည် iMyanmarHouse.com နှင့် မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် အိမ်ခြံမြေနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင် ဟောပြောပွဲကို မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ မန္တထေးမြို့ရှိ Hotel Mandalay ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ဦးကြည်စိုး IC (အိမ်ဘုရင်)၊ ဦးနေမင်းသူ (MD-iMyanmarHouse.com) နှင့် ဦးတင်မောင် (ဥက္ကဋ္ဌ -မန္တထေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း) စသည် ပညာရှင်များက အိမ်ခြံမြေနှင့်ပတ်သထ်သည် ဗဟုသုတဖြစ်ဖွယ်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ဖြစ်စေရန် အကြောင်းအရာများကို ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူတိုင်း အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

(မျိုးမြတ်ဟိန်းစမ်း)

အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်း

ဥတ္တရသီရိ မတ် ၉

အယ်နီညို ရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်းပွဲကို နေပြည်တော် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဌာနဆိုင်ရာ ခုနစ်ခုမှ တာဝန်ရှိသူများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သောက်သုံးရေပြတ်ထပ်မှု မရှိစေရေး၊ စိုက်ပျိုးရေးအခြေအနေများ၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များနှင့် အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ သိကောင်းစရာများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဥတ္တရသီရိမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ တစ်ပတ်လျှင်နှစ်ကြိမ် ဟောပြောဆွေးနွေးသွားမည်ပြစ်ကြောင်း သိရသည်။

(ရွှေရဲရင့်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၉

ရန်ကုန်(ရွှေဈေး) ၇၉၅၀၀၀ - ၇၉၅၀၀၀ မန္တလေး(ရွှေဈေး) ၇၉၄၅၀၀ - ၇၉၄၅၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၄၆၀/၄၈၀ ကျပ်၊	၅၀၀/၅၂၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၇၀၀/၇၂၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၅၂၀/၅၃၀ ကျပ်၊	၅၈၀/၆၀၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၀၀/၅၂၀ ကျပ်၊	၅၅၀/၅၇၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၄၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၄၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၆၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၂၂၁. ၀
(ခ) ဥရောပ	တစ်ယူရို	=	၁၃၄၃. ၀
(ဂ) တရုတ်	တစ်ယွမ်	=	၁၈၇. ၇၁
(ဃ) ထိုင်း	တစ်ဘတ်	=	၃၄. ၅၀၁
(င) မလေးရှား	တစ်ရင်းဂစ်	=	၂၉၅. ၂၈
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈. ၁၂၅
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၀၈၅. ၄
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၀၀. ၆၆
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၀၆. ၀၉
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၈၈၀. ၅၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝေမံစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်ဆက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ပါိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြစုမွန်မြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသူကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အထူးကုဆေးရုံအဆောက်အအုံအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးနှင့် ဦးဖုန်းဇော်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံတစ်ရုံ ထပ်မံဖွင့်လှစ်နိုင်သည့်အတွက် မင်္ဂလာရှိသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း၊ လက်ရှိ နိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေး စသည့်ကဏ္ဍပေါင်းစုံတွင် ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးကဏ္ဍကိုလည်း အဓိကအခန်းကဏ္ဍအဖြစ် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးမျှော်မှန်းချက်ဖြစ်သည့် လူတိုင်းကျန်းမာပြီး သက်တမ်းစေ့နေနိုင်ရန် မျှော်မှန်းချက်နှင့်အညီ ကျန်းမာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကျန်းမာရေးပြုပြင်ပြောင်းလဲမှုကဏ္ဍတွင် အဓိကအားဖြင့် ပြည်သူများ စိုက်ထုတ်ရသည့် ကုန်ကျစရိတ်များ လျှော့နည်းစေရန်၊ ဆေးရုံကြီး၊ ငယ်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းအထိ ထိရောက်သည့် ဝန်ဆောင်မှုများအပြင် ကျန်းမာရေးအသုံးစရိတ်များကိုလည်း ပိုမိုတိုးမြှင့်ပေးသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ဆရာဝန်များအပါအဝင် သူနာပြု၊ သားဖွားနှင့် အဆင့်ဆင့်သော ကျန်းမာရေးဝန်ထမ်းများကိုလည်း ပိုမိုမွေးထုတ်ပေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ဆေးရုံ ၂၂၅ ရုံ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဆေးရုံ ၁၀၀ ကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများမှ ဆေးရုံ ၁၅ ရုံကို ခုတင် ၅၀၀ ဆေးရုံကြီးများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ကြောင်း၊ ဆေးရုံများကို အဆင့်မြှင့်တင်ပေးခဲ့သကဲ့သို့ လူနာများအနေဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်စေရန် အခမဲ့ကုသမှုအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ဆေးရုံစုစုပေါင်း ၁၁၉၀ အထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ယခုဖွင့်လှစ်သည့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း သုံးရုံမြောက်အထူးကုဆေးရုံတစ်ရုံဖြစ်ပြီး ကျပ်သန်းပေါင်း ၂၁၇၄ သန်းကျော် အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးတွင် ဆေးရုံစုစုပေါင်း ၁၁၉၁ ရုံဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန ၁၂၇၈ ခုကိုလည်း ဖွင့်လှစ်ထားခဲ့ပြီးဖြစ်ပါကြောင်း။

မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးများမှာ မန္တလေးမြို့တွင် တစ်ခု၊ ယခုနေပြည်တော်တွင် တစ်ခု ရှိလာပြီး ရန်ကုန်မြို့တွင်မူ မျက်စိရောဂါကုဆေးရုံနှင့် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံများကို သီးခြားစီဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အထူးကုဆေးရုံကြီးဖွင့်လှစ်နိုင်ခြင်းသည် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများနှင့်ပတ်သက်ပြီး ကျန်းမာကြံ့ခိုင်မှုပိုမိုဖြစ်ထွန်းလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် ဆေးရုံအဆောက်အအုံအား လှည့်လည်ကြည့်ရှုကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှမာလာ၊ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ဆွေဦးလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

သတင်းအချက်အလက်ဆိုင်ရာအခွင့်အရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေး

ရန်ကုန် မတ် ၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းကျင်းပသော သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ယူနက်စကို မြန်မာဌာနေကိုယ်စားလှယ် Mr. Sardar Umar Alam က သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရေးဆွဲပြီးစီးပြီဖြစ်သည့် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)ကို သုံးသပ်ဆွေးနွေးနိုင်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုဆွေးနွေးချက်များနှင့်အတူ ဥပဒေ(မူကြမ်း)ကို မကြာမီပေါ်ပေါက်လာမည့် နောက်အစိုးရအား အစည်းအဝေးမှတ်တမ်းများနှင့်တကွ လွှဲပြောင်းတင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးဗဟိုကော်မတီမှ ဦးအောင်ရှင်က မီဒီယာလွတ်လပ်ရေးအတွက်ဆောင်ရွက်ရန် လမ်းဆုံလမ်းခွရောက်နေပြီဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂကြေညာစာတမ်းပါ အခွင့်အရေးအတိုင်းရရှိရန် အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်သောသတင်းမီဒီယာပေါ်ထွန်းလာရေးအတွက် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ဥပဒေကြမ်းပါအခန်းများနှင့် ဥပဒေပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးပြီး Centre for Law and Democracy မှ အမှုဆောင်အရာရှိ Mr.Toby Mendel က ကနေဒါနိုင်ငံမှ Skype ဖြင့် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောနှင့် Article 19 ၏ တာဝန်ခံကိုယ်စားလှယ် ဒေါ်ယဉ်ရတနာသိန်းတို့က သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)တွင် ပါဝင်သည့် အချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် ထပ်မံလိုအပ်ချက်များကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အကြံပြုချက်များကို မှတ်တမ်းပြုစု၍ နောက်အစိုးရကာလတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လွှဲပြောင်းပေးအပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂနှင့် သံရုံးများမှတာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ INGOs များနှင့် ဖိတ်ကြားထားသူ ၇၀ ခန့်တက်ရောက်ကြပြီး ဆွေးနွေးပွဲကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီဒီယာလွတ်လပ်ရေးအတွက် ဆောင်ရွက်ရန် လမ်းဆုံလမ်းခွရောက်နေပြီဖြစ်။

ကမ္ဘာ့ကုလသမဂ္ဂကြေညာစာတမ်းပါ အခွင့်အရေးအတိုင်းရရှိရန် အကောင်အထည်ဖော်ကြရမည်ဖြစ်။

လွတ်လပ်သောသတင်းမီဒီယာ ပေါ်ထွန်းလာရေးအတွက် ကြိုးစားကြရမည်ဖြစ်။

မလေးရှားဝန်ကြီးချုပ်အားပြန်ပေးဆွဲရန် အိုင်အက်စ်အဖွဲ့ ကြံစည်အားထုတ်ခဲ့ဟုဆို

ကွာလာလမ်ပူ မတ် ၉

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်)အဖွဲ့က မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်**(ယာပုံ)** အားပြန်ပေးဆွဲရန် ကြံစည်အားထုတ်မှုကို ရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်နိုင်ကြောင်း မလေးရှားဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ် ဟာမီဒီက မတ် ၈ ရက်တွင် ပြောကြားလိုက်သည်။

လွန်ခဲ့သည့်နှစ်က ဝန်ကြီးချုပ် ရာဇတ်နှင့် အထက်တန်းဝန်ကြီးများအား အိုင်အက်စ်အဖွဲ့က ပြန်ပေးဆွဲရန် ကြံစည်အားထုတ်ခဲ့ပြီး အုပ်ချုပ်ရေးမြို့တော်ဖြစ်သော ပုထရာဂျာယာ၌ တိုက်ခိုက်မှုများပြုလုပ်နိုင်ရန်လည်း ယင်းအဖွဲ့က ကြံစည်အားထုတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးလည်းဖြစ်သူ အာမက်ဇာဟစ်က ပြောကြားသည်။

ပုထရာဂျာယာ အုပ်ချုပ်ရေးမြို့တော်၌ တိုက်ခိုက်မှုပြုလုပ်နိုင်ရေးအတွက် အိုင်အက်စ်စစ်သွေးကြွများက ဖောက်ခွဲရေးပစ္စည်းများကို ဖြင့်ဆင်ခြင်းနှင့် စမ်းသပ်ခြင်းတို့ ပြုလုပ်ခဲ့သည်ဆို၏။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်က ဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့အပါအဝင် နိုင်ငံတော်၏အထက်တန်း တာဝန်ရှိသူများကို ပြန်ပေးဆွဲရန် အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်သူ ၁၃ ဦးတို့က အကြံအစည်များ ပြုလုပ်ခဲ့ကြကြောင်း အာမက်ဇာဟစ်က ပြောကြားသည်။

မလေးရှားနိုင်ငံအတွင်း အိုင်အက်စ်အဖွဲ့၏ ခြေကုပ်စခန်းအခိုင်အမာမရှိသော်လည်း မလေးရှားရှိ စစ်သွေးကြွများက ဆီးရီးယားရှိ အိုင်အက်စ် ကွန်ရက်ထံမှ ညွှန်ကြားချက်များရရှိနေကြောင်း ၎င်းက ပြောကြားသည်။

ရိုက်တာ။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်လွှတ်

တီဟီရန် မတ် ၉

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် မတ် ၉ ရက် နံနက်ပိုင်းတွင် ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို စမ်းသပ်ပစ်ခတ်မှု ပြုလုပ်ခဲ့သည်။ ယင်းဒုံးကျည်များသည် အစ္စရေးနိုင်ငံအထိ ပစ်လွှတ်နိုင်သည့် ဒုံးကျည်များဖြစ်ကြောင်း၊ ဒုံးကျည်စမ်းသပ်ပစ်လွှတ်ပါက အီရန်နိုင်ငံအပေါ် အမေရိကန်နိုင်ငံက တားမြစ်ပိတ်ပင်မှုအသစ်များ ပြုလုပ်မည်ဟူသော ခြိမ်းခြောက်မှုကို အာခံကာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မတ် ၈ ရက်တွင် အီရန်နိုင်ငံ၌ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ရာတွင်လည်း ဒုံးကျည်များကို ပစ်လွှတ်စမ်းသပ်ခဲ့သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုသည် အီရန်နိုင်ငံအပေါ်ကျရောက်နေသည့် ခြိမ်းခြောက်မှုများအပေါ် ထိပ်တိုက်ရင်ဆိုင်နိုင်စွမ်းရှိသည့် စွမ်းရည်အားပိုင်ဆိုင်ကြောင်း ပြသသည့်အနေဖြင့် ယင်းသို့ ပြုလုပ်ခဲ့ကြောင်း အီရန်က ပြောကြားခဲ့သည်။

မတ် ၉ ရက် နံနက်ပိုင်းတွင် အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့က နိုင်ငံတောင်ပိုင်းရှိ အခြေစိုက်စခန်းမှ ကီလိုမီတာ ၁၄၀၀(မိုင် ၈၇၀)အကွာ နိုင်ငံအရှေ့တောင်ပိုင်းရှိ ပစ်မှတ်များကို ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်နိုင်ခဲ့ကြောင်း အီရန်နိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံ ဂျေရုဆလင်နှင့် တဲလ်အဗစ်မြို့များသည် အီရန်နိုင်ငံမှ ကီလိုမီတာ ၁၀၀၀ နီးပါးအကွာတွင် တည်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

သံမှန်တိုင်းများစောင့်ကြည့်လေ့လာရန် စက်ရုပ်များ တရုတ်တီထွင်

ရှင်ချွန် မတ် ၉

သိပ္ပံပညာရှင်များ ပါဝင်သောအဖွဲ့တစ်ဖွဲ့က တရုတ်နိုင်ငံအနောက်မြောက်ပိုင်းမှ သဲကန္တာရစတင်ဖြစ်ပေါ်လာစေသည့် သဲနှင့်ဖုန်မှုန့်အဆင့်များကိုမှတ်တမ်းတင်ရန် အထူး ပြုလုပ်ထားသောစက်ရုပ်နှစ်ရုပ်ကို တီထွင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုပ်များက လေတိုက်နှုန်း၊ လေဖိအား၊ သဲတုန်ခါမှုနှင့်သဲတိုက်စားမှုကို တိုင်းတာနိုင်ကြောင်း နင်ကျားတက္ကသိုလ်သုတေသနအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရန်ဇီလင်းက ပြောကြားသည်။ ဆိုလာပြားများ တပ်ဆင်ထားသောစက်ရုပ်များက ၂၅ ကီလိုမီတာထိ ကျယ်ပြန့်သော နယ်မြေတစ်ခုအတွင်း အချက်အလက်များကို ထပ်ဆင့်ထုတ်လွှင့်ပေးရန် လျှပ်စစ်သံလိုက်လှိုင်းများကိုအသုံးပြုပြီး ယင်းစက်ရုပ်များက တစ်နာရီကြာတာရှည်ခံသည်။ ယခင်က မြေပြင်မှသတင်းအချက်အလက်များ စုဆောင်းရန် ခက်ခဲသောကြောင့် လက်ရှိအချိန်တွင် ကန္တာရဆိုင်ရာ သတင်းအချက်အလက်များကို မိုးလေဝသစခန်းများမှ အဓိကစုဆောင်းရရှိသည်။

"စက်ရုပ်တွေမှာတပ်ဆင်ထားတဲ့ အာရုံခံကိရိယာအသီးသီးက မြေပြင်ကနေ ၅၀ စင်တီမီတာ အကွာမှာရှိတော့ ကျွန်တော်တို့လိုအပ်တဲ့ အချက်အလက်တွေကို လိုအပ်သလောက်ပေးနိုင်တာပေါ့"ဟု ရန်က ဆိုသည်။

အဆိုပါစက်ရုပ်များတီထွင်နိုင်ခြင်းမှာ နင်ကျားတက္ကသိုလ်၊ ရှန်ဟိုင်းကျားတောင်တက္ကသိုလ်၊ ပင်ဆီဗေးနီးယားတက္ကသိုလ်နှင့် တရုတ်သိပ္ပံအကယ်ဒမီအောက်ရှိ အအေးပိုင်းနှင့် မိုးနည်းဒေသများ ပတ်ဝန်းကျင်နှင့် အင်ဂျင်နီယာသုတေသန အင်စတီကျုတ်ကြား ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းတစ်ခု၏ အကျိုးရလဒ်ဖြစ်သည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ခြောက်သွေ့သော ကျတ်တီးဒေသတစ်ခုဖြစ်သည့် နင်ကျားဒေသမှာ စတုရန်းကီလိုမီတာ ၄၃၀၀၀ ကျော် ကျယ်ပြန့်သော တရုတ်နိုင်ငံ၏ စတုတ္ထအကြီးဆုံး တန်ဂါကန္တာရနှင့် နယ်နိမိတ်ထိစပ်နေသည်။

ဆင်ဟွာ။

အိုင်အက်စ်ထိပ်တန်းခေါင်းဆောင်တစ်ဦး အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားဖွယ်ရှိ

ဝါရှင်တန် မတ် ၉

အမေရိကန်နိုင်ငံက အလိုရှိဆုံး စစ်သွေးကြွများစာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်သည့် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်) ထိပ်တန်းခေါင်းဆောင်တစ်ဦးသည် ဆီးရီးယားနိုင်ငံအတွင်း အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့ဖွယ်ရှိသည်။

လွန်ခဲ့သည့် သောကြာနေ့တွင် အမေရိကန်စစ်ဘက်သည် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အယ်လ်ရက်ဒ်ဒါဒီမြို့အနီး၌ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက မတ် ၈ ရက်တွင် ပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုသည် အိုင်အက်စ်ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ယူဆထားသည့် အဘူအူမာအယ်လ် ရှီရှန်နီကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံတွင် အခြေစိုက်လှုပ်ရှားနေသည့် ရှီရှန်နီသည် ဂျော်ဂျီယာနိုင်ငံသားတစ်ဦးဖြစ်ပြီး အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘက်ကာ အယ်လ်ဘက်ဒါဒီနှင့် ရင်းနှီးကျွမ်းဝင်သူတစ်ဦးလည်းဖြစ်သည်။

အမေရိကန်အစိုးရသည် ရှီရှန်နီနှင့်ပတ်သက်သည့် သတင်းအချက်အလက်ပေးနိုင်သူကို ဆုငွေ ဒေါ်လာ ၅သန်းပေးမည်ဟု ကမ်းလှမ်းထားခဲ့သည်။ ရှီရှန်နီသည် အယ်လ်ရက်ဒ်ဒါဒီမြို့ရှိ အထိအခိုက်အကျအဆုံးများနေသည့် အိုင်အက်စ်တိုက်ခိုက်ရေးသမားများကို ထောက်ခံအားပေးရန်အတွက် အဆိုပါဒေသသို့ ရောက်ရှိနေခြင်းဖြစ်ဖွယ်ရှိသည်ဟု ပင်တဂွန်အရာရှိများက ပြောကြားသည်။ လေကြောင်းတိုက်ခိုက်မှု၏ အကျိုးဆက်များကို အကဲဖြတ်သုံးသပ်နေဆဲဖြစ်သော်လည်း ကနဦးသုံးသပ်ချက်များအရ ရှီရှန်နီသည် အခြားအိုက်အက်စ်တိုက်ခိုက်ရေးသမား ၁၂ ဦးနှင့်အတူ သေဆုံးသွားဖွယ်ရှိသည်ဟု ပင်တဂွန်အရာရှိများက ဆက်လက်ပြောကြားသည်။

အင်န်အိတ်ချ်ကေ။

သေဆုံးသွားဖွယ်ရှိသည်ဟု ယူဆရသည့် အဘူအူမာအယ်လ် ရှီရှန်နီ။

နေလုံးဝကြတ်မှုကို အင်ဒိုနီးရှားပြည်သူများစောင့်ကြည့်၊ မြူတိမ်ဖုံးနေခြင်းကြောင့် နေကြတ်မှုရှုခင်း ဝိုးတဝါးဖြစ်ရ

ဂျကာတာ မတ် ၉

အင်ဒိုနီးရှားနိုင်ငံ၏ တစ်နံတစ်လျားကျယ်ပြောလှသည့် ကျွန်းစုများ၏ဝေဟင်တစ်ခွင်တစ်ပြင်တွင် နေကြတ်မှုဖြစ်စဉ် မတ် ၉ ရက်က ပေါ်ပေါက်ခဲ့သော်လည်း နယ်မြေဒေသအချို့၌ မြူတိမ်ဖုံးနေခြင်းကြောင့် အံ့မခန်းဖွယ်ရာ နေကြတ်မှုရှုခင်းမှာ မပီဝိုးတဝါးဖြစ်ခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှ၊ ဩစတြေးလျနှင့်ပစိဖိတ်ကျွန်းနိုင်ငံတို့မှ နက္ခတ်တာရာလေ့လာစောင့်ကြည့်သူများသည် နေကြတ်မှုကို လေ့လာစောင့်ကြည့်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းဆုမတြားကျွန်းရှိ ပါလမ်ဘန်းမြို့သည် နေလုံးဝကြတ်မှုကို စောင့်စားကြည့်ရှုရန် အကောင်းဆုံးနေရာ တစ်နေရာဖြစ်သည်။ ဆုမတြားကျွန်းကောင်းကင်ယံတွင် နေနှင့်ကမ္ဘာကြား လဖြတ်သန်းချိန်တွင် လ၏ပိတ်ကာဆီးတားမှုဖြစ်ပေါ်ကာ နေကြတ်ခဲ့သည်။ ဆုမတြားကျွန်း၏ဝေဟင်အတွင်း နေကြတ်မှုဖြစ်စဉ်ပေါ်ထွန်းခဲ့ပြီးနောက် ဆူလာဝေသီနှင့် ဘော်နီယိုကျွန်း၊ ထို့မှတစ်ဆင့် မာလူကူးကျွန်းတို့၏ ဝေဟင်အတွင်း နေကြတ်မှုဖြစ်စဉ်ကို တွေ့မြင်ခဲ့ကြသည်။

သို့ရာတွင် ကောင်းကင်ယံအတွင်း မြူတိမ်ဖုံးလွှမ်းနေမှုကြောင့် နေကြတ်မှုကိုစောင့်ကြည့်သူ ပြည်သူထောင်ပေါင်းများစွာမှာ နေကြတ်မှုပုံရိပ်ကို ပီပီပြင်ပြင်ရှင်းရှင်းလင်းလင်း တွေ့မြင်ခွင့်မရခဲ့ကြပေ။ နေတစ်စိတ်တစ်ဒေသကြတ်မှုဖြင်ကွင်းကို ဩစတြေးလျ၊ အရှေ့တောင်အာရှဒေသအချို့နှင့် ပစိဖိတ်သမုဒ္ဒရာကျွန်းစုနိုင်ငံအချို့တွင် တွေ့မြင်ခဲ့ကြရသည်။

မြို့တော်ဂျကာတာ၌ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ကလေးများသည် နက္ခတ်တာရာပြတိုက်သို့ စုဝေးရောက်ရှိခဲ့ကြသည်။ တစ်စိတ်တစ်ဒေသနေကြတ်မှုကိုကြည့်ရှုရန် နက္ခတ်တာရာပြတိုက်တာဝန်ရှိသူများက အထူးပြုလုပ်ထားသော မျက်မှန်များကို ဝေငှပေးခဲ့သည်။

ရိုက်တာ။

ဆင်းရဲနွမ်းပါးသူအရေအတွက် လျှော့ချနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် ဆောင်ရွက်ခဲ့ ပြည်သူများ ရေရှည်အကျိုးပြုမှုဖြစ်စေရန် ဘဏ္ဍာရေးပံ့ပိုးမှုစဉ်ဆက်မပြတ်ရရှိနိုင်သည့် ရန်ပုံငွေထူထောင်ရန် လိုအပ်မည်

ဒုတိယသမ္မတ ဦးညွန့်ထွန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းက မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အမျိုးသားအဆင့် စီမံကိန်းအဖြစ်သတ်မှတ်၍ ကျေးလက်ဒေသများတွင် အမန်တကယ်လိုအပ်နေသည့်လုပ်ငန်းများကို ဖြည့်ဆည်းပေးရန် ရန်ပုံငွေအရင်းအမြစ်များခွင့်ပြုထားပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ပါကြောင်း၊ ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရှိခဲ့သည်ကို စာရင်းအင်းကိန်းဂဏန်းများအရ တွေ့မြင်နေရသော်လည်း လုပ်ငန်းစဉ်(၈)ရပ်နှင့်စပ်လျဉ်း၍ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှုအပေါ် ပြည်သူများလက်ခံနိုင်သည့် ထင်သာမြင်သာရှိသော သက်သေသာဓက အထောက်အထားများအား ကျေးလက်ပြည်သူများထံအရောက် ပြည့်ပြည့်ဝဝဖော်ထုတ်ပြသနိုင်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်းကို တိုင်းတာသိရှိနိုင်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် UNDP တို့ပူးပေါင်း၍ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (Integrated Household Living Conditions Assessment-IHLCA) ကို ၂၀၀၄-၂၀၀၅ နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် (၂)ကြိမ်ကောက်ယူခဲ့ပါကြောင်း။

IHLCA စစ်တမ်းများဖြင့် မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုနှုန်းကို ဖော်ထုတ်သတ်မှတ်ရာတွင် ၂၀၀၄-၂၀၀၅ စစ်တမ်းအရ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၃၂ ရာခိုင်နှုန်းနှင့် ၂၀၀၉-၂၀၁၀ စစ်တမ်းအရဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည့်အတွက် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်(MDGs)အရ ဆင်းရဲနွမ်းပါးသူအရေအတွက်ကို ထက်ဝက်လျှော့ချနိုင်ရေးရည်မှန်းချက်အပေါ် အထောက်အကူပြုနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ပတ်သက်၍ စာရင်းအင်း အချက်အလက်များ ကောက်ယူစုဆောင်းခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများအား ကဏ္ဍဘက်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၂၀၁၆ ခုနှစ် ကမ္ဘာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goals) (၁၇)ရပ်အနက် ပန်းတိုင်(၁)ဖြစ်သည့် ကမ္ဘာပေါ်ရှိ နေရာတိုင်းတွင် ဆင်းရဲနွမ်းပါးမှုပုံစံအမျိုးမျိုးအဆုံးသတ်ရေး (End Poverty in all its forms everywhere)ဟု သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ ပထဝီအနေအထားအရ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခြေအနေများ၊ ကျေးလက်လူထု၏ ဦးစားပေးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။

အထောက်အကူပြုကော်မတီများနှင့် လုပ်ငန်းကော်မတီများမှ ကဏ္ဍနှင့်ဒေသအလိုက်အကောင်အထည်ဖော်သည့် လုပ်ငန်းများတွင် မဖြစ်မနေဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ချက်များ၊ အကြံပြုချက်များ သုံးသပ်ဖော်ထုတ်ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လက်တွေ့ကျသည့် လျာထားချက်များဖြစ်ရန် လိုအပ်ကြောင်း။

ပြည်သူများကို ရေရှည်အကျိုးပြုမှုဖြစ်စေရန်အတွက် ဘဏ္ဍာရေးအရင်းအမြစ်များ ပံ့ပိုးမှုစဉ်ဆက်မပြတ်ရရှိနိုင်ရန် အရေးကြီးသည့်အတွက် အခြေခံကျသည့် ဖွံ့ဖြိုးရေးရန်ပုံငွေထူထောင်မှုအပိုင်းကိုလည်း မဖြစ်မနေထည့်သွင်းစဉ်းစားသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊

နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်မှန်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ကို ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOs, NGOs၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် အဆင့်ဆင့်ဆွေးနွေးတိုင်ပင်ရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတတက်ရောက်သည့် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲမှ အတည်ပြုချမှတ်နိုင်ခဲ့ပါကြောင်း။

မဟာဗျူဟာမူဘောင်ကို ဗျူဟာ(၅)ရပ်နှင့်အညီ လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းအစီအစဉ်များအား ရေးဆွဲပြုစုခဲ့ပြီး မြစ်ဝှမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများအပါအဝင် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်စီမံကိန်းများအသွင်ဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းများ စနစ်တကျဖြင့် စီမံဆောင်ရွက်သွားနိုင်ရန် ပြဋ္ဌာန်းထုတ်ဝေထားသည့် လက်စွဲစာစောင်၊ လမ်းညွှန်များကိုလည်း လက်တွေ့စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အသုံးပြုဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လယ်ယာကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သားငါးထုတ်လုပ်မှုနှင့်ကျေးလက်လူမှုစီးပွားကဏ္ဍ၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အသေးစားပဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို အကြံပြုတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်ပတ်သက်၍ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများအား ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီများအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက အကြံပြုတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်ပေးခြင်းအားဖြင့် မြို့ပြနှင့်ကျေးလက်ကွာခြားနားမှုအတတ်နိုင်ဆုံးလျှော့ချရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ မူဘောင်နှင့်အညီ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ရည်မှန်းချက်၊ တာဝန်များအတိုင်း ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း ထပ်တိုးဆောင်ရွက်မှုများကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်ထားရှိရန်လိုပါကြောင်း၊ ကျေးလက်နှင့်ပြည်သူလူထုကို ထိထိရောက်ရောက်အကျိုးပြုနိုင်သည့် လုပ်ငန်းများတွင် ရှေ့ဆက်သွားရမည့် ခရီးအတွက် ကောင်းမွန်သည့် အကြံဉာဏ်များပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

နေတစ်ဝက်တစ်ပျက်ကြတ်ခြင်းဖြစ်စဉ်အား မြန်မာနိုင်ငံနေရာဒေသတချို့မှ မြင်တွေ့ခဲ့

နေပြည်တော် မတ် ၉

မတ် ၉ ရက် (ယနေ့) နံနက်အစောပိုင်းက နေတစ်ဝက်တစ်ပျက်ကြတ်ခြင်းဖြစ်စဉ် ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံနေရာဒေသအချို့တို့မှ မြင်တွေ့ရပြီး ယင်းဖြစ်စဉ်အား ပြည်သူ များ စိတ်ဝင်တစားကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုအခြေအနေကြောင့် ကောင်းကင်၌ မိုးတိမ်များဖြစ်ပေါ်ခဲ့သော်လည်း အဆိုပါနေကြတ်ခြင်းကို ရှားပါးသည့်နက္ခတ်ဗေဒဆိုင်ရာဖြစ်စဉ်ဖြစ်သဖြင့် စောင့်ကြည့်ရမှုမှာ စိတ်ဝင်စားဖွယ်ကောင်းကြောင်း လေ့လာစောင့်ကြည့်သူများထံမှ သိရသည်။

အဆိုပါနေတစ်ဝက်တစ်ပျက်ကြတ်ခြင်းကို ဩစကြေးလျ၊ အရှေ့တောင်အာရှနိုင်ငံအချို့နှင့် ပစိဖိတ်အလယ်ပိုင်းဒေသတို့တွင် မြင်တွေ့နိုင်ပြီး အင်ဒိုနီးရှားနှင့် အခြားဒေသများတွင် နေကြတ်ခြင်းကို အပြည့်အဝ မြင်တွေ့ရကြောင်း သိရ သည်။

"နေကြတ်တာတို့ လကြတ်တာတို့က နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေတဲ့အနေအထားရှိပါတယ်။ ယခုနေကြတ်ခြင်းဖြစ်စဉ်ကို မြန်မာနိုင်ငံရှိ နေရာဒေသအချို့မှ မြင်တွေ့ရတယ်။ အချို့ဒေသတွေမှာ မိုးရွာတာတွေ၊ တိမ်ထူထပ်နေတာတွေ၊ မြူများဖုံးလွှမ်းနေတာတွေကြောင့် နေကြတ်ခြင်းကို မမြင်တွေ့ကြရဘူး။ နေကြတ်မှုဖြစ်တဲ့အချိန်က တစ်နေရာနဲ့တစ်နေရာ မတူဘူး။

"မြန်မာနိုင်ငံမှာ နံနက် ၅ နာရီ ဝန်းကျင်မှ နံနက် ၉ နာရီခွဲလောက်က မြင်တွေ့ရမယ်လို့ နာဆာက ထုတ်ပြန်ခဲ့ပေမယ့် ရာသီဥတုအခြေအနေကြောင့် နေရာဒေသအချို့မှာ နံနက် ၇ နာရီ ဝန်းကျင်လောက်မှသာ မြင်တွေ့ရတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက ပြောသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ယင်းနေကြတ်ခြင်း ဖြစ်စဉ်ကို ၄၂ ရာခိုင်နှုန်းခန့်ဖြင့်တွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် နေအပြည့်ကြတ်ခြင်းဖြစ်စဉ် ထပ်မံဖြစ်ပွားနိုင်ကြောင်း၊ ယင်းဖြစ်စဉ်ကို အမေရိကန်နိုင်ငံမှ မြင်တွေ့ရမည့်ဖြစ်ကြောင်း နာဆာက ထုတ်ပြန်ထားသည်။

တစ်ဝက်တစ်ပျက် နေကြတ်မှုဖြစ်စဉ်ကို မြန်မာနိုင်ငံ နေပြည်တော်မှ တွေ့မြင်ရသည့်မြင်ကွင်း။ [ဓာတ်ပုံ- အောင်ရှိန်းဦး/အေစီ]

နေကြတ်ခြင်းဆိုသည်မှာ ကမ္ဘာနှင့် နေကြားကို လက ဖြတ်သွားချိန်တွင် လ၏အရိပ် ကမ္ဘာပေါ် သို့ ကျရောက်စဉ် နေကြတ်ခြင်းဖြစ်စဉ်ဖြစ်ပေါ်ခြင်း ဖြစ်သည်။ **တင်မောင်လွင်(မြန်မာ့အလင်း)**

te*wfjrefrmhajrivsifwdkif;wma&;uGef&uf

ဖြိုးမောင်မောင်
(အမျိုးသားမြေငလျင်သတင်းအချက်အလက်ဗဟိုဌာန)

မြေငလျင်ဆိုသည်မှာ မြန်မာပြည်သူလူထုအတွက် ဆန်းသစ်လှသော သဘာဝဘေးအန္တရာယ်တစ်ခုတော့မဟုတ်ပေ။ သို့သော် အန္တရာယ်ကြီးမားသည်ကအမှန်။ အချိန်တိုအတွင်းမှာ အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာကို ချက်ချင်းဆိုသလို ဖျက်ဆီးနိုင်ပေသည်။ မြန်မာပြည်၏ စစ်ကိုင်းမြေငလျင်ကြောဟုပြောလိုက်လျှင် ပြည်တွင်းမှ ပြည်သူလူထုအတော်များများသိကြသလို ပြည်ပမှ မြေငလျင်လေ့လာနေသော ပညာရှင်များပင်လျှင် အထူး သိကြပေသည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သော ၂၀၁၂ ခုနှစ်တွင် လှုပ်ရှားခဲ့သော သပိတ်ကျင်း မြေငလျင်၊ ၂၀၁၁ ခုနှစ်တွင် လှုပ်ရှားခဲ့သော တာလေမြေငလျင်၊ ၂၀၀၃ ခုနှစ်တွင် လှုပ်ရှားခဲ့သော တောင်တွင်းကြီး မြေငလျင်များသည် မြန်မာနိုင်ငံ၏ မြေငလျင် ဘေးအန္တရာယ်အကြောင်းကို ပြန်လည်မီးမောင်းထိုးပြလိုက်သလိုဖြစ်ပြီး ၁၉၉၁ ခုနှစ် တကောင်းမြေငလျင်၊ ၁၉၇၅ ခုနှစ် ပုဂံမြေငလျင်နှင့် ၁၉၅၆ ခုနှစ် စစ်ကိုင်းမြေငလျင် အစရှိသည်များကို တဖန် အမှတ်ရလာစေသည်။ တိတကျ ဝေးဝေးကြည့်လျှင် ၁၉၃၀ ခုနှစ် ပဲခူး မြေငလျင်နှင့် ၁၉၁၂ ခုနှစ်တွင် လှုပ်ရှားခဲ့သည့် မေမြို့ မြေငလျင်များသည်လည်း မေ့ထား၍မရသော အင်အားအလွန်ပြင်းထန်သည့် သမိုင်းဝင် မြေငလျင်များပင် ဖြစ်သည်။

မြန်မာ့မြေငလျင်ရပ်ဝန်း

ကမ္ဘာ့အပေါ်ယံလွှာ (curst)တွင် ပါဝင်နေသော အဓိကကျောက်ဖျာကြီးနှစ်ခုဖြစ်သည့် အိန္ဒိယကျောက်ဖျာကြီး (Indian Plate)နှင့် ယူရေးရှားကျောက်ဖျာကြီး(Eurasian Plate) (၂)ခု တွန်းတိုက်မကြားတွင် ပါဝင်နေသော မြန်မာနိုင်ငံသည် နိုင်ငံအဝန်း အမျိုးအစားမတူညီသော မြေငလျင်ပေါင်းစုံကို ဖြစ်ပေါ်လာစေသည် အကြောင်းအရင်းတစ်ခု ဖြစ်ပေသည်။ တစ်နှစ်လျှင် ၅၀ မီလီမီတာ (50 mm/yr) နှုန်းဖြင့် အိန္ဒိယကျောက်ဖျာကြီးက မြောက်ဘက်ရှိ ယူရေးရှားကျောက်ဖျာကြီးဘက်သို့ ရွေ့လျားနေသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက် ရခိုင်ကမ်းရိုးတန်းနှင့် ချင်းပြည်နယ်သည် ထိုကျောက်ဖျာနှစ်ခု ထိစပ်တွန်းတိုက်တိုးဝင်နေသည့်နေရာ (subduction zone)တွင် ပါဝင်နေပေသည်။ မြန်မာနိုင်ငံ၏ အသက်သွေးကြောဟုခေါ်သည့် ဧရာဝတီမြစ်နှင့် ယှဉ်လျက်ရှိနေသည့် နာမည်ကြီး စစ်ကိုင်းမြေငလျင်ကြောသည်လည်း တစ်နှစ်လျှင် ၂၀ မီလီမီတာ (20 mm/ yr) နှုန်းဖြင့် ရွေ့နေသဖြင့် မကြာခဏဆိုသလို အင်အားပြင်းမြေငလျင်များ လှုပ်ရှားနေသည့် အဓိကနေရာ တစ်နေရာဖြစ်နေသေးသည်။ ဤနေရာတွင် စာရေးသူ သတိပေးချင်သည်မှာ မီလီမီတာနှုန်းဖြင့် မြေငလျင်ကြောများ ရွေ့လျားနေသည်ဟု ဆိုသော်လည်း နှစ်ချီလာသောအခါ ထိုသို့ ရွေ့လျားသည့်ပမာဏ ၁-မီတာ (1-meter)သို့ ရောက်ရှိလာသောအခါ မြေငလျင်ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ သုည အထက်ရှိသော အင်အားပြင်းမြေငလျင်ကို ဖြစ်ပေါ်စေနိုင်ပေသည်။

မြေငလျင်တစ်ခု လှုပ်ရှားရာတွင် နေရာများပေါ်မူတည်၍ ပြင်းအားပမာဏ (Magnitude)နှင့် အတိမ်အနက် (depth)မတူညီသော မြေငလျင်များ မြန်မာနိုင်ငံတွင် လှုပ်ရှားပေသည်။ ဥပမာ - စစ်ကိုင်းမြေငလျင်ကြောသည် အနက်တိမ်သော မြေငလျင်များ (Shallow earthquake) လှုပ်ရှားရာ ပြတ်ရွေ့တစ်ခုဖြစ်ခဲ့ပြီး ကျောက်ဖျာကြီးနှစ်ခု ထိစပ်တွန်းတိုက်တိုးဝင်ရာ(subduction zone)နေရာသည် အနက်အသင့်အတင့်မှ အလွန်စောက်နက်သော မြေငလျင်(intermediate and deep earthquakes)များ ဖြစ်ပေါ်ရာ နေရာတစ်ခုအဖြစ် တည်ရှိလာခဲ့သည်။ မြန်မာပြည်အရှေ့ပိုင်း ရှမ်းကုန်းမြင့်သည်လည်း အနက်တိမ်သော မြေငလျင်များ အများစုဖြစ်ပေါ်ရာ နေရာဒေသတစ်ခုဖြစ်ပေသည်။ ထိုသို့သော မြေငလျင်များ လှုပ်ရှားနေသည့်နေရာကို မြေငလျင်တိုင်းစက် (seismometer)များမှ ဖမ်းယူတိုင်းတာသိရှိနိုင်ပြီး မြေငလျင်များဖြစ်ပွားလေ့ရှိရာ နိုင်ငံတစ်နိုင်ငံအနေဖြင့် မြေငလျင်တိုင်းတာရေးကွန်ရက်တစ်ခု မရှိမဖြစ် လိုအပ်ပေသည်။ ယခုလက်ရှိ မြန်မာ့မြေငလျင်တိုင်းတာရေးကွန်ရက်သည် ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ မြေငလျင်ဌာနခွဲ၊ အမျိုးသားမြေငလျင်သတင်းအချက်အလက်ဗဟိုဌာနတွင် ထားရှိပါသည်။

မြေငလျင်ကွန်ရက်သမိုင်း

အတိတ်မှ မြန်မာ့မြေငလျင်တိုင်းတာရေးကွန်ရက်သည် အမေရိကန်မြေငလျင်ပညာရှင် Willmore မှ ဖန်တီးထားသည့် ဓာတ်ပုံစက္ကူ (Photo paper)ပေါ်တွင် အခြေခံမှတ်တမ်းယူသည့် မြေငလျင်စက်အမျိုးအစားများကို ရန်ကုန်မြို့တွင်(၁၉၆၃)ခုနှစ်၊ မန္တလေးမြို့တွင်(၁၉၆၄)ခုနှစ်တွင် အသုံးပြုခြင်းဖြင့် စတင်ခဲ့ပြီး မင်ရည်ကို အသုံးပြု၍ စာရွက်ပေါ်တွင် အခြေခံမှတ်တမ်းမှတ်ယူသည့် မြေငလျင်စက် (Analog Seismometer) အမျိုးအစားများကို ၁၉၇၆ ခုနှစ်တွင် ရန်ကုန်မြို့၊ ၁၉၇၇ ခုနှစ်တွင် မန္တလေးမြို့၊ ၁၉၈၅ ခုနှစ်တွင် စစ်တွေမြို့နှင့် ထားဝယ်မြို့များတွင်လည်းကောင်း အသီးသီးတပ်ဆင် အသုံးပြု၍ မြန်မာပြည်သူများထံသို့ မြေငလျင်သတင်းများ စတင်ထုတ်ပြန်ပေးခဲ့သည်။ ထိုအချိန်အခါများမှစတင်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာပြည်သူလူထုအတွက် နေ့စဉ်မိုးလေဝသသတင်း၊ မြစ်ရေအခြေအနေများအပြင် ထပ်ဆောင်း၍ မြေငလျင်သတင်းကိုပါ ယနေ့အထိ မြေငလျင်မှတ်တမ်း ဖမ်းယူရရှိတိုင်း ထုတ်ပေးခဲ့သည်။ ယခင် အသုံးပြုနေသော Analog အမျိုးအစား မြေငလျင်တိုင်းစက်များသည် စာရွက်ဖြင့် အဓိကအသုံးပြုရသည့်အတွက် မြေငလျင်မှတ်တမ်း ဖမ်းယူရရှိသောအခါ သတ်မှတ်ထားသော မြေငလျင်လှိုင်းများရရှိပြီးဆုံးသည့်အထိ စောင့်ဆိုင်းပြီးမှသာ တွက်ချက်၍ တည်နေရာ ထုတ်ယူရသဖြင့် မြေငလျင်သတင်း ထုတ်ပြန်ပေးနိုင်ရန်မှာ အချိန်အတိုင်းအတာ အနည်းငယ်ကြာမြင့်ပေသည်။

၂၀၀၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံမှ OYO cooperation နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း အင်အားပြင်းမြေငလျင်အရှိန်များကို မှတ်တမ်းကောင်းများ ဖမ်းယူရရှိနိုင်ရန် ရည်ရွယ်၍ အင်အားပြင်း မြေထျင်အရှိန်တိုင်းစက် (Digital Strong Motion Accelerometer - SMA) ၁၀ လုံးကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မြစ်ကြီးနား၊ စစ်တွေ၊ မုံရွာ၊ ညောင်ဦး၊ မိတ္ထီလာ၊ ပြည်၊ ပဲခူး အစရှိသည့် မြို့များတွင် တပ်ဆင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် SMA တစ်လုံး နေပြည်တော်တွင် ထပ်မံတပ်ဆင်အသုံးပြုခဲ့ပါသည်။

၂၀၀၃ ခုနှစ်တွင် ယူနန်မြေငလျင်တိုင်းတာရေးဗျူရိုနှင့်ချိတ်ဆက်၍ အဝေးမှမြေငလျင်များကိုပါ တိုင်းတာရရှိနိုင်သည့် (Digital Broadband Seismometer) မြေငလျင်စက်နှစ်လုံးကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ထပ်မံတပ်ဆင်ခဲ့သည်။ ထိုနေရာတွင် စက်ပစ္စည်းရရှိတပ်ဆင်ကြသော်လည်း အသုံးပြုလုပ်ဆောင်မည့် တာဝန်ကျ ဝန်ထမ်း၊ ပညာရှင်များ၏ အရည်အသွေးသည်လည်း အရေးပါလာသည်။

သဘာဝဘေးအန္တရာယ်သည် နယ်နိမိတ်စည်းမျဉ်းမရှိသဖြင့် အိမ်နီးချင်းနိုင်ငံအချင်းချင်း နှစ်နိုင်ငံချစ်ကြည်ရေးအရသော်လည်းကောင်း၊ ကျွမ်းကျင်အဖွဲ့အစည်းများနှင့် ပညာရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်၍ တတ်နိုင်သည်များကို ပူးပေါင်း၍သော်လည်းကောင်း နိုင်ငံအလိုက် မြေငလျင်တိုင်းတာရေးကွန်ရက်များကို တိုးချဲ့လုပ်ဆောင်ကြရသည်။

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံအရှေ့မြောက်ဘက်ပိုင်း တရုတ်နိုင်ငံတွင် လူပေါင်းများစွာ သေကျေပျက်စီးခဲ့သည့် အင်အားပြင်းစီချွမ်မြေငလျင်ကြီး လှုပ်ပြီးနောက်ပိုင်းတွင် မြစ်ကြီးနားနှင့် နမ့်စန်မြို့တို့တွင် တရုတ်မြေငလျင်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ အဝေးမှမြေငလျင်များကို တိုင်းတာနိုင်သည့် Digital Broadband seismometer နှစ်လုံးကို မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းတပ်ဆင်ခဲ့သည်။ အိမ်နီးချင်းနိုင်ငံများတွင် အင်အားပြင်းမြေငလျင်များ လှုပ်ရှားလျှင်လည်း နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံတွင်းရှိ မြို့များအတွက်လည်း အန္တရာယ်ရှိစေနိုင်သဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများတွင် ယခုလို မြေငလျင်တိုင်းတာရေးစခန်းများကို ပူးပေါင်းတပ်ဆင်ခဲ့ကြသည်။ ဥပမာအနေဖြင့် ၂၀၀၄ ခုနှစ် ဆူနာမီဖြစ်ပြီးနောက်ပိုင်းတွင် ဂျာမနီနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ အကျိုးတူပူးပေါင်း၍ Digital Broadband seismometer မြေငလျင်စက်များကို အင်ဒိုနီးရှားနိုင်ငံတွင် မြေငလျင်စက်ပေါင်း ၁၀၀ ကျော်နီးပါး တပ်ဆင်ခဲ့ကြပြီး ဆူနာမီသတိပေးချက်ဗဟိုဌာနကို အဆင့်မြှင့်တင်ခဲ့ကြသည်။ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ၂၀၀၉ ခုနှစ်တွင် နေပြည်တော်၊ ပုသိမ်၊ ဘားအံမြို့တွင် Digital Broadband seismometer မြေငလျင်စက်များ ထပ်မံတင်ဆင်ပေးခဲ့သည်။

အနာဂတ် မြန်မာ့မြေငလျင်တိုင်းတာရေးကွန်ရက်

အတိတ်တွင်ရရှိခဲ့သော မြေငလျင်တိုင်းတာရေးကွန်ရက်စက်ပစ္စည်းများ၏ အတွေ့အကြုံများ၊ အခက်အခဲများကို အကောင်းဆုံးဖြေရှင်းနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနလက်အောက် မြေငလျင်ဌာနခွဲရှိ အမျိုးသားမြေငလျင်သတင်းအချက်အလက်ဗဟိုဌာနသည် အနာဂတ်မြေငလျင်တိုင်းတာရေးကွန်ရက်အား အဆင့်မြှင့်တင်နိုင်ရန်အတွက် ကမ္ဘာ့မြေငလျင်တိုင်းတာရေးလုပ်ငန်းများတွင် အတွေ့အကြုံများစွာရှိသော အမေရိကန်အခြေစိုက် အမေရိကန်ဘူမိဗေဒလေ့လာရေးဌာန(United State Geological Survey-USGS)နှင့်ပူးပေါင်း၍ USAID အထောက်အပံ့ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစတင်၍ နောက်ထပ် Broadband seismometer မြေငလျင်တိုင်း စက်ငါးလုံးကို ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ ဟားခါးနှင့် တမူးမြို့တို့တွင် ထပ်မံတပ်ဆင်ပြီးဖြစ်၍ ယခင်အသုံးပြုနေသည့် မြေငလျင်တိုင်းစက်များနှင့် တစုတစည်းတည်းပေါင်း၍ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် ထိုင်းနိုင်ငံအခြေစိုက် (Regional Integrated Multi-Hazad Early Warning System-RIMES) နှင့် ပူးပေါင်း၍ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း နောက်ထပ်မြေငလျင်စက်ရှစ်လုံးကို ပူတာအို၊ ကသာ၊ ရွှေဘို၊ ညောင်ဦး၊ တောင်ကြီး၊ ပြည်၊ တောင်ငူနှင့် ဂွမြို့တို့တွင် ထပ်မံတပ်ဆင်သွားမည်ဖြစ်ပြီး အတိတ်ကာလမှ ရှိပြီးသားမြေငလျင်စက်များနှင့် လာမည့်အနာဂတ်မြေငလျင်စက်များကို ပူးပေါင်း၍ ပြည်သူလူထုထံသို့ အချိန်မီမြေငလျင်သတင်းများရောက်ရှိနိုင်ရန် အနာဂတ်မြန်မာ့မြေငလျင်တိုင်းတာရေးကွန်ရက်ကို အဆင့်မြှင့်တင်ဖော်ဆောင်သွားမည်ဖြစ်သည်။

ထိုသို့ အနာဂတ်မြန်မာ့မြေငလျင်တိုင်းတာရေးကွန်ရက် တည်ဆောက်မှု ပြီးပြည့်စုံလာစေရန် ပြည်တွင်းဝန်ကြီးဌာနပေါင်းများစွာကလည်း ပူးပေါင်းပါဝင်ကူညီခဲ့ကြသည်။ နိုင်ငံတကာ မြေငလျင်တိုင်းတာရေးစခန်းများမှ သတင်းအချက်အလက်များကို နေပြည်တော် အမျိုးသားမြေငလျင်သတင်းအချက်အလက်ဗဟိုဌာနသို့ ရောက်ရှိလာစေရန် ဆက်သွယ်ရေး Public IP နှင့် Domain ရရှိရေး ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ပေးသည့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြေငလျင်ပစ္စည်းတင်သွင်းခွင့်များကို ပူးပေါင်းဆောင်ရွက်ပေးသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြေငလျင်စက်ပစ္စည်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးသည့် ဘဏ္ဍာရေးဝန်ကြီးဌာနအစရှိသော ဝန်ကြီးဌာနများစွာ ပူးပေါင်းပါဝင်ကူညီပေးကြသည်။ အဆိုပါ ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်ကူညီမှုကြောင့်လည်း အချိန်တိုအတွင်း မြန်မာ့မြေငလျင်တိုင်းတာရေးကွန်ရက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြစ်ပေသည်။

အမျိုးသားမြေငလျင်သတင်းအချက်အလက်ဗဟိုဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနလက်အောက်တွင်ရှိသည်အားလျော်စွာ ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များကို တတ်စွမ်းသလောက် မြေငလျင်ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်အတွက် အနာဂတ်မြေငလျင်တိုင်းတာရေးကွန်ရက်များကို အဆင့်မြှင့်တင်ရုံသာမက စွမ်းဆောင်ရည် မြှင့်မားလာစေရန်အတွက် ဂျာမနီနိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံအစရှိသည့် မြေငလျင် ဘာသာရပ်ဆိုင်ရာအတွေ့အကြုံရင့်ကျက်သည့် နိုင်ငံများနှင့်ပူးပေါင်း၍ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနေပြီဖြစ်ပါသဖြင့် အနာဂတ်တွင် အဆင့်မြင့်နိုင်ငံများနည်းတူ မြန်မာပြည်သူလူထုထံသို့ မြေငလျင်သတင်းများ ထုတ်ပြန်ပေးနိုင်ရန် ကြိုးစားလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။



မြန်မာနိုင်ငံအတွင်း တပ်ဆင်အသုံးပြုနေသည့် အမျိုးအစားမတူညီသော မြေငလျင်တိုင်းတာရေးစက်များနှင့် စခန်းများပြပုံ။



မြန်မာနိုင်ငံအတွင်း ပြင်းအားပမာဏ (Magnitude)ပေါ် မူတည်၍ အနက်တိမ်သော မြေငလျင်များ(အနီရောင်)နှင့် အနက်အသင့်အတင့်မှ အလွန်စောက်နက်သော မြေငလျင်(အစိမ်းရောင်)များ လှုပ်ရှားရာ မြေပြင်ဗဟိုချက်နေရာများပြပုံ။

ပြည်တွင်းရေးရာ

တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးကဏ္ဍတွင် တိုင်းပြည်မယိုင်လဲ၊ မပြိုကွဲစေရန် ပါဝင်နေခြင်းဖြစ်

နေပြည်တော် မတ် ၉

အနာဂတ်အစ်အမ်များ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးအမြင်များ ရရှိစေရန်အတွက် အပြန်အလှန်ပို့ချဆွေးနွေးခြင်း၊ စဉ်ဆက်မပြတ်လေ့လာခြင်း၊ စာတမ်းများရေးသားပြုစုခြင်းများဖြင့် အတွေ့အကြုံများစွာရရှိသည် အဖိုးတန်သင်တန်းတစ်ခုဖြစ်ပြီး လက်တွေ့နယ်ပယ်လုပ်ငန်းခွင်တွင်လည်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းခန်းမဆောင်၌ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအားတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးသမိုင်းနောက်ခံနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ရေးနှစ်ပေါင်းများစွာကတည်းက မြည်ထောင်စုသားများနှင့် စုစည်းတည်ဆောက်ထားသည် နိုင်ငံတစ်ခုဖြစ်ပြီး ဘုန်းမီးနေလ ထွန်းတောက်ခဲ့ကြောင်း၊ သို့သော် ဗြိတိသျှနယ်ချဲ့တို့၏ ကျူးကျော်စစ်များကြောင့် ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေးပါ ဆုံးရှုံးခဲ့ရပြီး ပြည်တွင်းသစ္စာဖောက်တို့၏ သစ္စာမဲ့သည်ဖြစ်ရပ်များကြောင့် နယ်ချဲ့များ ရတနာပုံနန်းတော်အထိ အလွယ်တကူ ဝင်ရောက်နိုင်ခဲ့ပြီး မိမိတို့ ထီးနန်းပျောက်ခဲ့ရကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးမှုကြောင့် တိုင်းပြည်၏နယ်မြေများ အပြောင်းအလဲဖြစ်ခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးနောက် လက်ရှိနယ်နိမိတ်အတိုင်း တည်မြဲနေအောင်၊ မပွန်းပဲ့ မပြိုကွဲအောင် တပ်မတော်နှင့်ပြည်သူတို့လက်တွဲ၍ ယနေ့ထိအောင် ထိန်းသိမ်းခဲ့ရကြောင်း။

လွတ်လပ်ရေးဆုံးရှုံးခဲ့ရမှု၏ အကျိုးဆက်များကို လွတ်လပ်ရေးရပြီးသည်တိုင် အချုပ်အခြာအာဏာ အဖြည့်အဝမရရှိဘဲ ဆက်လက်ခံစားခဲ့ရကြောင်း၊ **အတိတ်သမိုင်းမှရသည့်အတွေ့အကြုံများအရ ၎င်းအန္တရာယ်များကို ကျော်လွှားနိုင်ရန် လိုအပ်သည်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ရသည်ကို နားလည်ရန်**လိုကြောင်း။

လွတ်လပ်ရေးရပြီးနောက် ဝါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့ကြောင်း၊ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ကြားကာလတွင် ကမ္ဘာ့နိုင်ငံရေး၌ အရင်းရှင်စနစ်နှင့် ကွန်မြူနစ်၊ ဆိုရှယ်လစ်စနစ်နှစ်ခု အားပြိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ စစ်ရှုံးနိုင်ငံများ၊ လွတ်လပ်ရေးဆုံးရှုံးသည် နိုင်ငံအများစုသည် ကွန်မြူနစ်အယူအဆများကို လက်ခံခဲ့ကြကြောင်း၊ လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေးလုပ်ဆောင်သူများနှင့် တပ်မတော်ပိုင်းတွင်ပါ ယင်းအယူအဆများ အုပ်စုကွဲနေခဲ့ကြောင်း၊ အရင်းရှင်နှင့် ကွန်မြူနစ် အုပ်စုကြီးနှစ်ခု အထွင်းထွင်ပင် ထပ်မံ၍အုပ်စုများ ကွဲပြားနေသဖြင့် ပါလီမန် ဒီမိုကရေစီစနစ်ကျင့်သုံးသော်လည်း ရောပြွမ်းနိုင်ငံရေးစနစ်ဖြစ်နေသည်ကို တွေ့ရကြောင်း။

နိုင်ငံဖြတ်သန်းခဲ့ရသည့်သမိုင်းကြောင်းအရ လွတ်လပ်ရေးမရမီ ချုပ်ဆိုခဲ့သည် ပင်လုံစာချုပ်အပေါ် အခြေခံပြီးရေးဆွဲခဲ့သည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏အားနည်းမှုကြောင့် ပြည်ထောင်စုကြီးမပြိုကွဲစေရန် တပ်မတော်အနေဖြင့် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းအချိန်က နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် နိုင်ငံခြားသားများ၊ သွေးနှောများ၏ လက်ဝါးကြီးအုပ် လွှမ်းမိုးချုပ်ကိုင်မှုများသည်လည်း နိုင်ငံ၏အကျပ်အတည်းတစ်ခုအဖြစ် တွေ့ရကြောင်း၊ တော်လှန်ရေးကောင်စီခေတ်တွင်လည်း အရင်းရှင်စနစ်အုပ်စု၊ ကွန်မြူနစ်အုပ်စုနှင့် ဆိုရှယ်လစ်အုပ်စု စသည်ဖြင့် ကွဲပြားမှုများရှိခဲ့သော်လည်း ဆိုရှယ်လစ်စနစ်ကျင့်သုံးခဲ့ကြောင်း၊ ယင်းနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တစ်လျှောက်လုံးတွင် ဆိုရှယ်လစ်အုပ်ချုပ်မှုစနစ်၊ စီမံကိန်းစီးပွားရေးစနစ်ကျင့်သုံးခဲ့ကြောင်း၊ ၎င်းစနစ်တွင် နိုင်ငံတော်မှ တာဝန်ယူမှုကို ဇောင်းပေးထားသည့်အတွက် လူများ၏ အသိစိတ်ဓာတ်ဆိုင်ရာ အားနည်းချက်များ ဖြစ်ပေါ်စေသကဲ့သို့ အုပ်ချုပ်ရေးနှင့် စီးပွားရေးစီမံကိန်းများ အားနည်းခဲ့ကြောင်း၊ ယင်းအထွေထွေအားနည်းချက်များကြောင့် ၁၉၈၈ ခုနှစ်တွင် ဆူပူအုံကြွမှုကြီးဖြစ်ပေါ်ပြီး ပြည်သူတို့က ပါတီစုံဒီမိုကရေစီစနစ်ကို ထောင်းဆိုခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်က အခြေအနေအရပ်ရပ်ကို ဝင်ထိန်းသိမ်းခဲ့ပြီး ယင်းအချိန်မှစ၍ ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်ကာလထွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရန် နိုင်ငံရေးအခင်းအကျင်းများ ပြင်ဆင်ချထားခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျကြောင်း၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုမရှိပါက ပရမ်းပတာဒီမိုကရေစီသာ ဖြစ်နိုင်ကြောင်း၊ စည်းနှင့်ကမ်းနှင့် ဒီမိုကရေစီဖြစ်ရန်အတွက် ဥပဒေလေးစားလိုက်နာမှုသည် အရေးကြီးကြောင်း၊ ဒီမိုကရေစီစနစ်အား လက်ခံပါက၊ လေးစားမြတ်နိုးပါက၊ အမွန့်ရှည်စေလိုပါက စည်းကမ်းရှိရန်၊ ဥပဒေကို လေးစားလိုက်နာရန်လိုကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်းခန်းမဆောင်၌ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လက်ရှိကျင့်သုံးနေသည် ပါတီစုံဒီမိုကရေစီစနစ် ပထမအဆင့် ၅ နှစ်သက်ထမ်းတွင်လည်း တပ်မတော်အနေဖြင့် ယင်းလမ်းကြောင်းတွင် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းနိုင်ရန် ပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ တိုးတက်မှုများလည်းရရှိခဲ့ကြောင်း၊ ဆက်လက်လျှောက်လှမ်းရမည် ဒုတိယအဆင့်တွင်လည်း လက်ရှိအခြေအနေများမှ ယိမ်းယိုင်မှုကို လက်မခံနိုင်ကြောင်း၊ မိမိနိုင်ငံ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိဖြင့် ရပ်တည်နိုင်အောင် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများမှ ယုံကြည်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိထို့သွားနေသည်လမ်းကြောင်းပေါ်ထွင် မှန်ကန်စွာရပ်တည်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ထိန်းသိမ်းလုပ်ဆောင်သွားနိုင်ပါက လာမည် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း ယခုထက် တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍လည်း လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မဂျက်ဆက်ဆံရေး မူဝါဒများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းဆောင်ရွက်နေကြောင်း၊ မည်သည်နိုင်ငံ၊ မည်သည်အုပ်စု၏နောက်လိုက် မဟုတ်သကဲ့သို့ မိမိနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများသာရှိပြီး ရန်သူနိုင်ငံမရှိကြောင်း။

တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးကဏ္ဍတွင် တိုင်းပြည်မယိုင်လဲ၊ မပြိုကွဲစေရန် ပါဝင်နေခြင်းဖြစ်ကြောင်း၊ မိမိနိုင်ငံနှင့်ကိုက်ညီသည် ဒီမိုကရေစီစနစ်ကျင့်သုံးရာထွင် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျကြောင်း၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုမရှိပါက ပရမ်းပတာဒီမိုကရေစီသာ ဖြစ်နိုင်ကြောင်း၊ စည်းနှင့်ကမ်းနှင့် ဒီမိုကရေစီဖြစ်ရန်အတွက် ဥပဒေလေးစားလိုက်နာမှုသည် အရေးကြီးကြောင်း၊ ဒီမိုကရေစီစနစ်အား လက်ခံပါက၊ လေးစားမြတ်နိုးပါက၊ အမွန့်ရှည်စေလိုပါက စည်းကမ်းရှိရန်၊ ဥပဒေကို လေးစားလိုက်နာရန်လိုကြောင်း၊ ဒီမိုကရေစီကို ပံ့ဖော်နေသည့် ပြည်သူ ပြည်သားများ စည်းကမ်းနှင့် ဥပဒေကို လေးစားလိုက်နာရမည် ဖြစ်သကဲ့သို့ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်နေသည့်တပ်မတော်သားများအနေဖြင့်လည်း စည်းကမ်းနှင့်ဥပဒေကို စံနမူနာပြ လိုက်နာရမည်ဖြစ်ကြောင်း။

စီးပွားရေးသည် ထိုင်းပြည်တစ်ခု၏ အဓိကကျသည် မောင်းနှင်အားပင်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်မည်ဆိုပါက နိုင်ငံရေးထည်ငြိမ်မှုရှိမည်ဖြစ်ပြီး ကာကွယ်ရေးစွမ်းအားလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိမှုလည်း စီးပွားရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတို့သည် ထစ်ခုနှင့်ထစ်ခု ဆက်စပ်နေကြောင်း၊ မြန်မာနိုင်ငံ၏ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံသွားရန်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးအားကောင်းရန်လိုကြောင်း၊ နိုင်ငံတကာတွင် ထာဝရမိတ်ဆွေနိုင်ငံ၊ ထာဝရရန်သူနိုင်ငံဟူ၍မရှိဘဲ ထာဝရစီးပွားရေး၊ ထာဝရအကျိုးစီးပွားသာရှိကြောင်း၊ စီးပွားရေးအားကောင်းရန်အတွက် တိုင်းပြည်၏ပကတိအခြေအနေကို ပစ်ပယ်၍မရကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို သွားနေခြင်းဖြစ်ပြီး စည်းကမ်းနှင့်ဥပဒေသည် အရေးကြီးကြောင်း၊ စည်းကမ်းဆိုသည်မှာ အဖွဲ့အစည်းတစ်ခု၏ ထုတ်ပြန်သောတိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်ပြီး ဥပဒေဆိုသည်မှာ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်ကြောင်း၊ ဥပဒေသည် ပြင်းထန်ပြီး ကန့်သတ်ချက်၊ သတ်မှတ်ချက်နှင့် အရေးယူရန်ပုဒ်မများပါရှိကြောင်း၊ တပ်မတော်သားများအနေဖြင့် ၎င်းတို့ကိုသိရှိထားရန်နှင့် လိုက်နာရန်လိုအပ်ကြောင်း၊ တပ်မတော်၏စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို သိရှိနားလည်ရမည်ဖြစ်ပြီး နယ်ဘက်ဆိုင်ရာဥပဒေစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်သောမူဝါဒများကို နားလည်ထားရန် လိုအပ်ကြောင်း၊ နယ်စပ်ဒေသစီမံခန့်ခွဲရေးကိစ္စရပ်များကို နိုင်ငံအလိုက် သိရှိနားလည်အောင် လေ့လာထားရန်လိုကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီး ၇၉ ဦး တို့တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ ဧည့်ကြိုဆောင်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများနှင့် ရှေးခေတ်မြန်မာ့တပ်မတော် စတင်ပေါ်ပေါက်လာချိန်မှ စတင်၍ မျက်မောက်ကာလအထိ အကြောင်းအရာများကို ခင်းကျင်းပြသထားသည် စစ်သမိုင်းပြတိုက်နှင့် ထပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ မော်ကွန်းတိုက်မှူးနှင့် ထာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြခန်းများတွင် ရုပ်လုံးရုပ်ကြွများ ၊ ဓာတ်ပုံများ ထပ်မံဖြည့်တင်းပြသနိုင်ရေးနှင့် ယခုထက်ပိုမို အဆင့်မြင့်တင်၍ပြသနိုင်ရေး ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထူရကီနိုင်ငံသံအမတ်ကြီး H.E.Mr. Murat Yavuz Ates အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ရခိုင်ဖြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ စစ်ဘက်ဆက်ဆံရေး ဆောင်ရွက်မည့် အခြေအနေများအား ဆွေးနွေးကြသည်။

ထွေ့ဆုံပွဲသို့ ဒုထိယထပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုထိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းရေးရာ

ရွှေဖုံးမှ

"ကလေးတွေ စာကြိုးစားကြတာလည်း ပင်ပန်းလှပါတယ်။ နှစ်ချင်းပေါက် တစ်နှစ်တည်းနဲ့ အောင်စေချင်တယ်။ ဆယ်တန်းဆိုတာ သူတို့လေးတွေဘဝအတွက် အလွန်အရေးကြီးတာလေ။ ရပ်ဝေးမှာ ကျောင်းတက်ရတဲ့ သားသမီးတွေအတွက်ဆို မိဘတွေက ကျန်းမာရေးက အစ ပူပန်နေရတာ။ ခုစာမေးပွဲဖြေနေတဲ့အချိန်ဆို ကလေးတွေထက် မိဘတွေက ပိုပြီး ရင်ခုန်နေကြမယ်လို့ ထင်တယ်"ဟု ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးချစ်ဇော်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူ ၁၀၉၁၉၆ ဦးအတွက် စာစစ်ဌာန ၂၁၃ ခုရှိပြီး မကျန်းမာသော ကလေးငယ်များအတွက် ဆေးရုံစာစစ်ဌာနများအဖြစ် ရန်ကုန်ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဝေဘာဂီကူးစက်ရောဂါကုဆေးရုံအပြင် ပြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးကိုလည်း ယခုနှစ်တွင် စာစစ်ဌာနအဖြစ် အသစ်ထပ်မံဖွင့်လှစ်ပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

"ဒီနှစ်မှာတော့ ဆေးရုံစာစစ်ဌာန လေးခုရှိပါတယ်။ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ပုံမှန်အားဖြင့် ရန်ကုန်ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ဝေဘာဂီကူးစက်ဆေးရုံတွေက နှစ်စဉ်နှစ်တိုင်း ကလေးတွေ ကျန်းမာရေးနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအနေနဲ့ ကလေးတွေအတွက် စာမေးပွဲဖြေဆိုခွင့်ရအောင် စီစဉ်ပေးတဲ့နေရာတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်ကျတော့ ပိုပြီး ကလေးတွေအတွက် အဆင်ပြေအောင် ပြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးမှာလည်း စာဖြေဌာနတစ်ခု အသစ်ထပ်မံဖွင့်လှစ်ထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဒေါ်စန်းစန်းရီက ပြောသည်။

အခြေခံပညာရေးတွင် အမြင့်ဆုံးဖြစ်သည့် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရာ မြို့နယ်များရှိ စာစစ်ဌာနအသီးသီးတွင် တိုင်းဒေသကြီးမှ အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်၊ ဆရာမများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက "ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ကတော့ ကျောင်းသားတွေ စိတ်အေးချမ်းစွာဖြေဆိုနိုင်ဖို့ လုံခြုံရေးကိစ္စတွေမှာ အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်။ လိုအပ်တာတွေလည်း ပံ့ပိုးပေးနေပါတယ်။ လုံခြုံရေးအတွက် ကျောင်းတွေရဲ့အပြင်ဘက်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အကူအညီတောင်းထားပါတယ်။ ဘာမှ ပြစ်စရာတော့ မရှိပါဘူး။ ဒါပေမယ့် ကလေးငယ်တွေ စာမေးပွဲဖြေတဲ့အခါ အနှောင့်အယှက်ကင်းကင်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြေစေချင်လို့ပါ။ ကျောင်းတွေရဲ့အတွင်းပိုင်းမှာတော့ ဆရာ ဆရာမတွေက အမြဲစောင့်ကြပ်ပေးနေပါတယ်"ဟု ပြောသည်။

ထို့ပြင် စာမေးပွဲဖြေဆိုရမည့် မေးခွန်းများနှင့် ပတ်သက်၍ ပေါက်ကြားမှုမရှိစေရန် ပညာရေးဝန်ကြီးဌာနမှ မေးခွန်းလုံခြုံရေးအတွက် အထူးအစီအမံ အထပ်ထပ်များဖြင့် ပြုလုပ်ထားရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသားကျောင်းသူများ အထူးသတိထားရှောင်ရှားရမည့်ကိစ္စမှာ စာမေးပွဲရက်အတွင်း အလျှိုလျှိုထွက်ပေါ်လာတတ်သည့် အနီးကပ်ခန့်မှန်းမေးခွန်းများပင်ဖြစ်သည်။ အဆိုပါ ခန့်မှန်းမေးခွန်းများကို နားယောင်မိသော ကလေးများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်သည့်အတွက် စာကိုကြိုးစားကျက်မှတ်ဖြေဆိုသင့်ကြောင်း ညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းစန်းရီက တိုက်တွန်းပြောဆိုထားသည်။

"မေးခွန်းထုတ်တာကတော့ အဆင့်မြင့်ပညာဦးစီးဌာနက မေးခွန်းပြုစုရတာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းမေးခွန်းက သတ်မှတ်တဲ့သင်ရိုးထဲကပဲ တက္ကသိုလ်အသီးသီးက ပါမောက္ခတွေ ပြုစုထားတဲ့မေးခွန်းပါ။ သင်ရိုးညွှန်းတမ်းနဲ့အညီပါ။ ဒါကြောင့် ကလေးတိုင်းဟာ တစ်နှစ်လုံး ကိုယ့်ဆရာ ဆရာမတွေ လေ့ကျင့်ပေးထားတာကိုသာ ကျက်မှတ်ပြီးဖြေမယ်ဆိုရင် အောင်မြင်မှာပါ။ ဘယ်ခန့်မှန်းမှ လိုက်စရာမလိုပါဘူး၊ ခန့်မှန်းဖြစ်တဲ့အတွက် ခန့်မှန်းကိုလိုက်ရင် အဲဒီခန့်မှန်းက တည့်တည့်မတိုးခဲ့ရင် ကိုယ့်ဘဝတစ်ခုလုံး နစ်နာသွားနိုင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းစန်းရီက ပြောသည်။

ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အထက (၂) ဒဂုံမှ ဒသမတန်းကျောင်းသား မောင်ဝေယံအောင်က "စာမေးပွဲမဖြေခင်တစ်ပတ်၊ နှစ်ပတ်လောက်ကတည်းက ဆရာမတွေ သင်ပေးထားတဲ့စာတွေ ပြန်နွှေးပြီးသားပါ။ စာမေးပွဲဖြေခါနီးလေ စိတ်လှုပ်ရှားလေပါပဲ။ ခန့်မှန်းမေးခွန်းတို့၊ အွန်လိုင်းတွေပေါ်မှာတွေ့တဲ့ မေးခွန်းတို့ဆိုတာ ဘာမှ မသေချာပါဘူး။ အတုအယောင်တွေပဲနေမှာပါ။ ကျွန်တော်က မယုံပါဘူး။ ကိုယ်ကျက်လို့ရထားတဲ့စာလောက် ဘာမှ မသေချာပါဘူး"ဟု ဖြေသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့ နံနက်ပိုင်းက စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် မြန်မာနိုင်ငံအတွင်းရှိ စာစစ်ဌာန ၁၄၅၁ ခု အပါအဝင် စာစစ်ဌာန စုစုပေါင်း ၁၄၆၇ ခု ဖွင့်လှစ်ထားရှိပြီး နိုင်ငံခြားစာစစ်ဌာန ၁၆ ခုတွင် ဖြေဆိုရန် စာရင်းသွင်းဦးရေ ၉၇ ဦး အပါအဝင် ဖြေဆိုရန် စာရင်းသွင်းဦးရေ စုစုပေါင်း ၆၇၁၆၇၀ ဦးရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြေဆိုရန် စာရင်းပေးထားသူ ၆၇၁၅၇၃ ဦးအနက် ယနေ့ဖြေဆိုသူ စုစုပေါင်း ၆၃၆၁၄၅ ဦးရှိပြီး ဖြေဆိုရန် ပျက်ကွက်သူ ဦးရေ ၃၅၄၂၈ ရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ နေပြည်တော်၌ ၁၇၄၉၀၊ ကချင်ပြည်နယ်၌ ၂၇၁၉၂ ဦး၊ ကယားပြည်နယ်၌ ၄၆၃၃ ဦး၊ ကရင်ပြည်နယ်၌ ၁၃၅၆၁ ဦး၊ ချင်းပြည်နယ်၌ ၉၈၄၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၈၁၈၀၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁၅၇၆၈ ဦး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၌ ၃၂၂၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၌ ၁၉၄၀၁ဦး၊ မကွေးတိုင်းဒေသကြီး၌ ၆၀၄၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၉၁၆၈၇ ဦး၊ မွန်ပြည်နယ်၌ ၁၉၆၈၁ ဦး၊ ရခိုင်ပြည်နယ်၌ ၃၄၈၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၀၁၇၆၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ၃၈၈၃ ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၂၂၉၆၂ ဦး၊

စာမျက်နှာ ၉ ကော်လံ ၁ သို့

ရန်ကုန်ဆေးရုံကြီးစာဖြေဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသူတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

အထက(၆) ဗိုလ်တထောင်မြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

အထက(၁) မြဝတီမြို့မှ ထက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်လင်းအောင်(မြန်/ဆက်)

အထက(၁) မိုးကုတ်မြို့မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-နေဝါ(မိုးကုတ်)

ပြည်တွင်းရေးရာ

○ကျောဖုံးမှ

အပိုစုအဖွင့်ပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ထားသည် ဧရာဝတီအသင်းမှာ ယခုပွဲတွင် နိုင်ပွဲရရှိရေးအတွက် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ဧရာဝတီအသင်းမှာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး လာအိုတိုယိုတာအသင်းမှာ အဝေးတွင်းတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ပေ။ ပွဲအစပိုင်းတွင် ဧရာဝတီအသင်းမှာ ဂိုးသွင်းခွင့်များအသုံးမချနိုင်ခဲ့သော်လည်း ၂၀ မိနစ်တွင် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ဂိုးပေါက်ပျောက်နေသည့် တိုက်စစ်မှူး ခရစ္စတိုဖာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ဧရာဝတီအသင်း ပွဲကိုပိုမိုစိုးမိုးနိုင်ခဲ့ပြီး ၃၂ မိနစ်တွင် ခရစ္စတိုဖာက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် လာအိုတိုယိုတာအသင်း တိုက်စစ်အားမြင့်လာ၍ ပွဲမှာအပြန်အလှန်ရှိလာခဲ့သည်။ ၅၅ မိနစ်တွင် တိုက်စစ်မှူး ခရစ္စတိုဖာက ဟက်တရစ်ဂိုးသွင်းယူခဲ့ပြီး ၆၄ မိနစ်တွင် ခန်သာဖောင်တ လာအိုတိုယိုတာအတွက် ပထမချေပဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် လာအိုအသင်းချေပဂိုးရရှိနိုင်သည့်အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ၇၇ မိနစ်တွင် အောင်ကျော်နိုင်၏ စတုတ္ထဂိုး သွင်းယူခြင်းကို ခံခဲ့ရသည်။ ထာအိုတိုယိုတာအသင်းအတွက် ဒုတိယချေပဂိုးကို ၈၈ မိနစ်တွင် ခန်သာဖောင်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။

မော်လ်ဒိုက်နိုင်ငံ Male ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသည် မာဇီယာအသင်းနှင့် ရန်ကုန်အသင်းတို့ပွဲတွင် တစ်ဂိုးစီသရေကျခဲ့သည်။ ရန်ကုန်အသင်းမှာ အမာခံကစားသမားအများအပြားဖြင့် ပွဲတွက်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသော်လည်း ၆၄ မိနစ်တွင် အာမက်က မာဇီယာအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ရန်ကုန်အတွက်ချေပဂိုးကို ၈၇ မိနစ်တွင် ကျော်ကိုကိုက သွင်းယူပေးခဲ့သည်။

ကော့သောင်းတွင် လှေနစ်မြုပ်မှုအား တပ်မတော်(ရေ)မှ ကယ်ဆယ်ရေးဆောင်ရွက်

နေပြည်တော် မတ် ၉

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့တွင် အခြေပြု၍ ခရီးသွားလုပ်ငန်းလုပ်ကိုင်လျက်ရှိသော Myanmar Andaman Resort ကုမ္ပဏီမှ လုပ်ငန်းသုံးလှေတစ်စင်းသည် မတ် ၇ ရက်ညနေ ၅ နာရီခွဲတွင် ကော့သောင်းမြို့၏ မြောက်ဘက် ငါးမိုင်ခန့်အကွာ ဇာဒက်ငယ်ကျွန်း၏ အရှေ့တောင်ဘက်အနီး ပင်လယ်ပြင်၌ လှေအတွင်းရေဝင် နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။ ၎င်းလှေပေါ်တွင်လိုက်ပါလာသူနှစ်ဦးအား တနင်္သာရီရေတပ်စခန်းဌာနချုပ်ကွပ်ကဲမှု အောက်ရှိ စစ်ရေယာဉ်တစ်စင်းမှ တပ်မတော်သားများက ရှာဖွေကယ်ဆယ်မှု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။**(ယာပုံ)** **(သတင်းစဉ်)**

⚙ **စာမျက်နှာ ၈ မှ**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ၁၄၄၈၉ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ၆၄၅၀၁ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စာစစ်ဌာန ၂၀၃ ခု ဖွင့်လှစ်ထားရှိရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာန၌ ဖြေဆိုရန် လူနာစာဖြေသူလေးဦးစာရင်းပေးထားရာ လေးဦး စလုံးကိုယ်တိုင် ဖြေဆိုကြပြီး မြောက်ဥက္ကလာပဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေသူ နှစ်ဦးစာရင်းပေးထားရာ နှစ်ဦးစလုံး ကိုယ်တိုင်ဖြေဆိုကြောင်းသိရသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)နှင့် မြောက်ဥက္ကလာပ (ဝေဘာဂီ)ကူးစက်ရောဂါကုဆေးရုံတို့တွင် စာစစ်ဌာနများ ဖွင့်လှစ်ထားရှိသော်လည်း ဝင်ရောက်ဖြေဆိုသူမရှိကြောင်း သိရသည်။အဆိုပါ ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံစာစစ်ဌာန(၄)ခုအတွက် ကြီးကြပ်ရေးမှူးတစ်ဦးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများကို သီးခြားခန့်အပ်တာဝန်ပေးဆောင်ရွက်ထားကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံစာစစ်ဌာနများတွင်မှ ချင်းပြည်နယ်၌ သုံးဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ လေးဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၅ ဦး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၌ ခုနစ်ဦးနှင့် တနင်္သာရီတိုင်းဒေသကြီး၌ လေးဦးရှိကြောင်း သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် စာစစ်ဌာနတွင် အကျဉ်းသား/အချုပ်သား စာဖြေသူ ၁၉ ဦး စာရင်းတင်သွင်းထားပြီး အားလုံးဖြေဆိုကြောင်းသိရသည်။

အတက(ခွဲ)အလက(၁၂)အင်းစိန် စာစစ်ဌာနတွင် မျက်မမြင်စာဖြေသူ ကိုးဦးနှင့် အတက(၂) ကြည်မြင်တိုင် စာစစ်ဌာနတွင် မျက်မမြင်စာဖြေသူ ၁၃ ဦး စာရင်းတင်သွင်းထားရာ အားလုံးဖြေဆိုပြီး အထက(၂)ဒဂုံ စာစစ်ဌာနတွင် ဆွံ့အနားမကြား စာဖြေသူ ၁၁ ဦး စာရင်းတင်သွင်းထားရာ အားလုံးဖြေဆိုကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုယ်လက်အင်္ဂါမသန်စွမ်း စာဖြေသူများသည် အထက(၁) သင်္ဃန်းကျွန်း စာစစ်ဌာန၌ တစ်ဦး၊ အတက(၄)သင်္ဃန်းကျွန်း၌ တစ်ဦး၊ အထက(၄) ဗိုလ်တထောင်၌တစ်ဦး၊ အထက(၁)ဗထန်း၌ တစ်ဦး၊ အတက(၃)ဒဂုံမြို့သစ်(ဆိပ်ကမ်း)၌ တစ်ဦး၊ အတက(၂)တာမွေ၌တစ်ဦး၊ အတက(၂)လှိုင်သာယာ၌ နှစ်ဦး၊ အတက(၄)လှိုင်သာယာ၌တစ်ဦး၊ အတက(၈) လှိုင်သာယာ၌ တစ်ဦး၊ အတတ(၁)မြောက်ဥက္ကလာ၌ တစ်ဦး၊ အတက(၆)အင်းစိန်တွင် တစ်ဦး၊ အတက(၆) အလုံ၌တစ်ဦးနှင့် အတက(၂)ကမ်းခြံကုန်း၌ တစ်ဦး စုစုပေါင်း ၁၄ ဦး စာရင်းတင်သွင်းထားပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၄၁ ဦး စာရင်းပေးထားရာ တစ်ပြည်လုံးတွင် ကိုယ်လက်အင်္ဂါမသန်စွမ်းစာဖြေသူ ၅၅ ဦးရှိကြောင်း သိရသည်။

အထက(၁)မြောင်းမြစာစစ်ဌာနတွင် ကွန်ပျူတာဖြင့် စာမေးပွဲဝင်ရောက်ဖြေဆိုမည့် မသန်စွမ်းကျောင်းသူတစ်ဦးအား အချိန်ပို မိနစ် ၃၀ ပေး၍ ဖြေဆိုစေခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများသို့ ဆက်သွယ်မေးမြန်းခဲ့ရာ စာစစ်ဌာနများတွင် ယနေ့စစ်ဆေးသော မြန်မာစာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ကြကြောင်း သိရသည်။

သို့ပါ၍ ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေကြသည် ကျောင်းသား၊ ကျောင်းသူလေးများသည် စာမေးပွဲရက်အတွင်း အနီးတပ်တွက်ရှိထာသည် ခန့်မှန်းမေးခွန်းများကို ရှောင်ရှားကာ တစ်နှစ်ပတ်လုံး ကျက်မှတ်လေ့လာထားသည့် ဘာသာရပ်များကို ရက်ပိုင်းအတွင်းဖြေဆိုရသည့် စာမေးပွဲတွင် ကောင်းမွန်စွာဖြေဆိုနိုင်ကြပြီး တက္ကသိုလ်ဝင်တန်းလှေကားထစ်ကို အသာတကြည် ကျော်ဖြတ်နိုင်သည့် ဘဝ၏အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်သော၊ အောင်မြင်မှုအပြုံးပန်းကို ဆင်မြန်းနိုင်သော ကျောင်းသား၊ ကျောင်းသူများဖြစ်ကြပါစေကြောင်းနှင့် တစ်နိုင်ငံလုံး စာမေးပွဲဖြေဆိုသည် ကျောင်းသား၊ ကျောင်းသူများ၏ အောင်ချက်ရာခိုင်နှုန်းမှာ ၂၀၁၆ ခုနှစ်အတွက် ရာနှုန်းပြည်မီကြနိုင်ပါစေဟု ဆန္ဒပြုလျက်။ ။

❖

မဟာမန္တလာ အင်္ဂါးအိမ်ရာမဲနှိုက်မည်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မြေတိုင်းရပ်ကွက် (၁၄၀/၂) အမှတ် (၂) လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ မဟာဗန္ဓုလ အင်္ဂါးအိမ်ရာစီမံကိန်းမှ တိုက်ခန်းများအား ငှားရမ်းခွင့်လျှောက်ထားလာသည့် လျှောက်လွှာများကို ဒဂုံမြို့နယ် ရင်စောပုလမ်းရှိ Myanmar Event Park (MEP) ၌ မတ် ၁၃ရက် နံနက် ၉နာရီမှစ၍ မဲနှိုက်ပေးမည်ဖြစ်သဖြင့် လျှောက်ထားသူ ကာယကံရှင်များကိုယ်တိုင် လာရောက်ကြည့်ရှုနိုင်ပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖိတ်ခေါ်ထားကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား (၉-၃-၂၀၁၆)

ဘာသာ-မြန်မာစာ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စာစစ်ဌာန အရေအတွက်	စာရင်းရှိ ကျား	စာရင်းရှိ မ	စာရင်းရှိ ပေါင်း	ဖြေဆို ကျား	ဖြေဆို မ	ဖြေဆို ပေါင်း	ဖြေဆိုသည့် ရာခိုင်နှုန်း	ပျက်ကွက် ကျား	ပျက်ကွက် မ	ပျက်ကွက် ပေါင်း	ပျက်ကွက် ရာခိုင်နှုန်း	မှတ်ချက်
၁	ကချင်	၅၉	၁၁၀၀၇	၁၇၆၅၇	၂၈၆၇၄	၁၀၂၁၁	၁၆၉၈၁	၂၇၁၉၂	၉၄. ၈၃	၈၀၆	၆၇၆	၁၄၈၂	၅. ၁၇	
၂	ကယား	၁၄	၁၇၅၈	၃၁၁၉	၄၈၇၇	၁၆၃၃	၃၀၀၀	၄၆၃၃	၉၅. ၀၀	၁၂၅	၁၁၉	၂၄၄	၅. ၀၀	
၃	ကရင်	၃၃	၅၂၈၆	၉၁၃၀	၁၄၄၁၆	၄၈၃၂	၈၇၂၉	၁၃၅၆၁	၉၄. ၀၇	၄၅၄	၄၀၁	၈၅၅	၅. ၉၃	
၄	ချင်း	၂၃	၄၆၇၂	၆၅၁၆	၁၁၁၈၈	၄၀၃၇	၅၈၀၆	၉၈၄၃	၈၇. ၉၈	၆၃၅	၇၁၀	၁၃၄၅	၁၂. ၀၂	
၅	စစ်ကိုင်း	၁၇၈	၃၅၈၄၉	၄၉၂၄၀	၈၅၀၈၉	၃၄၀၂၉	၄၇၇၇၉	၈၁၈၀၈	၉၆. ၁၄	၁၈၂၀	၁၄၆၁	၃၂၈၁	၃. ၈၆	
၆	တနင်္သာရီ	၃၈	၅၉၂၂	၁၀၆၄၀	၁၆၅၆၂	၅၅၁၀	၁၀၂၅၈	၁၅၇၆၈	၉၅. ၂၀	၄၁၂	၃၈၂	၇၉၄	၄. ၇၉	
၇	ပဲခူး	၁၁၇	၂၂၉၈၂	၃၁၆၂၄	၅၄၆၀၆	၂၁၂၅၇	၃၀၃၆၆	၅၁၆၂၃	၉၄. ၅၄	၁၇၂၅	၁၂၅၈	၂၉၈၃	၅. ၄၆	
၈	မကွေး	၁၂၀	၂၇၆၉၇	၃၅၁၅၂	၆၂၈၄၉	၂၆၁၇၉	၃၄၂၅၈	၆၀၄၃၇	၉၆. ၁၆	၁၅၁၈	၈၉၄	၂၄၁၂	၃. ၈၄	
၉	မန္တလေး	၁၆၅	၄၂၅၉၄	၅၃၀၆၂	၉၅၆၅၆	၄၀၂၁၇	၅၁၄၇၀	၉၁၆၈၇	၉၅. ၈၅	၂၃၇၇	၁၅၉၂	၃၉၆၉	၄. ၁၅	
၁၀	မွန်	၄၈	၇၈၆၈	၁၂၈၆၁	၂၀၇၂၉	၇၃၀၉	၁၂၃၇၂	၁၉၆၈၁	၉၄. ၉၄	၅၅၉	၄၈၉	၁၀၄၈	၅. ၀၆	
၁၁	ရခိုင်	၁၀၄	၁၈၁၂၂	၁၉၀၈၉	၃၇၂၁၁	၁၆၇၇၈	၁၈၀၄၄	၃၄၈၂၂	၉၃. ၅၈	၁၃၄၄	၁၀၄၅	၂၃၈၉	၆. ၄၂	
၁၂	ရန်ကုန်	၂၀၃	၅၀၉၆၈	၅၈၂၂၈	၁၀၉၁၉၆	၄၆၅၉၄	၅၅၁၇၁	၁၀၁၇၆၅	၉၃. ၁၉	၄၃၇၄	၃၀၅၇	၇၄၃၁	၆. ၈၁	
၁၃	ရှမ်း	၁၁၀	၁၆၄၅၅	၂၇၁၆၂	၄၃၆၁၇	၁၅၂၃၈	၂၆၀၉၆	၄၁၃၃၄	၉၄. ၇၇	၁၂၁၇	၁၀၆၆	၂၂၈၃	၅. ၂၃	
၁၄	ဧရာဝတီ	၁၉၆	၃၀၆၂၄	၃၇၇၉၇	၆၈၄၂၀	၂၈၀၉၉	၃၆၃၀၂	၆၄၅၀၁	၉၄. ၂၇	၂၅၂၅	၁၄၉၅	၃၉၂၀	၅. ၇၃	
၁၅	နေပြည်တော်	၃၃	၈၁၅၈	၁၀၃၂၄	၁၈၄၈၂	၇၅၈၃	၉၉၀၇	၁၇၄၉၀	၉၄. ၆၃	၅၇၅	၄၁၇	၉၉၂	၅. ၃၇	
၁၆	*နိုင်ငံခြား	၁၆	၄၃	၅၄	၉၇	၄၃	၅၄	၉၇	၁၀၀. ၀၀	၀	၀	၀	၀. ၀၀	
	စုစုပေါင်း	**၁၄၆၇**	**၂၉၀၀၀၅**	**၃၈၀၆၅၅**	**၆၇၀၆၇၀**	**၂၆၉၆၄၉**	**၃၆၆၅၉၃**	**၆၃၆၂၄၂**	**၉၄. ၃၃**	**၂၀၃၆၆**	**၁၄၀၆၂**	**၃၄၄၂၈**	**၅. ၂၇**	

မှတ်ချက်။ ။ * သံရုံးများမှ စာရင်းပေးပို့မှုကို လက်ခံရရှိပါက ဆက်လက်ဖော်ပြပါမည်။

ဧရာဝတီမြစ်မှ

“မြစ်ထဲကို ရွှေတူးတာလည်း ခွင့်မပြုဘူး။ မြစ်ကနေ ပေ ၃၀၀ အတွင်းမှာလည်း ရွှေတူးတာ ခွင့်မပြုဘူး။ ကန်းဘက်တွေမှာ ရွှေတူးပြီး စွန့်ပစ်လိုက်တဲ့ အနည်အနှစ်တွေက ချောင်းပြောင်းတွေကတစ်ဆင့် မြစ်ထဲရောက်လာတယ်။ အဲဒီ အနည်အနှစ်တွေက မြစ်ထဲမှာ သောင်ထွန်းတာပါ။ ကုန်းတွင်းဘက်ပိုင်းမှာ လုပ်တဲ့ရွှေလုပ်ကွက်တွေက ထွက်တဲ့ မြေစာတွေကို မြစ်ထဲမစွန့်ပစ်ဖို့ တားမြစ်ထားတယ်။ အားလုံးထိန်းဖို့ကတော့ခက်တယ်”ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦးက ပြောသည်။

“လုပ်ငန်းရှင်တွေအနေနဲ့ သတ်မှတ်ထားတဲ့နေရာတွေမှာ စွန့်ပစ်ဖို့၊ မြစ်ထဲကိုမစွန့်ပစ်ဖို့ လိုအပ်တယ်။ စည်းကမ်းမဲ့စွန့်ပစ်တာတွေ့ရင် နေရာအသီးသီးက သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့လည်း တားဆီးဖို့ လိုအပ်တယ်။ တားဆီးတဲ့အထဲက ဆက်လုပ်ရင်တော့ ဥပဒေအရ အရေးယူရမှာပါ။ သတ်မှတ်ထားတဲ့၊ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေရှိပါတယ်”ဟု ဦးကိုကိုဦးက ပြောသည်။

ဧရာဝတီမြစ်သည် ကချင်ပြည်နယ် မြစ်ကြီးနားမှ ရန်ကုန် တံ့တေးတူးမြောင်းဝအထိ ကီလိုမီတာ ၁၅၀၀ ကျော်ရှည်လျားပြီး ဗန်းမော်မှ ရန်ကုန်အထိ ဧရာဝတီ မြစ်ကြောင်း ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြို့ရွာများ ရေတိုက်စားမှုမရှိစေရေးအတွက် အဓိကဦးစားပေး ဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အုပ်စု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေက ချေးငွေဒေါ်လာသန်း ၁၀၀ ကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလက ကူညီရန်သဘောတူခဲ့ကြောင်း ကမ္ဘာ့ဘဏ်မှ သိရသည်။

မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ လေ့လာမှုများနှင့် သတိပေးစနစ်များကို ခေတ်မီအောင် ပြုလုပ်ခြင်းဖြင့် ရာသီဥတုဆိုးရွားသည့် အန္တရာယ်ကျရောက်နေသည့်ဒေသများကို ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ရေကြောင်းမောင်းနှင်သွားလာမှုကို ကူညီပံ့ပိုးရန်နှင့် ရေကြောင်းပို့ဆောင်ရေးကို ပိုမိုဘေးကင်းပြီး စီးပွားရေးအရ ပိုမိုအလားအလာကောင်းအောင် လုပ်ဆောင်ရန်အတွက်ပါ ကမ္ဘာ့ဘဏ်က ရည်ရွယ်ထားကြောင်း သိရသည်။

“ဒီစီမံကိန်းက မြန်မာနိုင်ငံအတွက် ရေအရင်းအမြစ်တွေကို ရေရှည်တည်တံ့ဖို့ ရေအသုံးချမှု မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးနဲ့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ရာမှာ ငွေကြေးထောက်ပံ့ကူညီနိုင်တဲ့အတွက် လယ်ယာထွက်ကုန်တွေနဲ့ မြစ်ကြောင်းတစ်လျှောက်မှာနေထိုင်တဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ သိသိသာသာ တိုးတက်စေလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် မစ္စတာ အဗ္ဗဒူလာရေဆတ်က ဆိုသည်။

“ဒေါ်လာသန်း ၁၀၀ ချေးငွေထဲကမှ သုံးပုံတစ်ပုံကိုပဲ ဧရာဝတီမြစ်ရေလမ်းကြောင်း ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်မှာပါ။ ကျန်တာကို လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့ မိုးလေဝသနဲ့ဇလဗေဒအတွက်အသုံးပြုမယ်။ လက်ရှိ အသေးစားစီမံကိန်းအနေနဲ့ ဧရာဝတီမြစ် မန္တလေးနဲ့ညောင်ဦးကြား ရေလမ်းကြောင်းကောင်းဖို့ ရေအနက်ပိုမိုရရှိဖို့ ဆောင်ရွက်နေပါတယ်”ဟု ဦးကိုကိုဦးက ဆိုသည်။

“ Pilot Project အနေနဲ့လည်း မန္တလေးအထက်မင်းကွန်း၊ မန္တလေးနဲ့စစ်ကိုင်းကြားမှာ လုပ်ဖို့ဆောင်ရွက်နေတယ်။ ကမ္ဘာ့ဘဏ်ရဲ့စံနှုန်းသတ်မှတ်ချက်လည်းရှိတယ်။ စံနှုန်းသတ်မှတ်ချက်နဲ့လည်းညီအောင် EIA၊ SIA အပိုင်းတွေဆောင်ရွက်နေတယ်။ လောလောဆယ်တော့ မစနိုင်သေးဘူး”ဟု ၎င်းက ပြောသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် မြစ်ရေတင်လုပ်ငန်းနေရာများတွင် ရေအမြဲတမ်းရရှိစေရန်အတွက် သောင်တူးမြောင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေရကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြစ်ချောင်းများအတွင်းမှ သဲ၊ကျောက်စလစ် တူးဖော်စုပ်ယူခြင်းကလည်း ကမ်းပါးပြိုမှုများကို ဖြစ်ပေါ်စေနိုင်သည့်အတွက် လုပ်ငန်းရှင်များ၏ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် တင်ပြလာသည့် လျှောက်လွှာများအပေါ် ရေလမ်းကြောင်းနှင့်လှတ်ကင်းမှု ရှိ၊ မရှိ၊ ကမ်းပါးပြိုမှုဖြစ်ပွားနိုင်မှု ရှိ၊ မရှိ၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု ရှိ၊ မရှိအပေါ် ကွင်းဆင်းစစ်ဆေးပြီး သဘောထားမှတ်ချက်များပေးရကြောင်း သိရသည်။

“ရေကြောင်းကျပ်တဲ့နေရာမှာရှိတဲ့ သဲတွေကတော့ ရှင်းဖို့လိုတယ်။ တချို့နေရာတွေကျတော့ သဲကောင်းကောင်း၊ ကျောက်စလစ်ကောင်းကောင်းလိုချင်တဲ့အတွက် ကမ်းပါးနဲ့နီးတဲ့နေရာတွေမှာ စုပ်ရင်ကမ်းပြိုမှုတွေ ဖြစ်လာနိုင်တယ်”ဟု ဦးကိုကိုဦးက ပြောသည်။

ဧရာဝတီမြစ်သည် တစ်နှစ်ထက်တစ်နှစ် အနည်နှန်းပိုချမှုကြောင့် သောင်ထွန်းမှုများ များပြားလာကြောင်း၊ နှစ် ၂၀ ဝန်းကျင်ခန့် ထိန်းသိမ်းရန် အားနည်းခဲ့သည့်အတွက် ဧရာဝတီမြစ် ပြန်လည်ဖွံ့ဖြိုးရန် အချိန်ယူရမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှသိရသည်။

“ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းဖို့အတွက် အချိန်ယူရမယ်။ ဘတ်ဂျက်အများကြီးချပေးလို့လည်း အမြန်အဆန် လုပ်လို့မရဘူး။ အချိန်ယူပြီးလုပ်ရမှာ။ ဌာနဆိုင်ရာတွေ အပြင်ပညာရှင်တွေ၊ ပြည်သူတွေအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုသလို နည်းပညာနဲ့ရန်ပုံငွေလည်းလိုတယ်။ ဧရာဝတီမြစ်ဖွံ့ဖြိုးဖို့ဆိုတာ သမိုင်းပေးတာဝန်တစ်ခုပါ”ဟု ဦးကိုကိုဦးက ဆိုသည်။

မြန်မာနိုင်ငံရာသီဥတုအရ နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အတွင်း မြစ်ချောင်းများအတွင်း ရေနည်းကာလ သတ်မှတ်ထားပြီး မေ ၁၅ ရက်မှ နိုဝင်ဘာ ၁၅ ရက်အတွင်း မြစ်ချောင်းများအတွင်း ရေများကာလအဖြစ် သတ်မှတ်ထားကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကုန်ပစ္စည်းများသယ်ယူရာတွင် မန္တလေးမှ ရန်ကုန်အထိ ကုန်းလမ်းမှ ကားဖြင့်သယ်ယူမည်ဆိုပါက တစ်တန်လျှင် ကျပ် ၂၂၀၀၀ ကုန်ကျမည်ဖြစ်ပြီး ရေလမ်းခရီးသဘောဖြင့် သယ်ယူပါက တစ်တန်လျှင် ကျပ် ၆၀၀၀ ကုန်ကျမည်ဖြစ်၍ ရေလမ်းခရီးက ကုန်ကျစရိတ်ပိုမိုသက်သာကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က တွက်ချက်လေ့လာသုံးသပ်ထားကြောင်း သိရသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေလမ်းကြောင်းများ ပိုမိုကောင်းမွန်စေရန် မြစ်ထဲတွင်သွားလာနေသည့် သင်္ဘောနှင့် မော်တော်များ ရေစီးများများရရှိပြီး ကုန်အလေးချိန် ပိုမိုတင်ဆောင်သွားလာနိုင်ရန်၊ မြို့၊ ရွာများရေတိုက်စားမှုမရှိစေရန်၊ ဆိပ်ကမ်းများ အကြိမ်ကြိမ်ပြောင်းရွှေ့မှု မရှိစေရန်၊ နယ်စပ်မြို့များတွင် နယ်နိမိတ်မဆုံးရှုံးစေရန်၊ မြစ်ရေကို စိုက်ပျိုးရေးနှင့်သောက်သုံးရေအတွက် တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ရန်နှင့် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

> **မြန်မာနိုင်ငံ၏ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ လေ့လာမှုများနှင့် သတိပေးစနစ်များကို ခေတ်မီအောင်ပြုလုပ်ခြင်းဖြင့် ရာသီဥတုဆိုးရွားသည့် အန္တရာယ်ကျရောက်နေသည့် ဒေသများကို ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ရေကြောင်းမောင်းနှင်သွားလာမှုကို ကူညီပံ့ပိုးရန်နှင့် ရေကြောင်းပို့ဆောင်ရေးကို ပိုမိုဘေးကင်းပြီး စီးပွားရေးအရ ပိုမိုအလားအလာကောင်းအောင် လုပ်ဆောင်ရန်အတွက်ပါ ကမ္ဘာ့ဘဏ်က ရည်ရွယ်ထားကြောင်း . . .**

မြင့်တက်လာနေတဲ့ ယာဉ်မတော်တဆမှုတွေ

ခင်မောင်ဌေး (ပညာရေး)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ၁၀ နာရီနဲ့ ခရီးပေါက်ဖို့ မျှော်မှန်းချက်တစ်ခုအဖြစ် ရည်စူးပြီး ဖောက်လုပ်ခဲ့တာပါ။ လမ်းမကြီးပြီးမြောက်သွားတဲ့နောက်ပိုင်းမှာ ဆိုးဆိုးရွားရွားယာဉ်တိုက်မှုတွေ၊ တိမ်းမှောက်မှုတွေဖြစ်ခဲ့လို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို သေမင်းတမန်လမ်းမကြီး ရယ်လို့တောင် သမုတ်ခဲ့ကြပါတယ်။

စာရေးသူအနေနဲ့ အမြန်လမ်းမကြီးကနေ တစ်နှစ်တစ်ခေါက်(ဝါ)နှစ်ခေါက်လောက်ကတော့ အနည်းဆုံးပဲ အညာကိုပြန်ဖြစ်တာ။ အမြန်လမ်းမကြီးကို မောင်းရမှာကြောက်လို့ လမ်းဟောင်းကသွားဖို့တောင် စိတ်ကူးမိပါသေးတယ်။ ဒါပေမယ့်လည်း သတိထားပြီး ဖြည်းဖြည်းမှန်မှန် (ကီလို ၈၀) လောက်မောင်းသွားလိုက်တာ အညာခရီးကိုချောချောမောမောပဲ ရောက်သွားခဲ့တာပါ။

ဒီဘက်နှစ်တွေမှာတော့ လမ်းတွေလည်းအတော်ကောင်းလာတာ တွေ့ရပါတယ်။ တချို့နေရာတွေမှာ လမ်းချဲ့ထားတာတွေ့ရတယ်။ ပိုပြီးကောင်းတာက ကတ္တရာထပ်ပိုးလွှာတွေ ခင်းထားတာပါပဲ။ ပြီးတော့ နေရာတိုင်းမှာ လမ်းညွှန်အမှတ်အသားတွေ၊ သတိပေးမှုတွေ၊ မိုင်နှုန်းပြအမှတ်အသားတွေ ရှိနေပါတယ်။ တကယ်တော့ လမ်းကောင်းသလောက် အရှိန်နှုန်းမြင့် မမောင်းမိဖို့ပါပဲ။ ဘာကြောင့်လည်းဆိုတော့ ကွန်ကရစ်လမ်းထက်ကတ္တရာခင်းထားတဲ့နေရာတွေက ပိုပြီးငြိမ်ညောင်းပါတယ်။ ကီလို ၁၀၀ လောက် မောင်းနေတာတောင် ကားကမြေးတယ် မထင်ရဘူး။ သတိထားပြီး မောင်းနေတာတောင် တစ်ခါတစ်ရံ ကီလို ၁၀၀ ကျော်သွား တတ်တယ်။ ကီလို ၁၀၀ မောင်းတာတောင်မှ Hijet ကားကတောင် စာရေးသူတို့ကို ကျော်သွားတယ်။ ကျန်တဲ့ကားတွေကတော့ အမြီးတောင်မမြင်ရတော့ဘူး။ အဲဒီလိုမောင်းနေကြတာ။

ဒီဘက်ခေတ်မှာပေါ်လာတဲ့ကားတွေက အတော်လေးခေတ်မီသလို ကားတွေကလည်း ကောင်းကြပါတယ်။ မောင်းမယ်ဆိုရင်တော့မောင်းသလောက်ပြေးတာပေါ့။ ကီလိုတစ်ရာ့လေးငါးဆယ် အသာကလေးပေါ့။ ဒါပေမယ့် ကီလို ၁၀၀ လောက်ပြေးနေတဲ့ကားဟာ တစ်ခုခုကြောင့်ရပ်မယ်ဆိုရင် အလွယ်တကူမရပ်တော့ပါဘူး။ ဘရိတ်အုပ်ပြီးထိန်းရင်လည်း ကားဟာ ဟန်ချက်ပျက်ပြီး တိမ်းမှောက်ဖို့နီးနေပါပြီ။ ဒါမှမဟုတ် လမ်းဘေးမှာရှိတဲ့ ဘလောက်တုံးတွေနဲ့ တိုက်မိနိုင်တာပါပဲ။

တစ်နေ့ကဖြစ်ပွားခဲ့တဲ့ လိုက်ထရပ်ကား ဘုရားဖူးယာဉ်ဆိုရင် လူ ကိုးဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရသွားပါတယ်။ ဒီဘက်ပိုင်းမှာမြစ်ခဲ့တဲ့ ဆိုးဆိုးရွားရွား မတော်တဆမှုတစ်ခုပါပဲ။ ခုလို ပွင့်လင်းရာသီမှာ ဘုရားဖူးယာဉ်တွေ၊ ဒေသန္တရခရီးသွားတွေအများဆုံးပါ။ တစ်နေ့ကို ယာဉ်စီးရေ ၁၉၀၀၀ ကျော်သွားလာနေပြီး လိုက်ထရပ်ယာဉ်တွေကြောင့် လူသေဆုံးမှုအများဆုံး ဖြစ်ကြောင်း သိရပါတယ်။

အမြန်လမ်းမှာ အဓိကသတ်မှတ်ထားတဲ့စည်းကမ်းချက်တွေကတော့

- သတ်မှတ်တင်ဆောင်နိုင်တဲ့ ခရီးသည်ဦးရေသာတင်ဆောင်ရန်၊
- ကုန်ပစ္စည်းများ ကားခေါင်မိုးပေါ်တွင် တင်ဆောင်မောင်းနှင်ခြင်း မပြုရန်၊
- သတ်မှတ်အရှိန်နှုန်းထက်ကျော်လွန်မောင်းနှင်ခြင်း မပြုရန်၊
- ကားခေါင်မိုးပေါ်တွင် လိုက်ပါစီးနင်းခြင်းမပြုရန်၊
- ကားနောက်ပိတ်တံခါးကိုချိတ်ပြီး ယင်းအပေါ်တွင်လူထိုင်၍လိုက်ပါခြင်းမပြုရန်၊
- ယာဉ်မောင်းနေစဉ်အိပ်ငိုက်ခြင်း၊ မြင်ကွင်းမကောင်းခြင်းများ ခံစားလာရပါကဘေးကင်းသည့်နေရာတွင်ယာဉ်ကို ခေတ္တရပ်၍ အနားယူရန်၊
- ယာဉ်ရပ်နားစဉ် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးရန် စတဲ့အချက်တွေကို လိုက်နာဖို့ ထုတ်ပြန်ထားကြောင်းလည်း တွေ့ရပါတယ်။

မကြာသေးမီကပဲ လှည်းတန်းခုံးကျော်တံတားအောက်မှာ နံနက်စောစော ယာဉ်တိုက်မှုတစ်ခုဖြစ်သွားပါတယ်။ ဒါကလည်း သတ်မှတ်ထားတဲ့ မီးနီ၊ မီးစိမ်းကိုဂရုမစိုက်လို့ပါပဲ။ မီးနီနေရင်ဘယ်လောက်ပဲ ယာဉ်ကြောရှင်းပါစေ။ ရပ်ထားရမှာပါပဲ။ မီးနီထားတာကိုပဲ ယာဉ်ကြောရှင်းတယ်ဆိုပြီး အရှိန်မလျှော့ဘဲအရှိန်ပြင်းပြင်းမောင်းနှင်လာမှုကြောင့် လမ်းမှန်အတိုင်းဝင်လာတဲ့ ခရီးသည်ယာဉ်အတိုက်ခံလိုက်ရခြင်းပါ။ မီးစိမ်းပြလို့ ကိုယ့်လမ်းကြောကိုယ်မောင်းရင် ယာဉ်တိုက်မှုဖြစ်ရတာ၊ လူကားမျဉ်းကျားကဖြတ်ပါလျက် ယာဉ်တိုက်ခံရတာတွေဟာ စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုတွေကြောင့်ပါပဲ။

အမြန်လမ်းမကြီးကို ၂၀၀၉ ခုနှစ် မတ်လမှာစပြီးဖွင့်လှစ်ခဲ့တာပါ။ ၂၀၁၅ ခုနှစ်ကုန်အထိ ယာဉ်မတော်တဆမှုတွေကြောင့် ခရီးသွား ၆၀၀ ကျော် သေဆုံးခဲ့ပြီး ဒဏ်ရာရသူပေါင်း ၅၀၀၀ ကျော်ရှိခဲ့ကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံး(ဌာနချုပ်) သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

ဆိုရလျှင် အခုလိုပွင့်လင်းရာသီမှာ မြန်မာပြည်အနှံ့ ခရီးသွားပြည်သူတွေ အဆမတန်တိုးပွားလာနေပါတယ်။ နွေရာသီကျောင်းပိတ်ရက်စပြီမို့ ကျောင်းသား ကျောင်းသူတွေ ခရီးထွက်စပြုနေကြပါပြီ။ တကၠသိုလ်ဝင်တန်းစာမေးပွဲကြီးပြီးရင် ပိုပြီးများပြားလာမှာသေချာပါတယ်။

ယာဉ်မတော်တဆမှုနဲ့ပတ်သက်ရင် အမြန်လမ်းမကြီးရဲ့အားနည်းချက်၊ ယာဉ်မောင်းသူတွေရဲ့စည်းကမ်းမလိုက်နာမှု၊ ယာဉ်တွေရဲ့ကြံ့ခိုင်မှုလျော့နည်းမှုတွေအပြစ် ယေဘုယျအားဖြင့်ပြောလေ့ရှိကြပါတယ်၊ တကယ်တော့ နေ့စဉ်သွားလာနေတဲ့ ယာဉ်အစီးရေဟာ ၁၉၀၀၀ ကျော်ရှိပါတယ်။ အဲဒီအထဲမှာ ယာဉ်စည်းကမ်းလိုက်နာသူတွေ၊ ယာဉ်ကြံ့ခိုင်မှုကောင်းတဲ့ယာဉ်တွေဟာ မတော်တဆမှုဖြစ်တာ အလွန်နည်းပါတယ်။ ဒါကြောင့် လမ်းမကြီးကြောင့်ဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းကြောင့်တော့မဟုတ်တော့ပါဘူး။

ယာဉ်မတော်တဆမှုတွေကြောင့် ဒဏ်ရာရမှုတွေဟာ နှစ်စဉ်တိုးမြင့်နေပါတယ်။ တစ်ရက်မှာ ၁၂ ဦးခန့်သေဆုံးနေကြောင်း၊ ၂၀၁၁ ခုနှစ်တစ်နှစ်လုံး ယာဉ်မတော်တဆမှုပေါင်း ၉၇၆၂ မှုဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ ၁၅၄၀၆ မှုအထိဖြစ်ပွားခဲ့တယ်။ အဲဒီငါးနှစ်တာကာလမှာ ၆၂၅ မှုတိုးမြင့်ခဲ့ကြောင်း၊ သေဆုံးဒဏ်ရာရမှုတွေလည်းတိုးမြင့်ခဲ့ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးရဲ့ သတင်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ ဒါကြောင့်တစ်ရက်မှာ ယာဉ်မတော်တဆမှုကြောင့် ၁၂ ဦးခန့်သေဆုံးနေရတာဟာ ပိုမိုဂရုပြုကြပ်မတ်ဖို့လိုနေကြောင်း သတိပေးနေသလိုပါပဲ။ ခုတလောမှာပညာပေးလုပ်ငန်းတွေ ပိုမိုပြုလုပ်နေကြောင်းလည်း သိရပါတယ်။

ဘယ်လိုပဲပြစ်ဖြစ် ယာဉ်မတော်တဆမှုတွေကြောင့် ဘုရားဖူးသွားရင်း သေဆုံးကြရတယ်။ ခရီးသွားရင်း လိုရာခရီးမရောက်ခဲ့ကြရဘူး။ လူတွေ အစုလိုက်အပြုံလိုက် သေဆုံးတဲ့သတင်းတွေ ကြားသိရတဲ့အခါတိုင်း စိတ်မကောင်းကြီးစွာ ဖြစ်ကြရပါတယ်။ ကိုယ်တတ်စွမ်းသရွေ့ အသိပညာပေးတာ၊ စာနာပေးနိုင်တာကလွဲလို့ မတတ်နိုင်ကြပါဘူး။ ဘယ်သူမပြု မိမိမှုလို့ဆိုရမလိုပါပဲ။ တစ်ဦးတစ်ယောက်စည်းကမ်းမလိုက်နာမှုဟာ လူအများကို ထိခိုက်နစ်နာစေနိုင်တာပါ။

ဒါကြောင့် တစ်နေ့တစ်လံ ပဂံဘယ်ရွှေ့မလဲဆိုသလို လိုရာခရီးကို စိတ်အေးချမ်းသာစွာနဲ့သွားနိုင်ကြဖို့ အလျင်မလိုပါနဲ့။ ကားကြံ့ခိုင်မှုကိုစစ်ပါ။ တစ်နာရီ၊ နှစ်နာရီစောရောက်တာနဲ့ပဲပြီး အဆင်ပြေချောမွေ့သွားနိုင်မှာ မဟုတ်ပါဘူး။ မမြေမလျှော့ မပေါ့မဆဘဲ အသောက်အစားကင်းကင်းနဲ့ ပုံမှန်မောင်းနှင်သွားကြမယ်ဆိုရင် လိုရာခရီးကို ချောချောမွေ့မွေ့ရောက်နိုင်မှာပါ။ ပျော်ရွှင်ကြည်နူးမှုကို အပြည့်အဝခံစားကြရမှာပါ။ ။

ကြက်မောက်တောင်ဆည်မှ စိုက်ဧက ၅၀၀၀၀ နှင့် ကျေးရွာပေါင်း ၁၂ ရွာအား စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေလျက်ရှိ

နေပြည်တော် မတ် ၉

မကွေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင်ဆည်သည် ၁၉၆၇ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု၏ နည်းပညာအကူအညီဖြင့် တည်ဆောက်ပြီးစီးခဲ့ပြီး စိုက်ဧက ၅၀၀၀၀ နှင့် ကျေးရွာပေါင်း ၁၂ ရွာအား စိုက်ပျိုးရေနှင့် သောက်သုံးရေလိုအပ်ချက်အတွက် ဖြည့်ဆည်းပေးနိုင်ရေး အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ကြက်မောက်တောင်ဆည်သို့ သွားရောက်ပြီး ဆည်အတွင်း ရေသိုလှောင်ထားနိုင်မှု အခြေအနေနှင့် ဆည်ရေကျသွားသော တောင်ခြေများပေါ်တွင် ရာသီသီးနှံ ကြက်သွန်နှင့် ကိုင်းသီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၇ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် ဆည်တာတမံတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ဆည်တည်ဆောက်စဉ်ကာလ မှတ်တမ်းအဖြစ် ထုထွင်းထားရှိသော ကျောက်စာကမ္ပည်းမှတ်တမ်းအား ဖတ်ရှုလေ့လာသည်။

ယင်းနောက် ညောင်ဦးမြို့နယ် စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိရာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ပညာရှင် Dr. Naoya FUJIMOTO (Chief Advicer)နှင့် စိုက်ပျိုးရေးသုတေသနခြံ မန်နေဂျာ သုတေသနပညာရှင် ဒေါ်မာမာချိုတို့က အပူပိုင်းဒေသ ရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးရေချွေတာသုံးစွဲမှုနည်းပညာ (Water Saving Technology)နှင့် မြေဆီစီမံခန့်ခွဲမှုနည်းပညာ (Soil Management Technology)တို့ အသုံးပြုခြင်းဖြင့် အပူပိုင်းဒေသနှင့် ကိုက်ညီသော ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်းနှင့် ပဲတီစိမ်းသီးနှံတို့အား မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ သုတေသနထုတ်လုပ် ဖြန့်ဖြူး အကောင်အထည်ဖော်ပေးနေမှုအခြေအနေများနှင့် တောင်သူများအား စိုက်ပျိုးရေးနည်းပညာ လက်တွေ့ပြသဖြန့်ဖြူးပေးနိုင်မှုလုပ်ငန်းများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ရာသီဥတုဖောက်ပြန်မှု အနေအထားများအရ စိုက်ပျိုးရေသုံးစွဲမှုချွေတာနိုင်ရေး နည်းပညာများ အပါအဝင် တောင်သူလယ်သမားများအတွက် ထိထိရောက်ရောက် ဝင်ငွေရရှိနိုင်မှုနှင့် လူမှုစီးပွားဘဝ တိုးတက်စေနိုင်သည့် မျိုးစေ့နှင့် စိုက်ပျိုးရေးနည်းပညာများကို ဂျပန်-မြန်မာ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ပေးသွားရေး၊ ဂျပန်-မြန်မာ လယ်ယာကဏ္ဍဆိုင်ရာ ပိမိနီးကပ်စွာဖြင့် သုတေသနလုပ်ငန်းများသာမက နှစ်ဖက် အပြန်အလှန် ထိထိရောက်ရောက် အကျိုးပြုနိုင်မည့် စီးပွားဖြစ်ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

ပုဗ္ဗသီရိမြို့နယ်တွင် ကြယ်ပဲများ စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိ

ပုဗ္ဗသီရိ မတ် ၉

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပဇွန်ဆိပ်ကျေးရွာအုပ်စု သင့်ဒေးကန်းကျေးရွာရှိ တောင်သူဦးသန်းထွန်း၏ နေအိမ်ဝင်းအတွင်း၌ ကြယ်ပဲများ စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြယ်ပဲမျိုးများအား ကြယ်ပဲအသင်း(ရန်ကုန်)မှ ဝယ်ယူပြီး စိုက်ပျိုးနည်းအနေဖြင့် သုံးရက်ရေစိမ်၊ သုံးရက်နေလှန်းပြီးပါက ၆ လက်မ x ၈ လက်မရှိ မြေဆွေးထည့်ထားသော အိတ်အတွင်းသို့ တစ်အိတ်လျှင် တစ်စေ့နှုန်းထည့်ကာ တစ်နေ့ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လစ်တိုဇင်- ဆေးရည်ထည့်ပေးကာ စိုက်ပျိုးရပြီး ၁၅ ရက်ခန့်ကြာပါက အစေ့မှအညှောင့်လေးများထွက်ကာ ရက် ၂၀ ခန့်ရလာပါက ပင်ကြား ခြောက်ပေ၊ တန်းကြား ကိုးပေအကွာရှိ တစ်ပေပတ်လည် ကျင်းတူးပြီး ပြောင်းရွှေ့စိုက်ပျိုးရသည်။ တစ်ဧကကို အပင်ပေါင်း ၅၂၀ ခန့် စိုက်ပျိုးနိုင်ပြီး ကန့်ကျမှုအနေဖြင့် မျိုးစေ့ဖိုး၊ မျိုးအိတ်ဖိုး၊ လုပ်အားခ၊ စိုက်ပျိုးစရိတ်၊ အပင်အားဆေးဖိုး အပါအဝင် စုစုပေါင်း ကန့်ကျငွေ ကျပ် ၁၂၀၀၀၀ ခန့်ရှိပြီး တစ်နှစ်လျှင် ဝင်ငွေ ကျပ်သိန်း ၂၀ ခန့်ရရှိကြောင်း သိရသည်။

ကြယ်ပဲအား စတင်စိုက်ပျိုးပြီး လေးလကြာလျှင် အသီးအပွင့်များ စတင်ထွက်ရှိပြီး ရှစ်လခန့်ကြာပါက အသီးများဆွတ်ခူး၍ ရောင်းချပြီး ဝယ်ယူမှုအနေဖြင့် ကြယ်ပဲအသင်း ရန်ကုန်မှ ပြန်လည်ဝယ်ယူကြောင်း သိရပြီး ယင်းကြယ်ပဲအား ကျန်းမာရေးအတွက် အားဆေးဖော်စပ်ရာတွင် ပါဝင်ပစ္စည်းအဖြစ်လည်းကောင်း၊ အလှကုန်ပစ္စည်းများနှင့် ခေါင်းလိမ်းဆီများ၊ ကမ္ဘာ့အကောင်းဆုံး အော်ဂနစ်စားသုံးဆီများ ထုတ်လုပ်နိုင်ပြီး ယခုအခါတွင် ကျိုင်းတုံ၊ တာချီလိတ်မြို့နယ်တို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသများတွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း တောင်သူ ဦးသန်းထွန်း၏ ပြောပြချက်အရ သိရသည်။

(ရွှေရဲရှင်)

ရေမီတာ တစ်ယူနစ် ကျပ် ၃၀၀ ဖြင့် အလွယ်တကူသုံးစွဲရသော်လည်း ရေအခက်အခဲရှိနေ

ရေး မတ် ၉

မွန်ပြည်နယ် ရေးမြို့ မြို့ပေါ် ၉ ရပ်ကွက်ရှိသည့်အနက် အောင်မေတ္တာ တိုးချဲ့ကွက်သစ် ကုန်းပိုင်းရှိ လူနေအိမ်တချို့မှာ နွေရာသီကာလရောက်တိုင်း အိမ်သုံးရေကို လိုက်လံရောင်းချသည့် ရေသယ်ယာဉ်များမှ ဝယ်ယူသုံးစွဲနေရသော်လည်း ရေအခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

ရေကားပေခန့်ပါရှိသော ရေသယ်ယာဉ်တစ်စီးလျှင် ငွေကျပ် ၃၅၀၀မှ ၅၀၀၀ အထိပေးဝယ်ရပြီး ယခင်လများတွင် ပုဂ္ဂလိကပိုင် ရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းမှ ရေငါးပိုပါဆို ရေမီတာတစ်ယူနစ်ကို ကျပ် ၃၀၀ ဖြင့် အိမ်သုံးရေကို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သော်လည်း နွေရာသီတွင် ရေပြတ်လပ် မှုကြုံရသည့် အခက်အခဲရှိကြောင်း အောင်မေတ္တာတိုးချဲ့ကွက်သစ်ရပ်ကွက်နေ ဦးစိုးနိုင်က ပြောသည်။

လက်ရှိနွေရာသီကာလမှာ မေတ္တာမွန် ပုဂ္ဂလိကပိုင်ရေဖြန့်ဖြူးရေးလုပ်ငန်းကို သဘာဝတောင်ကျစိမ့်စမ်းရေ အရင်းအမြစ်ကနေတစ်ဆင့် မြေအောက်ရေသွယ်ပိုက်စနစ်နဲ့ ရေပေးဝေနေသောအခါ မြို့ပေါ်ရပ်ကွက်များမှ အောင်မင်္ဂလာ၊ အောင်မေတ္တာ၊ အောင်သုခရပ်ကွက်အပြင် ချောင်းတောင်ကျေးရွာနှင့် ဝယ်ရက်ကျေးရွာမှ အိမ်ခြေစုစုပေါင်း ၇၀၀ ကျော်မှာ ရေသုံးစွဲကြသည်တစ်လတာပျမ်းမျှမှာ ရေပိုပါပေါင်း လေးသောင်းခန့် သုံးစွဲနေကြောင်း သိရသည်။

"သဘာဝတောင်ကျစိမ့်စမ်းရေအရင်းအမြစ်ကနေ သွယ်ယူရတဲ့အတွက် ရေပိုက်ပေါက်ပျက်တာနဲ့ နွေရာသီရေခန်းခြောက်လာတာတွေ ကြုံတွေ့နေရပါတယ်။ ရေသုံးစွဲသူလက်ဝယ်များထံသို့ အရင်ကလို အပြည့်အဝမပေးနိုင်တဲ့ အခက်အခဲတွေနဲ့လည်း ကြုံတွေ့နေရပါတယ်"ဟု မေတ္တာမွန်မှသဘာဝတောင်ကျစိမ့်စမ်းရေဖြန့်ဖြူးရေးလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ပုဂ္ဂလိကရေဖြန့်ဖြူးရေးလုပ်ကိုင်နေသော သဘာဝစိမ့်စမ်းရေမှ အိမ်အရောက်ပို့စနစ်ရေသွယ်ပိုက်လုပ်ကိုင်သကဲ့သို့ တစ်ပိုင်တစ်နိုင် စက်ရေတွင်းနှင့် ရေသွယ်ပိုက်များဖြင့် အိမ်အရောက်ပို့လုပ်ကိုင်သူများအပြင် ရေသန့်စက်ထုတ်လုပ်သူများက သောက်သုံးရေသန့်ဘူးများကို အိမ်တိုင်ရာရောက် တစ်ဘူးလျှင် ကျပ် ၅၀၀ ဖြင့် လိုက်လံရောင်းချပေးနေသည်အပြင် တစ်ပိုင်တစ်နိုင် ရေသယ်ယာဉ်များ ရေလှည်းဖြင့် ပို့ဆောင်ရောင်းချနေသူများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ဦးဆောင်မှုဖြင့် စက်ရေတွင်းရေသိုလှောင်ကန်မှတစ်ဆင့် နေအိမ်များအရောက်ပို့ ပိုက်သွယ်စနစ်များကိုလည်း ယခုနှစ် မတ်လအတွင်း အကောင်အထည်ဖော်စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(ထွန်းထွန်း-ရေး)**

အူရီဒူးမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးမြှင့်သွားမည်

နေပြည်တော် မတ် ၉

မြန်မာနိုင်ငံတွင် တရားဝင်လိုင်စင်ရ ဆက်သွယ်ရေး အော်ပရေတာ တစ်ခုဖြစ်သည့် အူရီဒူးမှ ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း "တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့" ဟူသည့် အစီအစဉ်အသစ် စတင်မိတ်ဆက် ကတိပြုခြင်း စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အူရီဒူး သုံးစွဲနေသူများအတွက် အကောင်းဆုံးအင်တာနက် ဝန်ဆောင်မှုပေးရန် ဈေးကွက်ဗျူဟာသစ်ဆောင်ရွက်နေသော အစီအစဉ်များအပေါ် အူရီဒူး၏ အမှုဆောင်အရာရှိချုပ်က ရှင်းလင်းပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အူရီဒူးအနေဖြင့် ၂၀၁၅ ခုနှစ် နောက်ဆုံးသုံးလတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံအထိရောက်ရှိခဲ့သည်ဟု သိရပြီး ဆက်လက်၍ မြှင့်တင်ဆောင်ရွက်သွားမည်ဟု သိရသည်။

"လက်ရှိမှာ အူရီဒူးရဲ့ ကမ္ဘာ့အဆင့်မီကွန်ရက်က မြန်မာလူဦးရေ ၈၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံပေးထားပြီး ၂၀၁၆ အကုန်ပိုင်းမှာ ၉၀ ရာခိုင်နှုန်းလောက်အထိ ပေးသွားနိုင်မှာပါ။ ပြီးတော့ အားလုံးကို 3G နည်းပညာမှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် ၂၀၁၆ ဖေဖော်ဝါရီလအထိ တာဝါတိုင်ပေါင်း ၃၃၉၅ ခုအထိ စိုက်ထူပြီးစီးပြီး ၂၀၁၆ နှစ်ကုန်မှာဆိုရင် 3G တာဝါတိုင်ပေါင်း ၄၅၀၀ အထိ စိုက်ထူသွားမှာဖြစ်ပါတယ်။ ၂၀၁၅ မှာ အူရီဒူးသုံးစွဲသူ ခြောက်သန်းနီးပါးအထိရှိပါတယ်။ အူရီဒူးအသုံးပြုသူများရဲ့ ၈၆ ရာခိုင်နှုန်းဟာ အင်တာနက်အသုံးပြုကြပါတယ်"ဟု အူရီဒူးမှ CEO Mr. Meza က ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အူရီဒူးထုတ်ကုန်များ ရောင်းချသော ဆိုင်ပေါင်း တစ်သိန်းကျော်ရှိပြီဖြစ်ကြောင်း သိရပြီး ဝန်ဆောင်မှုဆိုင်ခွဲပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ထားကြောင်း သိရသည်။ လက်ရှိတွင် မြန်မာကျပ်ငွေ ၃၀၀၀၀ မျှသာ ကျသင့်မည့် အဆင့်မြင့်စမတ်ဖုန်းဖြစ်သည့် the Ooredoo Smart 9 ကို ရောင်းချပေးသွားမည်ဟု သိရသည်။

"အူရီဒူးစိုက်ပျိုးဆိုတဲ့ အက်ပလီကေးရှင်းကိုလည်း တင်ထားပြီးဖြစ်ပါတယ်။ အဲဒီမှာ တောင်သူတွေအတွက် မိုးလေဝသ သတင်းတွေ၊ မိုးလေဝသပညာရှင် ဦးထွန်းလွင်ရေးသားတဲ့ မိုးလေဝသဆိုင်ရာ သိကောင်းစရာတွေ၊ ကောက်ပဲသီးနှံတွေကို စိုက်ပျိုးရမယ်၊ ထိန်းသိမ်းရမယ့် နည်းစနစ်တွေ သတင်းပေးမှာဖြစ်ပါတယ်။ ဒီအက်ပလီကေးရှင်းကို တောင်သူတွေအားလုံး အခမဲ့ဒေါင်းလော့ရယူနိုင်ပါတယ်။ အခမဲ့အသုံးပြုနိုင်ပါတယ်"ဟု Mr. Meza က ဆက်လက်ပြောကြားသည်။

အူရီဒူးအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကာ ဘောလုံးလောကတိုးတက်မှုအတွက် စပွန်ဆာပေးထောက်ပံ့ပေးလျက်ရှိပြီး ၂၀၁၆ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၂ သန်း အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ အူရီဒူးသည် ၂၀၁၃ ဇွန်လတွင် ဆက်သွယ်ရေးလိုင်စင်ရရှိခဲ့ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုများကို ၂၀၁၄ ဩဂုတ်လမှ စတင်ကာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၀၁)**

ကျိုက်ထိုမြို့ ပြည်သူ့ဈေး၌ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်ထို မတ် ၉။ ။ ပူပြင်းခြောက်သွေ့သောနွေရာသီသို့ရောက်ရှိပြီး နေရာအနှံ့အပြားတွင် မီးလောင်မှုများမကြာခဏဖြစ်ပေါ်နေသည့်အတွက် ထိုကဲ့သို့ မဖြစ်ပေါ်စေရန် ကျိုက်ထိုမြို့နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ပြည်သူ့ဈေးတွင် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၈ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်၊ စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးစောရွှေတို့က ကြီးကြပ်ကာ မြို့နယ်မီးသတ်ဦးစီးမှူးဦးတင်ထွေးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ အပေါ့စားမီးသတ်စက် ငါးလုံးတို့ဖြင့် သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

(သန်းသန်းမော်)

"2016 MTV Movie Awards" အတွက် ဆုလျာထားစာရင်းထုတ်ပြန်

နှစ်စဉ်ကျင်းပမြဲ ဟောလီဝုဒ်ရဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ " MTV Movie Awards " ဆုပေးပွဲကြီးရဲ့ ယခုနှစ်အတွက် ဆုလျာထားခံရသူတွေရဲ့စာရင်းကို မတ် ၈ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း အမ်တီဗွီ ဒေါ့ကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ထုတ်ပြန်ခဲ့တဲ့ ဆုလျာထားစာရင်းအရ ယခုနှစ်မှာ ထွက်ရှိခဲ့တဲ့ ရုပ်ရှင်တွေအနက် တိုက်ခိုက်ရေးရုပ်ရှင်တွေဖြစ်ကြတဲ့ " Star Wars: The Force Awakens "နဲ့ "Deadpool"တို့က ဆုအရေအတွက်အများဆုံး လျာထားခံခဲ့ရကြောင်းလည်း သိရပါတယ်။ "Star Wars: The Force Awakens" ရုပ်ရှင်က စုစုပေါင်းဆု ၁၁ ဆုအတွက်လျာထားခံရပြီး "Deadpool " ကတော့ ဆုရစ်ဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံထားရပါတယ်။

ယင်းရုပ်ရှင်နှစ်ကားအပြင် ဆုအရေအတွက်အများဆုံး တတိယနေရာကို ရယူထားတဲ့ရုပ်ရှင်ကတော့ "Avengers: Age of Ultron"ပဲဖြစ်ပါတယ်။ ယင်းရုပ်ရှင်ကတော့ ဆုပေါင်း ခုနစ်ဆုအတွက် လျာထားခံခဲ့ရပါတယ်။ ယင်းရုပ်ရှင်သုံးကားစလုံးဟာ တစ်နှစ်တာအတွက် အကောင်းဆုံးသောရုပ်ရှင်ဆုအတွက် လျာထားခံရတဲ့ရုပ်ရှင်တွေလည်း ဖြစ်ကြပါတယ်။

အဆိုပါ ရုပ်ရှင်ထူးချွန်ဆုတွေအတွက် ပရိသတ်တွေကိုယ်တိုင်လည်း ယခုလ ၂၀ ရက်အထိ MovieAwardsMRTV.comမှ တစ်ဆင့်မဲပေးရွေးချယ်နိုင်ကြောင်း သိရပါတယ်။ အခုနှစ်အတွက် "MTV Movie Awards 2016" ဆုပေးပွဲကြီးကို ဧပြီ ၁၀ ရက်မှာ ကျင်းပသွားမှာ ဖြစ်ပြီး ယခုနှစ်ကျင်းပမယ့် ဆုပေးပွဲဟာ (၂၅) ကြိမ်မြောက် ဆုပေးပွဲလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်။

ပဲရစ်ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့တဲ့ CL

တောင်ကိုရီးယားရဲ့ နာမည်ကျော် အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "2NE1"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ CL ဟာ မတ် ၆ ရက်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ကျင်းပခဲ့တဲ့ နာမည်ကျော် အီတလီဒီဇိုင်နာရစ်ကားဒိုး တစ်စီရဲ့ "2016 F/W collection " ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့ကြောင်း ကေပေါ့ပ်စတားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းပြပွဲဟာ " Givenchy"အမှတ်တံဆိပ် အဝတ်အထည်တွေရဲ့ ဖက်ရှင်ဒီဇိုင်းတွေကို ဝတ်ဆင်ပြသခဲ့တာဖြစ်ပြီး ယင်းပြပွဲမှာ CL ဟာ ပြီးခဲ့တဲ့ဖက်ရှင်ပွဲမှာ ဝတ်ဆင်ပြသခဲ့တဲ့ "Givenchy" အမှတ်တံဆိပ် အင်္ကျီကို ဝတ်ဆင်တက်ရောက်ခဲ့တာတွေ့ရပါတယ်။

အဆိုပါဖက်ရှင်ပြပွဲသို့ ဟောလီဝုဒ်ရဲ့နာမည်ကျော်တွေဖြစ်ကြတဲ့ ခရစ်ဘရောင်း၊ ဘရက်ဒလေကူးပါး၊ စီအားရာ၊ နာတာလီယာဗော်ဒီယာနိုဗာတို့လည်း တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

CL ဟာ သူ့ရဲ့ဂီတလုပ်ငန်းတွေကို ဟောလီဝုဒ်အထိ ခြေဆန့်ခဲ့တဲ့ တောင်ကိုရီးယားအနုပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ဟောလီဝုဒ်နာမည်ကျော် အဆိုတော်၊ တေးရေးနဲ့ ဒီဂျေပညာရှင်တစ်ဦးဖြစ်တဲ့ ဒစ်ပလိုနဲ့တွဲဖက်ပြီး "Doctor Pepper"လို့ အမည်ရတဲ့ တေးသီချင်းတစ်ပုဒ် ထုတ်လုပ်ခဲ့ကာ လတ်တလောမှာလည်း ဒစ်ပလိုနဲ့တွဲဖက်ပြီး သူ့ရဲ့ပထမဦးဆုံးသော အမေရိကန်တေးအယ်လ်ဘမ်ကို ထုတ်လုပ်သွားနိုင်ဖို့အတွက် ကြိုးပမ်းနေပါတယ်။

ပဲရစ်မှာတောင်ကိုရီးယားအမျိုးသမီးတွေရဲ့ အလှကိုကိုယ်စားပြုခဲ့တဲ့ ပါ့ခ်ရှင်ဟေး

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ပါ့ခ်ရှင်ဟေးဟာ ပြင်သစ်ဖက်ရှင်ပြပွဲတစ်ခုကို တက်ရောက်ခဲ့ကာ ယင်းဖက်ရှင်ပြပွဲမှာ ပါ့ခ်ရှင်ဟေးဟာ သူ့ရဲ့အလှအပနဲ့ ဖက်ရှင်ကျတဲ့အပြင်အဆင်တွေကြောင့် မီဒီယာတွေနဲ့ တက်ရောက်လာသူတွေရဲ့ အာရုံကို စွဲဆောင်နိုင်ခဲ့ပါတယ်။

ပါ့ခ်ရှင်ဟေးဟာ မတ် ၈ ရက်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာကျင်းပခဲ့တဲ့ "CHANEL 2016 Spring" ဆောင်းရာသီ ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့ပြီး ယင်းအခမ်းအနားမှာ မီဒီယာတွေရဲ့ အာရုံကို စွဲဆောင်နိုင်ခဲ့တဲ့အတွက် တောင်ကိုရီးယားအမျိုးသမီးတွေရဲ့ အလှကို ကိုယ်စားပြုသူအဖြစ် ဟန်စင်းနီးမား ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပဲရစ်ဖက်ရှင်ပြပွဲက အပြန်မှာတော့ ပါ့ခ်ရှင်ဟေးဟာ SBS ရုပ်သလိုင်းက ရိုက်ကူးတုတ်လွှင့်မယ့် သူ့ရဲ့ ဒရမ်မာရုပ်ရှင်သစ် "Doctors"ကို လက်ခံရိုက်ကူးသွားနိုင်ဖွယ်ရှိကြောင်းလည်း သိရပါတယ်။

ကြေးမုံ ရုပ်ရှင်အညွှန်း

ဒဏ္ဍာရီဇာတ်လမ်းများကိုကြိုက်နှစ်သက်သူများအတွက် Gods of Egypt ဇာတ်ကားသစ်ရုံတင်ပြသ

ယခုတစ်ပတ်တွင် ပြည်တွင်းရုပ်ရှင်ချစ်ပရိသတ်များအနေနဲ့က ရုံတင်ပြသဆဲဖြစ်တဲ့ မြန်မာဇာတ်ကားတွေကို ဆက်လက်ကြည့်ရှုနိုင်ကြမှာဖြစ်သလို ဒဏ္ဍာရီဇာတ်လမ်းများကိုကြိုက်နှစ်သက်တဲ့ပရိသတ်တွေအနေနဲ့ကတော့ ဒီတစ်ပတ်မှာ Gods of Egypt ဇာတ်ကားသစ်ကို ခံစားနိုင်ကြမှာဖြစ်ပါတယ်။

သမ္မတရုပ်ရှင်ရုံနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ ဒါရိုက်တာ အကျော်ထော်န်၏လက်ရာဖြစ်တဲ့ ကမ္ဘာ့ပထမဆုံး လေယာဉ်ပြန်ပေးဆွဲမှုဖြစ်ရပ်မှန် ဇာတ်ကား "ရောင်နီဦးရဲ့အလင်းရောင်နဲ့အတူ"ဇာတ်ကားကို ဆက်လက်ရုံတင်ပြသမှာဖြစ်ပြီးတော့ မင်းသမီးငါးဦး ခေါင်းဆောင်ပါဝင်ထားတဲ့ "ရုပ်ကွက်ဘုရင်မ"ဟာသဇာတ်ကားကိုတော့ သွင်၊ ရေ့ဆောင်၊ မင်္ဂလာစံပြ၊ တော့ရှိုင်ရယ်၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)၊ ဝင်းလိုက်၊ မြို့မနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ ဆက်လက်ရုံတင်ပြသသွားမှာမို့ မကြည့်လိုက်ရသေးတဲ့သူတွေ ဆက်လက်ကြည့်ရှုနိုင်မှာပါ။

နိုင်ငံခြားကားကိုမှ ကြိုက်နှစ်သက်တဲ့ ပရိသတ်ကြီးကတော့ အီဂျစ်ဒဏ္ဍာရီ ဇာတ်ကားတစ်ကားဖြစ်တဲ့ Gods of Egypt ဇာတ်ကားသစ်ကို ကြည့်ရှုခံစားနိုင်မှာဖြစ်ပြီး ယခင်တစ်ပတ်က ပြသဆဲဖြစ်တဲ့ Zootopia အန်နီမေးရှင်းသရီးဒီဇာတ်ကားနဲ့ Deadpool အက်ရှင်ဇာတ်ကားတို့ကို ဆက်လက်ခံစားနိုင်ကြမှာဖြစ်ကြောင်း တစ်ပတ်အတွက် ရုပ်ရှင်အညွှန်းကဏ္ဍအဖြစ် ညွှန်းဆိုတင်ဆက်လိုက်ရပါတယ်။

ဖြိုးစန္ဒာမြင့်

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၀ - ၃ - ၂၀၁၆ (ကြာသပတေးနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (ဆက်သွယ်ရေးကဏ္ဍ အပြောင်းအလဲနှင့် တိုးတက်လာမည့်စီးပွားရေး လုပ်ငန်းများ)(အပိုင်း-၃)
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၉း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၀း၃၅ အောင်မြင်သူနှင့်အတူ (Precenter မောင်မောင်အေးနှင့်တွေ့ဆုံခြင်း)
၁၁း၀၅ မြန်မာအင်ဂျင်နီယာများ စွမ်းပကားမိတ္ထီလာကန်ကူး တံတားအကျိုးများ
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၇)
၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၁၈)
၂း၅၀ မြန်မာ့ဓလေ့ရိုးရာလက်ဝေ့
၃း၄၅ AFC Cup 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရွှေဝတီယူနိုက်တက်အသင်းနှင့် လာအိုတိုယိုတာအသင်း)
၆း၂၀ Foodball Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
၆း၄၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ပြဇာတ်မျက်နှာများ" [(ညီညီမင်းထက်-မြို့တော်၊ ကျော်ကြီး) (ဒါရိုက်တာ-ဇော်ဇော်(ဝါးခယ်မ)]
၇း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၀၉)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၈း၃၅ အနာဂတ်ရဲ့ရင်သွေး ရတနာလေးများ
၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၈) -သုခုမရှင်ခွင်အငြိမ့်သဘင် "မန္တလေးလူငယ်များအငြိမ့်" (မင်းသမီး-နှင်းစုလိုင်၊ လူရွှင်တော်-ထင်ပေါ်၊ ထင်ကျော်၊ လှမိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆း၂၀ မြည်ဟည်းနီတီ "ဤကမ္ဘာမြေအတွက် လက်ဆောင်"
၆း၄၀ သေးချင်းတို့ဌာနီ မြန်မာပြည် "Sea Games သီချင်း"
၇း၀၀ ကိုရီးယားဇာတ်လမ်းတွဲ "မကြေတဲ့နှင်းဆီ"(အပိုင်း-၈၀)
၇း၅၀ ကိုရီးယားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၂၆)
၈း၄၀ ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE (Part-VIII)"
၉း၀၀ မိုးလေဝသအစီအစဉ်
၉း၁၀ တေးဂီတအစီအစဉ်
၉း၂၀ English Premier League (Review) (အပိုင်း-၂)
၉း၄၀ မြန်မာ့ဂန္ထဝင်သီချင်းကြီးများ
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "အို အေးအေး . . . အို" (မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်)

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။

MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ် "အချုပ်တွေကို ရှင်းထားပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တ ခေမာစာရ) (အောင်ခေမာဆရာတော်)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၆)
၁၁း၀၅ Food & De'cor
၁၁း၄၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၃၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းနှစ်မြွာ" (အပိုင်း-၃၇)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၀၂၇)
၃း၄၅ "မိုးပန်းပွင့်၏ သင်္ကေတ" ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးမှုပုံရိပ်များ
၆း၀၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၀၂၈)
၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းနှစ်မြွာ" (အပိုင်း-၃၈)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၇)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၃၀)

mitv

07:26 Jade Pagoda
07:45 We'll Leave After 12 Passengers Are On Board
08:26 Ambassador's View: India-Myanmar Bilateral Ties
08:36 Paper Products... Plain but Pretty
09:26 "Myanmar's Traditions and Culture" Tea
09:52 Gardener: Rose Plantation
10:26 Hanlin, A Treasure Trove Of The Ancient Pyu City
10:51 Black Gold (P - I)
07:26 To My Dream City (Part- 1)
07:50 Today Myanmar: Community Based Tourism Development
08:26 Myanmar Sculpture-Work of Art
08:40 Now in Myanmar
08:46 Myanmar Oustanding Lady "Thin Zar Phyo"

အားကစား

အာဆင်နယ်အသင်း အက်ဖ်အေဖလားကွာတားဖိုင်နယ်တက်လှမ်း

အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားပဉ္စမအဆင့် ပြန်ကန်ပွဲစဉ်အဖြစ် ဟားလ်စီးတီးအသင်းနှင့် ဟားလ်စီးတီးအသင်း၏ အိမ်ကွင်းတွင် မတ် ၉ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားပဉ္စမအဆင့်အဖြစ် အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ပြန်ကန်ပွဲကစားခဲ့ရခြင်းဖြစ်ပြီး ယခုပြန်တန်ပွဲစဉ်တွင် တိုက်စစ်မှူး ဂီရောဒ်နှင့် တိုက်စစ်မှူး ဝဲလ်ဘက်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ဟားလ်စီးတီးအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာဆင်နယ်အသင်းသည် ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားပြီးပါက မတ် ၁၆ ရက်တွင် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်း၏ အိမ်ကွင်းတွင် လည်းကောင်း၊ မတ် ၁၉ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဟားလ်စီးတီးအသင်းနှင့် အက်ဖ်အေဖလားပြန်ကန်ပွဲကစားခဲ့ပြီးနောက် အာဆင်နယ်အသင်းတွင် ဗဟိုနောက်တန်းကစားသမား ကိုစီယယ်နီ၊ ကွင်းလယ်ကစားသမား ရမ်ဆေး၊ နောက်ခံကစားသမားများ ဖြစ်ကြသည့် မာတီဆက်ကာနှင့် ဂါဘရီရယ်လ်တို့မှာ ဒဏ်ရာပြဿနာများကြုံတွေ့ခဲ့ရသည်။ အဆိုပါ ကစားသမားများ ဒဏ်ရာရရှိခဲ့ပြီးနောက် လာမည့်ပွဲစဉ်များတွင် ကွင်းလယ်ကစားသမား ရမ်ဆေးတစ်ဦးသာအသင်းနှင့် ပြန်လည်ပါဝင်လာနိုင်ကြောင်း နည်းပြအာစင်ဝင်းဂါးက ယုံကြည်ထားသည်။

ငွေကြယ်

မတ် ၁၁ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ် (၁၆အသင်းအဆင့် ပထမအကျော့)ပွဲစဉ်များ

ရှက်တာဒိုးနက်	-	အန်ဒါးလက်ချ်	နံနက်-၀၀း၃၀
ဘေဆဲလ်	-	ဆီဗီလာ	နံနက်-၀၀း၃၀
ဒေါ့မွန်	-	စပါး	နံနက်-၀၀း၃၀
ဖိနာဘာချီ	-	ဘရာဂါ	နံနက်-၀၀း၃၀
ဗီလာရီးယဲလ်	-	လေဗာကူဆင်	နံနက်-၀၂း၃၅
ဘီဘာအို	-	ဗလင်စီယာ	နံနက်-၀၂း၃၅
လီဗာပူး	-	မန်ယူ	နံနက်-၀၂း၃၅
စပါတာပရပ်	-	လာဇီယို	နံနက်-၀၂း၃၅

(မောင်မောင်ဇော်)

အားကစားလောက သတင်းတိုများ

- ➢ စီရိုနယ်လ်ဒိုအား ရောင်းချစေချင်သည့် ရီးယဲလ်ပရိသတ်များ၏ ဆန္ဒမှာ ရူးမိုက်သည့် အဖြင့်သာဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ရာမိုစ်က ဖြောကြားလိုက်သည်။
- ➢ ဘရာဇီးနည်းပြ ဒွန်ဂါက နေမာအား ကိုပါအမေရိကဖလားပြိုင်ပွဲထက် အိုလံပစ်ပြိုင်ပွဲဝင် ဘရာဇီးအသင်းအတွက်သာ ဦးစားပေး ကစားစေလိုကြောင်း ဖွင့်ဟပြောကြားလိုက်သည်။

မေလှသင်း

မန်စီးတီး၊ စပါးနဲ့ လက်စတာတို့ အနိုင်ကစားဖို့ ရန်းကန်ရနိုင်မယ်

ပရီမီယာလိဂ်ရင်ခုန်သံ - ၃၀

ပရီမီယာလိဂ်ပွဲစဉ်(၃၀)ကို လာမယ့် မတ်လ ၁၂၊ ၁၃ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အက်ဖ်အေဖလားပွဲတွေကြောင့် ပွဲပြည့်ထည့်ပြိုင်ကစားသွားမှာမဟုတ်ဘဲ ၅ ပွဲတည်းသာယှဉ် ပြိုင်တစားသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ မန်စီးတီးအနေနဲ့ နိုင်ပွဲရတနိုင်မလားဆိုတာကို စောင့်ကြည့်သွားရဖို့ရှိနေသလို စပါးလည်းအဝေးကွင်းမှာအခက်တွေ့နိုင်ပါတယ်။

ရှိုင်းမင်းမင်း

နော့ဝှစ်ချ် - မန်စီးတီး ည ၇း၁၅ (၁၂-၃-၁၆)

မန်စီးတီးဟာ ချန်ပီယံဖြစ်ဖို့ခက်ခဲလာတဲ့အပြင် ချန်ပီယံလိဂ် ဝင်ခွင့်ရဖို့ပါစိန်ခေါ်မှုတွေနဲ့ရင်ဆိုင်လာရတာကြောင့် ဒီပွဲစဉ်မှာတော့ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ မန်စီးတီးရဲ့ခြေကလည်းမဆိုးပါဘူး။ နော့ဝှစ်ချ်ကတော့ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ဒီပွဲစဉ်မှာလည်း အိမ်ကွင်းအားနဲ့အမှတ်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိနော့ဝှစ်ချ်ရဲ့ခံကစားအားလည်းကောင်းမွန်နေတယ်လို့ဆိုနိုင်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာတော့ မန်စီးတီးအခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရမယ်။

စတုတ် - ဆောက်သမ်တန် ည ၉း၃၀ (၁၂-၃-၁၆)

စတုတ်ခြေကမဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် တိုက်စစ်ကဂိုးသွင်းခြေပြန်ရနေသလို အဓိကကစားသမားတွေလည်း ခြေစွမ်းပြန်လည်ဖြသလာနိုင်ကာ အိမ်ကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းက မာကျောမှုရှိတတ်ပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ရဲ့ကစားပုံကလည်းကောင်းမွန်နေကာ အသင်းလိုက်စွမ်းဆောင်ရည်လည်း ကောင်းနေပါတယ်။ စတုတ်အပြင့်ဆုံးသရေလောက်ပဲရမယ်။

ဘုန်းမောက် - ဆွမ်ဆီး ည ၉း၃၀ (၁၂-၃-၁၆)

ဘုန်းမောက်ဟာ လက်ရှိအချိန်အထိ တန်းမဆင်းရဖို့လုံလောက်တဲ့အမှတ်မရရှိသေးတာကြောင့် ပွဲတိုင်းကိုအားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်နေပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာဆိုရင် ဘုန်းမောက်ရဲ့ရှန်းအားက ပိုမိုကောင်းမွန်တတ်ကာ အိမ်ကွင်း နောက်ဆုံးပွဲစဉ်မှာဆိုရင် ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ဆောက်သမ်တန်ကိုတောင် အနိုင်ရခဲ့ပါတယ်။ ဆွမ်ဆီးကတော့ပြေသာမန်သာရှိတဲ့အသင်းဖြစ်ပြီး အဝေးကွင်းပွဲတွေမှာ ခြေကပိုမိုကျဆင်းတတ်ပါတယ်။ ဘုန်းမောက်တို့အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

ဗီလာ - စပါး ည ၁၀း၁၁ (၁၃-၃-၁၆)

ဗီလာဟာ လက်ရှိခြေကတည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းကျစ်လျစ်မှုမရှိတာကြောင့် အိမ်ကွင်းပွဲတွေမှာတောင်ရလဒ်တွေဆိုးနေပါတယ်။ ဒါပေမယ့် ဗီလာက တန်းမဆင်းရဖို့အတွက်ဒီပွဲစဉ်မှာလည်း အိမ်ကွင်းအားနဲ့ခံကစားမှာဖြစ်သလို စပါးကလည်း ယူရိုပါလိဂ်ပွဲတွေကြောင့်ခြေကန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ စပါးအခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရနိုင်တယ်။

လက်စတာ - နယူးကာဆယ် နံနက် ၂း၃၀ (၁၅-၃-၁၆)

လက်စတာကရလဒ်ပိုင်းမတည်ငြိမ်ပေမယ့် ဒီပွဲစဉ်မှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ဖို့အတွက် ခြေကန်ထုတ်ကစားလာဦးမှာသေချာနေပါတယ်။ လက်စတာအနေနဲ့ အခုနောက်ပိုင်းပွဲတွေမှာ ခံစစ်ကတည်ငြိမ်မှုအနည်းငယ်ကျဆင်းလာပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် ဒီပွဲမှာတော့အများခံမှာမဟုတ်ပါဘူး။ နယူးကာဆယ်ကလည်း တိုက်စစ်ကစားပုံမတည်ငြိမ်သလို အဝေးကွင်းပွဲတွေမှာလည်းခြေကကျဆင်းတတ်ပါတယ်။ ဒါကြောင့်ဒီပွဲစဉ်မှာတော့ လက်စတာကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

ရီးယဲလ်မက်ဒရစ်နဲ့ ဝုဖ်ဘာတ်တို့ ချန်ပီယံလိဂ်ကွာတား-ဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့

မြို့ယံအောင်

မတ်၉ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆သင်းအဆင့်ဒုတိယအကျော့ ပွဲစဉ်တွေမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဝုဖ်ဘာတ်အသင်းတို့ဟာ ပြိုင်ဘက်အသီးသီးကို အနိုင်ယူပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်သွားနိုင်ခဲ့ပါပြီ။ ရီးယဲလ်မက်ဒရစ်အသင်းကတော့ တိုက်စစ်မှူးဘင်ဇီမာ မပါဝင်နိုင်ခဲ့လို့ တိုက်စစ်မှာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ စီရိုနယ်လ်ဒိုနဲ့ ဂါရတ်ဘေးလ်တို့က တင်ကစားခဲ့ပြီး ကွင်းလယ်နေရာမှာ တိုနီခရုစ်နဲ့ လူကာမိုဒရစ်တို့ကို အထိုင်ချကာ ၄-၃-၃ ကစားကွက်နဲ့ ရိုးမားအသင်းကို ရင်ဆိုင်ခဲ့ပါတယ်။ ရိုးမားအသင်းကတော့ ၄-၄-၂ ပုံစံနဲ့ ပွဲထွက်လာကာ ဆာလာနဲ့ ဇက်ကိုတို့နှစ်ဦးက တိုက်စစ်ပိုင်းကို ဦးဆောင်ကစားခဲ့ပါတယ်။ ဒါပေမယ့် ဆာလာနဲ့ ဇက်ကိုတို့နှစ်ဦးစလုံးဟာ အခွင့်အရေးတွေကို အကြိမ်ကြိမ် ဖြုန်းတီးခဲ့ကြလို့ ရိုးမားအသင်း ဂိုးတစ်ဂိုးတောင် မသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်ကတော့ ပထမပိုင်းမှာ ဖန်တီးမှုကောင်းကောင်း မဖော်ဆောင်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ တိုက်စစ်မြှင့်တင်ဖို့ ဂါရတ်ဘေးလ်နေရာ ဘက်စကွက်ဇ်ကို လူစားလဲခဲ့ပြီးနောက် တစ်မိနစ်အကြာမှာပဲ ဘက်စကွက်ဇ်ရဲ့ ဖန်တီးပေးပို့မှုကတစ်ဆင့် စီရိုနယ်လ်ဒိုက ရိုးမားဂိုးသမား ဆက်ဇ်နီနဲ့ နောက်ခံလူ မင်နိုလက်စ်တို့ တားဆီးနေတဲ့ကြားက ခြေဖျားနဲ့ အသာမကာ အဆုံးသတ်နိုင်ခဲ့လို့ ရီးယဲလ်မက်ဒရစ် ဂိုးစရပါတယ်။အဖွင့်ဂိုးရပြီးနောက် လေးမိနစ်အကြာ ပွဲကစားချိန် ၆၈မိနစ်မှာတော့ စီရိုနယ်လ်ဒိုရဲ့ ဖန်တီးပေးပို့မှုကို ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ကန့်လန့်ဖြတ် အနေအထားနဲ့ အပိုင်ကန်သွင်းယူခဲ့လို့ ဒုတိယဂိုးထပ်ရပါတယ်။ အဲဒီနောက် ရီးယဲလ်မက်ဒရစ်ကပဲ ပွဲကိုထိန်းချုပ်ကစားသွားပြီး ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရရှိခဲ့ပေမယ့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့တဲ့အတွက် နှစ်ဂိုးအသာနဲ့ ပွဲပြီးဆုံးသွားခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်အသင်းက ပထမအကျော့ ပွဲစဉ်မှာလည်း ရိုးမားကို အဝေးကွင်းမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရထားတာကြောင့် နှစ်ကျော့ပေါင်း လေးဂိုး-ဂိုးမရှိဆိုတဲ့ ရလဒ်နဲ့အတူ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။

အခြားချန်ပီယံလိဂ်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဝုဖ်ဘာတ်အသင်းနဲ့ ဂျန့်အသင်းတို့ရဲ့ ပွဲစဉ်မှာတော့ ဝုဖ်ဘာတ်အသင်းက ပွဲချိန်၇၄မိနစ်မှာ သွင်းယူခဲ့တဲ့ ရာလီရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါကြောင့် ဝုဖ်ဘာတ်အသင်းက နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးနဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ကို ပထမဦးဆုံးအကြိမ်အဖြစ် တက်ရောက်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ ဂျန့်အသင်းကတော့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဝုဖ်ဘာတ်ကို ထိုးဖောက်တိုက်စစ်ဆင်ခဲ့ပေမယ့် ရှေ့တန်းတိုက်စစ်မှူးတွေ ဂိုးသွင်းမသေသပ်တာ၊ ဝုဖ်ဘာတ်နောက်ခံလူတွေကို ကျော်ဖြတ်နိုင်မှုအားနည်းတာကြောင့် ၁၆ သင်းအဆင့်နဲ့ပဲ ကျနပ်လိုက်ရတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်-ရိုးမားပွဲမှ ထူးခြားချက်များ

- ➢ ယခုပွဲတွင် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သူ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ချန်ပီယံလိဂ်စုစုပေါင်း သွင်းဂိုး၆၁ဂိုးအထိရှိပြီဖြစ်သောကြောင့် (ရာအူးလ်-၅၆ဂိုး၊ မက်ဆီ-၅၁ဂိုး) ထက် သွင်းဂိုးအရေအတွက် သိသိသာသာ ကျော်လွန်ခဲ့ပြီဖြစ်။
- ➢ စီရိုနယ်လ်ဒိုသည် ရိုးမားအသင်းနှင့်တွေ့ဆုံခဲ့သည့် ချန်ပီယံလိဂ် နောက်ဆုံးခြောက်ပွဲတွင် သွင်းဂိုးငါးဂိုးအထိ သွင်းယူနိုင်ခဲ့။
- ➢ ရီးယဲလ်ဂိုးသမား ကီလာနာဗက်စ်မှာ ချန်ပီယံလိဂ်ပွဲစဉ်ရစ်ပွဲဆက်တိုက် ပေးဂိုးမရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် အာဆင်နယ်ဂိုးသမား ယန်းလေမန်း၏ကိုးပွဲဆက် ဂိုးမပေးရသည့် စံချိန်ကိုလိုက်မီရန် တစ်ပွဲသာလိုတော့။
- ➢ ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုပွဲတွင် ဂိုးရရှိရန် ၃၇ကြိမ်အထိ ထိုးဖောက်မှု ဖြုနိုင်ခဲ့ရာ ယင်းအရေအတွက်သည် ဒုတိယအကျော့ပွဲစဉ်၌ ရိုးမား၊ ဝုဖ်ဘာတ်နှင့် ဂျန့်အသင်း စုစုပေါင်း ပြုလုပ်နိုင်ခဲ့သည့် ဂိုးဖန်တီးမှုပမာဏထက်ပင် ကျော်လွန်ခဲ့။

တီဗွီကြည့်စဉ် မီးပလတ်ခုံအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မောက္ကလန်ရွာတွင် မတ် ၇ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်ရာသို့ ပခန်းကြီးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်နှစ်စီးဖြင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါကျေးရွာနေ အောင်ကျော်ဆင့်(၃၉)နှစ်သည် နေအိမ်တွင် တီဗွီကြည့်နေစဉ် တီဗွီမီးပလတ်ခုံအပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး မီးလောင်မှုကြောင့် လူနေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကျော်ဆင့်အား ရေစကြိုမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

တမလန်းသစ်များ တရားမဝင်သယ်ဆောင်သူအား အရေးယူ

နေပြည်တော် မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ကျွန်းလှမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက်က ကျွန်းလှမြို့နယ် ကုက္ကိုကန်းရွာအနီး ရေထွက်လေးချောင်း တောင်ဘက်လမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် ပုသိမ်ကြီးမြို့နယ် ဆားခါးရွာနေ ဇရာမင်းစိုး မောင်းနှင်လာသည့် MDY 1J/----- Elgrand ယာဉ်ကိုရှာဖွေရာ တမလန်းသစ်စားရွေ့တုံး ခြောက်တုံး(သုည ဒသမ ၅၆၄တန်)ကို တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေးသိရှိရ၍ သိမ်းဆည်းခဲ့သည်။ **(ရဲပြန်ကြား)**

လွိုင်ကော်မြို့နယ်အတွင်း ဘိန်းစိုက်ခင်း ၁၅ ဧကအား ဖျက်ဆီး

လွိုင်ကော် မတ် ၉

ကယားပြည်နယ် လွိုင်ကော်မြို့ ကုန်းသာကျေးရွာအုပ်စု ကုန်းသာကျေးရွာ၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ် ပြည်နယ်မြေပုံအညွှန်း (LB 0632890944) တွင် ဘိန်းပင်အမြင့် နှစ်ပေခွဲရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁ ဒသမ ၅ ဧကခန့်နှင့် (LB 0632990515)တွင် ဘိန်းပင်အမြင့် နှစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ကိုးဧကခန့်တို့အား မြို့နယ်ရဲမှူးခင်မောင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က ဖျက်ဆီးခဲ့ပြီး ဘိန်းစိုက်ခင်းများရှိ မရှိ ဆက်လက်ရှာဖွေရာ မူလဖျက်ဆီးခဲ့ပြီးသောဘိန်းခင်း၏ ကိုက် ၁၀၀၀ ခန့်အကွာ မြေပုံအညွှန်း (၀၆၂၂၅၅၉၀၆၅၅) တောင်ကြားတွင် ဘိန်းပင်အမြင့် ရစ်လက်မခန့်ရှိ ဖူးပွင့်စဘိန်းစိုက်ခင်းဧက ၄ ဒသမ ၅၀ ခန့်အား တွေ့ရှိ၍ ဆက်တိုက်ဖျက်ဆီးခဲ့ရာ

စုစုပေါင်းဘိန်းစိုက်ခင်း ၁၅ ဧကအား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်ရဲမှူး ခင်မောင်နှင့် တပ်မတော်သားများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး၊ မြေစာရင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မူးယစ်ဆန့်ကျင်ရေးအသင်း၊ မြို့နယ်လဝက၊ မြို့နယ်မီးသတ်၊ မူးယစ်အထူးတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်းတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

ဖားကန့်မြို့နယ်တွင် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၉

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက်က မြစ်ကြီးနား-ဖားကန့်သွားကားလမ်း လယ်ပြင် ပူးပေါင်းစစ်ဆေးရေး စခန်းတွင် ဇော်လတ်မောင်းနှင်ပြီး ဝါလာယောဟန် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မိုင်းဖြတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့နယ် မိုင်းဖြတ်ကျေးရွာအုပ်စု ဟိုနား(အာခါ)ကျေးရွာနေ မနာအု၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

ဇော်လတ်နှင့် ဝါလာယောဟန်တို့ နှစ်ဦးအား သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု

နေပြည်တော် မတ် ၉

ဖေဖော်ဝါရီလအတွင်း တပ်မတော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ မူးယစ်တပ်ဖွဲ့စုများ၊ ရထားရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်း ၂၈ မှု (အလေးချိန် ၄၄ ဒသမ ၅၇၄၅ ကီလို)၊ ဘိန်းဖြူအမှု ၂၀၀ (အလေးချိန် ၄ ဒသမ ၁၉၃၆ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂ မှု (၈၃၄၁၉၆၆ ပြား)၊ ဆေးခြောက် ၁၈မှု (အလေးချိန် ၂၄ ဒသမ ၆၇၄၇ ကီလို)၊ ဘိန်းဆီခဲ နှစ်မှု (အလေးချိန် သုည ဒသမ ၂၆၉၅ ကီလို)၊ အဆင်နိမ့်ဘိန်း သုံးမှု (အလေးချိန် သုည ဒသမ ၀၃၁၈ ကီလို)၊ ဘိန်းဆီရည် တစ်မှု (သုည ဒသမ ၀၉၂၅ လီတာ)၊ အက်တက်စီဆေးပြား ၁၀ ပြား၊ ဘိန်းစာမုန့် လေးမှု (အလေးချိန် သုည ဒသမ ၁၄ ကီလို)၊ စိတ်ကြွအကြေမှုန့် တစ်မှု (အလေးချိန် သုည ဒသမ ၀၃၉၂ ကီလို)၊ ကဖင်း ၂၂ ကီလို၊ အိုက်စ် လေးမှု (အလေးချိန် ၁ ဒသမ ၁၀၀၂ ကီလို)၊ ဟိုက်ဒရိုကလိုရစ်အက်ဆစ် သုည ဒသမ ၅လီတာ၊ ဆူဒိုအက်ဖီဒရင်းဆေးပြား အပြား ၁၀၀၀၊ Phosphorica Acid နှစ်မှု (၁၀၅၃ လီတာ)၊ အရိုးမီးသွေး ၃၀၀ ကီလို၊ အက်စီတုန်း လေးလီတာ၊ ဗျူရီနော်ဖင်း ကိုးပြား၊ ထရာမဒေါလ်ကိုးတောင့်၊ မှတ်ပုံတင်ပျက်ကွက်မှုနှင့် အခြားအမှုနှစ်မှုတို့ကို သိမ်းဆည်းရမိခဲ့ပြီး အမှုပေါင်း ၅၅၇ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၇၀၁ ဦး၊ အမျိုးသမီး ၁၀၅ ဦး စုစုပေါင်း ၈၀၆ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပင်မအဆောက်အအုံဝင်းဧရိယာ(၂.၀၇)ဧက၊ တောင်ကုန်း ဧရိယာ(၀.၇၆)ဧက၊ ကားပါကင် ဧရိယာ (၀.၁၀)ဧက၊ လုံခြုံရေးဂိတ်(၀.၀၁)ဧကနှင့် မုန့်ဖိုနှင့် ဂိုဒေါင်ဝင်း ဧရိယာ(၀.၃၄)ဧက၊ စုစုပေါင်းဧရိယာ(၃.၂၈)ဧက အတွင်းရှိ မြေနေရာနှင့် အဆောက်အအုံအား ၁၇-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ(၃)၌ လေလံစနစ်ဖြင့် အငှားချထားမည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို ဦးဥတ္တမပန်းခြံအတွင်းရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ရုံးချုပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၁၆-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ ရုံးချုပ်သို့ဖြစ်စေ၊ ဖုန်း-၀၁-၃၇၁၀၀၃ သို့ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့၊ လေလံတင်ရောင်းချရေးအဖွဲ့

EAC
76, ... 0973071901
...02-31505 09260425566,012315072
ရေခဲမုန့် ၊ Snack ၊ ပေါ့ရည်၊ သစ်သီးယို၊မုန့်မှတ်သင်တန်း
ဂျယ်လီ၊ငါးမုန့်၊ဆော့စ်မျိုးစုံ၊ အချိုရည်နှင့်ဆပ်ပြာထုတ်လုပ်သင်တန်း

The Sun မွန်းတည့်နေကျွန်းယံ
မတ်လ ၁၁ ရက်၊ သောကြာနေ့မှာ ထွက်ပြီ

Asia Top 0943164118,09421099574,098635520
45000
45000
75000
70000
55000 75000
65000
100000
60000
25000
140000 Air-con

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈/ရပ်ကွက်၊ စက္ကဝတ်(၅)လမ်း၊ အမှတ်(၁၃၈)နေ ဒေါ်တိုးကြည်[၁၂/ဥကမ(နိုင်)၀၆၃၇၅၃]၏ အမွေစား၊ အမွေခံ မွေးစားသားဖြစ်သူ မောင်တင်ထွန်းအောင် [၁၂/ဥကမ(နိုင်)၁၄၉၉၁၅]သည် မိဘများ တားမြစ်သည်ကြားမှ ၎င်းသဘောအလျောက် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေ၀ါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံ မွေးစားသားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်သည်။ (၎င်း၏ ကိစ္စ ရပ်များအား လုံးဝတာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါ။ မေးမြန်းစုံစမ်းခြင်း သည်းခံပါ။)

ဒေါ်တိုးကြည်
[၁၂/ဥကမ(နိုင်)၀၆၃၇၅၃]

2016 သင်္ကြန်
April-12~20
Only $-2100
YANGON TO JEJU - DIRECT FLY... တိုးဇီနဲ့ GO ပြီ
ကိုရီးယား(9D/8N) April-12~20 USD-2100
ပြင်သစ်ကြေးလျှ(10D/9N) April-12~21 USD-4200
ဥရောပ (14D/13N) April-12~25 USD-4400
ဂျပန် (9D/8N) USD-2860 April-12~20
ဒူဘိုင်း USD-1950 April-11~16 (6D/5N)
ကင်ဗွားဒီးယား + ဗီယက်နမ်(8D/7N) April-12~19 USD-1280
ဗီယက်နမ် (6D/5N) April-11~16 USD-850
ရန်ကုန် - ဗန်ကောက်(6D/5N) April-13~18 USD-650
မန္တလေး - ဗန်ကောက်(6D/5N) April-13~18 USD-800
ကူမင်း - ပေကျင်း - ရှန်ဟိုင်း(8D/7N) April-11~18 USD-1650
ပတာယာ - ဟောင်ကောင် (6D/5N) April-10~15 USD-1400
ကွမ်ကျိုး - ပတာယာ - ဟောင်ကောင် (8D/7N)April-12~19 USD-1600
ဖူးခက် + ဗန်ကောက်(6D/5N) April-11~16 USD-880
ရန်ကုန် - စင်ကာပူ(5D/4N) April-12~16 USD-990
မန္တလေး - စင်ကာပူ(5D/4N) April-12~16 USD-1150
ဘာလီ + စင်ကာပူ(8D/7N) April-11~18 USD-1500
စင်ကာပူ+မလေးရှား(7D/6N) April-11~17 USD-1350
သင်္ကြန်ခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ...
အမှတ်(၁၀၉)၊ (ပ)ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 01-378 503, 378 127, 250 734, Viber - 09779999146, 09779999147

ပြည်တွင်းရေးရာ

မြဝတီမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေပေးအပ်

မြဝတီ မတ် ၉

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ ပဉ္စမအကြိမ် ထောက်ပံ့သည့် ပစ္စည်းများနှင့် ရန်ပုံငွေများ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ရန်ပုံငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမအကြိမ်တွင် လုပ်ငန်းပေါင်း ၂၄ မျိုးအတွက် ကျပ်သန်းပေါင်း ၄၂ ဒသမ ၂၄၀၅သန်း၊ ဒုတိယအကြိမ်တွင် လုပ်ငန်းပေါင်း ၃၉ မျိုးအတွက် ကျပ်သန်းပေါင်း ၆၂ ဒသမ ၄၇ သန်း၊ တတိယအကြိမ်တွင် လုပ်ငန်းပေါင်း ၅၀ မျိုးအတွက် ကျပ်သန်းပေါင်း ၁၁၁ ဒသမ ၄၅၈၉ သန်း၊ စတုတ္ထအကြိမ်တွင် လုပ်ငန်း ၂၃ မျိုးအတွက် ကျပ်သန်းပေါင်း ၄၄ ဒသမ ၉၂၂ သန်းရရှိခဲ့ပြီး ယခု ပဉ္စမအကြိမ်တွင် လုပ်ငန်းခုနစ်မျိုးအတွက် ၇ ဒသမ ၈၅ သန်း ရရှိခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

ငါးမွေးမြူရေးကန်များ၌ ပုံမှန်မဟုတ်သောပြောင်းလဲခြင်းများဖြစ်ပေါ်ပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ဆက်သွယ်ရန်လို

မုံရွာ မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက အဓိကအရေးကြီးဆုံးမှာ ငါးမွေးကန်တွင် ပုံမှန်မဟုတ်သောအခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန် အရေးကြီးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်အသိပေးထားကြောင်း သိရသည်။

နေ့အပူချိန်မြင့်မားလွန်ကဲလာမှု သိသာလာသောကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းခြင်းနှင့် ဆက်စပ်ကာ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချကြရန် စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကငါးမွေးမြူသူများအား အသိပေးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးဦးအောင်ညီတိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အပိုင်းဒေသတွင် အများဆုံးပါဝင်သော ရွှေဘိုခရိုင်အတွင်း ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းရှင် ၉၄၄ ဦးက ၄၂၄၁ ဒသမ ၅၄ ဧကရှိ ကန်ပေါင်း ၉၄၄ ကန်တွင် ငါးများမွေးမြူထားသလို တိုင်းဒေသကြီးအတွင်း ခရိုင်ရှစ်ခုတွင် ငါးမွေးမြူရေးလုပ်ငန်းရှင် ၁၇၆၉ ဦးက ၇၀၀၀ ဒသမ ၉၅၆ ဧကရှိ ငါးမွေးမြူရေးကန်ပေါင်း ၃၅၈၄ ကန်ဖြင့် မွေးမြူလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် လုပ်ငန်းရှင် ၂၀ ဦးက ၅၈ ကန်၊ မုံရွာခရိုင်တွင် လုပ်ငန်းရှင် ၅၃ ဦးက ၁၁၅ ကန် ယင်းမာပင်ခရိုင်တွင် လုပ်ငန်းရှင်ကိုးဦးက ၁၅ ကန်၊ ရွှေဘိုခရိုင်တွင် လုပ်ငန်းရှင် ၉၄၄ ဦးက ၂၀၁၈ ကန်၊ ကလေးခရိုင်တွင် လုပ်ငန်းရှင် ၂၅၁ ဦးက ၅၅၅ကန်၊ တမူးခရိုင်တွင် လုပ်ငန်းရှင် ၇၈ ဦးက ၁၁၂ ကန်၊ မော်လိုက်ခရိုင်တွင် လုပ်ငန်းရှင်တစ်ဦးက တစ်ကန်နှင့် ကသာခရိုင်တွင် လုပ်ငန်းရှင် ၃၉၂ ဦးက ၆၂၀ ကန်တို့ဖြင့် မွေးမြူထားကြောင်း သိရသည်။

ငါးမွေးမြူရေးကန်များ နေအပူရှိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်လိုအပ်ပြီး ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်လိုအပ်ကြောင်း သိရသည်။

အပူရှိန်ပြင်းသည့် အချိန်များဖြစ်သည့် နေ့လည်ပိုင်းတွင်း ငါးများကို ကန်ပြောင်းရွှေ့ခြင်းမပြုကြရန် လိုသလို မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော ရေကန်အရောင်အသွေးဖြစ်သည့် ရေကြည်နှုန်း ၂၅ မှ ၄၀ စင်တီမီတာအတွင်း ရှိနေစေရန်လိုသည်။

ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ငါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာကိုသာ ချိန်ဆကျွေးရမည်ဖြစ်ပြီး အစာကျွေးပြီးပါက အစာကျန်များ ရှိ၊ မရှိကို ပုံမှန်စစ်ဆေးရန်လိုအပ်ကြောင်း သိရသည်။

မွေးမြူရေးကန်ကိုလိုအပ်ပါက ရေအသစ်လဲလှယ်နိုင်ရေးအတွက်ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်လိုအပ်ပြီး ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှုအခြေအနေကို နေ့စဉ် နံနက် ၆ နာရီတွင် ပုံမှန်စစ်ဆေးပေးရန် လိုအပ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

ဖတ်စရာ

a o&uwe;p;a&(pwyrm)

ကိုယ်တိုင်ကြိုးစားခြင်းဖြင့် ဘဝကိုမြှင့်တင်လိုက်ပါ

ကြီးမားသော အတွေ့အကြုံတိုင်းကို ပိုင်ဆိုင်လိုသမှန်သမျှ တွေ့ကြုံရသော ဒုက္ခသခကို ရရင့်စွာဖြတ်သန်းရင်ဆိုင်ရရပေလိမ့်မည်။ ဂုဏ်ယူတတ်မှ ဂုဏ်ရှိသောလောကတွင် သဘောထားသည် အခြေခံကြ၍ ဝေဖန်သမျှ ရင်ဆိုင်ကြပေလိမ့်မည်။ ဘဝဆိုသော အောင်ပွဲအလံတိုင်ကို စိုက်ယူနိုင်ရန် ကြိုးစားရပေမည်။

ယနေ့တွေ့ရသော လူ့စိတ်သဘာဝအရ အောင်မြင်သူတိုကိုကြည့်၍ အားကျနေပြီး အောင်မြင်သူတို့ လျှောက်လှမ်းသောခရီးကို မသိချင်ယောင် ဆောင်တတ်ကြပေသည်။ အမှောင်ကိုခွင်းခြင်းသည်၊ အလင်း၊ အတင်းကိုခြေဖျက်ခြင်းသည် လက်တွေ့အလုပ်၊ သဘောထားနှင့် စိတ်ဓာတ်ကိုဖြူဖြူစင်စင်ထား၍ တက်ကြွမှုများ သက်သာအောင်ပြုလုပ်ကြရပေမည်။ အတ္တပိုင်ထားသည့်လူသား အပူများကို ရင်ဆိုင်ထားသမျှ ဒုက္ခဟုသမုတ်ကာ လွယ်လွယ်သာညည်းတွား နေတတ်ကြပေသည်။ ညည်းမြင်းသည် တိုးတက်မှု လမ်းစပိတ်တတ်သကဲ့သို့ပင် ကြားရသူပင် နားဝင်မချိုတတ်၍ အမြင်တိုကပ်တတ်ကြပေသည်။

လွယ်လွယ်တွေးက လွယ်လွယ်ဖြစ် လေးစားမှု စစ်စစ်တို့ အရှိအသေတန်တတ်ကြပေသည်။ ယူထားသော တာဝန်ကျေပွန်မှုလုယ်၍၊ တွေ့ကြုံသမျှ ဖြေရှင်းရင်ဆိုင် စိန်ခေါ်ရမှ ဘဝက ရရင့်သ၊ အရည်အချင်းရှိသူအဖြစ် ထင်ကျန်ရစ်နေတတ်ပေသည်။ မိမိတာဝန်ထမ်းဆောင်နေသော ဝန်းကျင်မှ သိသင့်သမျှအား ကျွမ်းကျင်ပိုင်နိုင်စွာ သိနေပါစေ။ အားကိုးလိုသော လူသားများသည် ထာဝရအားကိုး မေးမြန်း လာတတ်ကြပေသည်။ အလုပ်အများဆုံးလုပ်နေသမျှ ပင်ပန်းတာ သဘာဝပင်ဖြစ်ပေသည်။ ပင်ပန်းခြင်းအတွက် ညည်းညူမည့်အစား သွယ်ဝိုက်လို့ဝှက်သော အဓိပ္ပာယ်ရှိထားသည် တိုးတက်ကျွမ်းကျင်လာခြင်းအား ဂုဏ်ယူရင်းဖြင့် ထပ်မံပေးဆပ် ကြိုးစားသင့်လှသည်။ တစ်နေ့တည်းမပြီးသောဘဝအိမ်ဆောက်လုပ်ငန်းတွင် အရေးပါမှ အရာဝင်ပြီး ထူးခြားမှ စွဲလန်းစေတတ်ပေသည်။

အလုပ်၏ တန်ဖိုးနှင့် လူသား၏အရည်အချင်းအား ငွေများဖြင့် ထာဝရမပိုင်းဖြတ်နိုင်ပါပေ။ ငွေဖြူဖြူ၏ အခြားတစ်ဖက်တွင် အဖိုးမဖြတ်နိုင်သည့် အနဂ္ဃအတွေ့အကြုံတို့ကို ရယူနိုင်ပေသည်။ များစွာသော လူတွေအကြား ရေသာခိုသူများနောက်တွင် ကျန်နေတတ်ပေသည်။ တန်သမျှလုပ်လျှင် လုပ်သမျှတန်ရင်း အရည်အချင်းတိုးစားသွားတတ်ပေသည်။ ယဉ်ကျေးသည်ဆိုသော အသိုင်းအဝိုင်းကြား မှုသားများ

အထင်သေး၍ကြည့်သောသူကို ဆင်ခြေပေးနေသမျှ အမြင်ကလှလာမှာ. . .

တန်ဆာဆင်သမျှ အမှန်သမားများက ရှေ့မှထင်ပေါ်နေတတ်စ မြဲပင်ဖြစ်ပေသည်။

ရေသာခိုဇိမ်ယစ်မှု့က အားကျမည့်အစား ဖန်တီးကြိုးစားမှု နှစ်ဆပွားသင့်လှပေသည်။ "သတိုလေ" ဟု လက်ညှိုးထိုးအပြစ်ဆိုမည့်အစား ငါအမှားဟု သတိယူသံဝေဂပွားရင်း ပြင်ဆင်ခြင်းအမှုကိုပြုလုပ်အမြတ်ထုတ် တတ်ရပေမည်။ ကမ္ဘာမြေပေါ်ရှိရှိသမျှအရာတိုင်း အသုံးချတတ်လျှင် အသုံးကျနေတတ်စမြဲပင်ဖြစ်ပေသည်။ မသိသူကျော်သွားသမျှ သိသူတို့က အမိအရဖော်စားတတ်သော လောကတွင် ခါးခါးချိုချိုအသုံးလိုသမျှ အဖိုးတန်တတ်စမြဲပင်ဖြစ်ပေသည်။

အထင်သေး၍ ကြည့်သောသူကို ဆင်ခြေပေးနေသမျှ အမြင်ကလှလာမှာ မဟုတ်သော သဘာဝထဲတွင် ခွန်အားမနည်း၊ ဇွဲတိမြှမှသာ အောင်ပန်းက ကြိုဆိုနေမည်ဖြစ်ပေသည်။ စစ်မှန်စွာ ကြိုးစားမှုသာရှိနေပါစေ၊ အချိန်က ပံ့ချလောက်မည်မဟုတ်ပါပေ။ သို့တစေ အားလျှော့ရန်မလို မနက်တိုသည်လည်း နေထွက်နေအုံးမည်မှာ သေချာလှပေသည်။ ကြောက်သမျှလွဲ၍ ရသမျှမင်းဖြစ် အခခေတ်၏ စံနှုန်းတွင် ရေပြည့်မှသာ ဘောင်ဘင်မခတ်ပဲ တည်ငြိမ်စွာ အောင်မြင်ပြဖြစ်ပေသည်။

လူဖြစ်၍ ကမ္ဘာမြေထက် မတိတတ်ရပ်ရင်း အသက်တို့ရှူသွင်းသမျှ လောကဓံက လက်တို့ မနေတတ်ပေသည်။ သို့အတွက် ကြမ်းလှပါတယ်ဆိုသော လောကဓံကို အကျောမခံဘဲနားရွက်တံ တွေးဆတ်ရရပေမည်။ မျက်လုံးကလေးကိုမှိတ်၊ စိတ်ကလေးကညွတ်၊ အာရုံထဲသတ်သွင်းရမည့်အရာမှာ သတ္တိသာလျှင်ဖြစ်ပေသည်။ နွေ၊ မိုး၊ ဆောင်း၊ ရာသီပြောင်းခြင်းသည် ရာသီ၏ အလုပ်ဆိုလျှင် အဘယ်အတွက် လူသည်သူ့အလုပ်မလုပ်ရရပါမည်နည်း။

ကမ္ဘာမြေ၏ လမ်းမတိုင်းတွင် လှုပ်ရှားမှုက အပြိုင်အဆိုင်ဖြင့် ရန်းကန်နေမည်။ မိမိသည်လည်း အားခရင်ဆိုင်ရပေမည်။ လူတိုင်းကြုံရသော ဒုက္ခတရားဟာ လူသားများဖြေရှင်းနေပါလျှင် မိမိသည် အဘယ်ကြောင့် ကြောက်နေမည်နည်း။ လောကဓံသည် အရည်အချင်းစစ်သည့်ဆရာ ကဲဟုသည့် ကိုယ်တိုင်ဖန်တီးမှု တစ်စိတ်တစ်ပိုင်းဖြစ်သော ဘဝတွင် အတွေ့အကြုံဖြင့်ဘဝဆိုသောရာကိုအနိုင်ယူကြရမည်ဖြစ်သည်။

ပေါင်မြို့နယ်၌ကယ်ရီဆိုင်ကယ်ပြေးဆွဲသူများဝင်ငွေနည်းပါးလာ

ပေါင် မတ် ၉

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ပေါင်-ထန်းပင်ချောင်းသို့ ပြေးဆွဲနေသော ဆိုင်ကယ်ကယ်ရီသမားများ ယခုရက်ပိုင်းဆိုင်ကယ်ကယ်ရီစီးသူနည်းပါးလာသဖြင့် အလုပ်မတွင်ကျယ်ဘဲ ဝင်ငွေနည်းပါးလာကြောင်း သိရသည်။

ယင်းမြို့နယ်တွင်ဒေသခံများမှ ကိုယ်ပိုင်ဆိုင်ကယ်စီးသူ များပြားလာခြင်းကြောင့် ကယ်ရီဆိုင်ကယ်များ ငှားရမ်းစီးနင်းသူနည်းပါးလာကြောင်း၊ ကယ်ရီ ဆိုင်ကယ်များမှာ ဝင်ငွေနည်းလာ၍ လုပ်ငန်းပြောင်းလဲ လုပ်ကိုင်ရန် ပြင်ဆင်နေကြောင်း ဆိုင်ကယ်ကယ်ရီဆွဲသူ အများစုက ပြောသည်။

"ဒီရက်ပိုင်းမှာကယ်ရီဆွဲရတာ သိပ်အဆင်မပြေဘူး။ စီးသူနည်းပါးတယ်။ တောင်သူလုပ်ငန်းကလည်းနားချိန်၊ ဒီချိန်ကလည်း အယ်နှီညိုရာသီဥတုလဖြစ်တော့ လူအများစုက နေ့ခင်းပိုင်း ခရီးသွားလာမှုနည်းပါးလာတယ်။ ကိုယ်ပိုင်ဆိုင်ကယ်တွေကလည်းများလာတော့ တစ်နေ့ ငါးထောင်လောက်ရအောင်ကြိုးစားပြီး ရှာနေရပါတယ်။ သီးနှံပေါ်ချိန် အခါနား (ရိုးရာဓလေ့ ရာသီပွဲများ) နီးချိန်များမှာဆိုရင်တော့ မြို့တက်ဈေးအဝယ်များလို့ အဆင်ပြေပါတယ်"ဟု ဆိုင်ကယ်ကယ်ရီပြေးဆွဲသူ ကိုစည်သူက ပြောပြသည်။

ပေါင်မြို့နှင့် ထန်းပင်ချောင်းကျေးရွာသည် သုံးမိုင်ကျော်ဝေးပြီး ဆိုင်ကယ်ကယ်ရီပြေးဆွဲသူက ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ပြေးဆွဲလျက်ရှိသည်။ **ပေါင်မြို့နယ်(ပြန်/ဆက်)**

နိုင်ငံခြားဝင်ငွေရရှိရန်နှင့် သီးနှံအထွက်တိုးရန် ပျားလုပ်ငန်းများဖော်ဆောင်

မုံရွာ မတ် ၉

နိုင်ငံတကာအဆင့်မီ ပျားရည်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိနိုင်ရန်နှင့်သီးနှံများ အထွက်တိုးရန် ဝတ်မှုန်ကူးဝန်ဆောင်မှုပေးကာ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍအတွက် အထောက်အကူတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်က ပြောသည်။

"မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပျားလုပ်ငန်းဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလကစပြီး ဥရောပမျိုးပျားအုံ ၈၆ အုံနဲ့ စတင်မွေးမြူခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ မြို့နယ်ခြောက်ခုနဲ့ ပျားစခန်းတစ်ခုတို့မှာ ပုဂ္ဂလိကပျားအုံ ၄၈၂၄၅ အုံကို အရာထမ်းငါးဦး၊ အမှုထမ်း ၂၅ ဦး၊ နေ့စားငါးဦးနဲ့ ပုဂ္ဂလိက ပျားမွေးမြူသူ ၂၈၉ ဦးတို့နဲ့ လျာထားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်" ဟု ဦးမျိုးတင့်က ဆက်လက် ပြောပြသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပျားအုံ ၁၅၇၅ အုံ တိုးပွားအောင်ဆောင်ရွက်နေသလို ပျားရည်စုစုပေါင်း ပေါင် ၂၀၄၂၈၀၀ ထုတ်လုပ်နိုင်ရန်နှင့် အကောင်ရေ ၁၂၆၈၀ ကောင်ပြစ်သော ပျားဘုရင်မများကိုမွေးမြူမည် ဖြစ်သလို ဧက ၂၉၉၅၈၀ ဝတ်မှုန်ကူးဝန်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦး၊ ကလေး၊ ပြင်းမူ၊ စစ်ကိုင်း၊ ဘုတလင်၊ ကနီ၊ ထီးချိုင့်မြို့နယ်ပျားစခန်းများတွင် ပုဂ္ဂလိကပျားမွေးမြူသူ ၂၈၉ ဦးက ပျားအုံပေါင်း ၄၆၈၄၅ အုံ မွေးမြူလျက်ရှိပြီး ယခင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကပုဂ္ဂလိကပျားမွေးမြူသူ ၂၃၇ ဦးက ပျားအုံ ၃၄၈၄၅ အုံ မွေးမြူခဲ့ကြောင်း သိရသည်။

တိုးမြှင့်စီမံကိန်း လျာထားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကများသို့ စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာပဒေသာ ဖောင်ဒေးရှင်းမှ ချေးငွေများကူညီထောက်ပံ့ခဲ့သလို ပျားစာရရှိလာမှုနှင့်ရာသီဥတုမှန်ကန်မှုတမှတို့ကြောင့် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ဦးမျိုးတင့်က ဆက်လက်ပြောသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

အင်တောကျေးရွာဒေသခံပြည်သူများ သောက်သုံးရေအတွက် စက်ရေတွင်းတူးရာတွင် ငွေကြေး လုံလောက်မှုမရှိ၍ အခက်အခဲကြုံတွေ့နေ

မိတ္ထီလာ မတ် ၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အင်တောကျေးရွာတွင် ယခင်စက်ရေတွင်းဟောင်းမှာ သက်တမ်းကြာမြင့်လာသောကြောင့် ရေကောင်းရေသန့်ကောင်းစွာထွက်ရှိခြင်းမရှိတော့သဖြင့် ဒေသခံပြည်သူများစုပေါင်း၍ သောက်သုံးရေ အဆင်ပြေစွာအသုံးပြုနိုင်ရေးအတွက် အနက်ပေ ၉၀၀ ရှိ စက်ရေတွင်းတူးလျက်ရှိရာ ငွေကြေးလုံလောက်မှုမရှိ၍ အခက်အခဲကြုံတွေ့လျက်ရှိကြောင်း သိရသည်။

"အင်တောကျေးရွာမှာ အိမ်ခြေ ၁၂၀ ရှိပြီး လူဦးရေ ၆၀၀ ကျော်ရှိတယ်။ ကျေးရွာမှာ လွန်ခဲ့တဲ့ ၃၅ နှစ်လောက်က ဂျပန်ကအလှူရှင်တွေ လှူဒါန်းတူးပေးထားတဲ့ စက်ရေတွင်းရှိပေမယ့် ရေကောင်းရေသန့်ကောင်းကောင်းမထွက်တော့ဘူး။ ထွက်တဲ့ရေကလည်း ငန်တယ်။ စက်ရေတွင်းကလည်း ခဏခဏ ပြင်လိုက်ပျက်လိုက်ဖြစ်နေတော့ အများစုပေါင်းငွေကြေးစုဆောင်းပြီး ကျေးရွာအတွက် ဒေသအခြေအနေပထဝီအနေအထားအရ ပေ ၉၀၀ အနက်လောက်ရှိတဲ့ စက်ရေတွင်းတူးနေတာ ပေ ၁၀၀ ကျော်တူးပြီးတဲ့အချိန်မှာ စုဆောင်းထားတဲ့ငွေက သိန်း ၆၀ လောက်ပဲကျန်တော့တယ်။ တကယ်ကုန်ကျမှာကသိန်း ၁၄၀ လောက်ကုန်ကျမှာ ငွေကျပ်သိန်း ၈၀ လောက်လိုအပ်နေတယ်။ အဲဒီအခက်အခဲကို ဦးဇင်းထံဆက်သွယ်ပြီးတော့ ရွာကလူမ်းအကူအညီတောင်းတာမို့ ဦးဇင်းလည်း အလှူခံပေးနေပါတယ်။ အခုတော့ ကျောက်ကျွာမီးဘေးအတွက် ကူညီထောက်ပံ့လှူဒါန်းဖို့ သွားနေတာ။ အဲဒီကအပြန် နတ်မောက် အင်တောကျေးရွာကို အလှူရှင်တွေလှူဒါန်းထားတဲ့ ငွေကျပ် ၁၂ သိန်း သွားရောက်လှူဒါန်းမှာပါ။ ငွေကျပ်သိန်း ၂၀ လောက်နဲ့ ရေရှားပါးတဲ့ဒေသက ကျေးရွာတွေမှာ စက်ရေတွင်းတူးပြီး လှူလိုတဲ့ အလှူရှင်လည်း ရှိနေပါတယ်" ဟု မန္တလေးမြို့တွင် ကုမဒြာပျိုးခင်းစာပေဝိုင်းထူထောင်၍ ပရဟိတ လုပ်ငန်းများ ဆောင်ရွက်နေသည့် ဆရာတော် ဘဒ္ဒန္တကုမဒက မိန့်ကြားခဲ့သည်။

သောက်သုံးရေရှားပါးသည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အင်တောကျေးရွာနေထိုင်သူများ အနေဖြင့် သက်တမ်း ၃၅ နှစ်ရှိ စက်ရေတွင်းဟောင်းမှ ရေအား ရယူသုံးစွဲရန် အခက်ကြုံသည့်အချိန်တွင် နီးစပ်ရာကျေးရွာများသို့ နွားလှည်းရေစည်များဖြင့် သောက်သုံးရေကို သယ်ဆောင်အသုံးပြုနေရသည်။ ယင်းကျေးရွာတွင် ပေ ၉၀၀ အနက်ရှိ စက်ရေတွင်းတူးဖော်ရာတွင် ထပ်မံလိုအပ်သည့်ငွေကြေးအား တတ်စွမ်းသရွေ့ ဖြည့်ဆည်းကူညီလှူဒါန်းလိုသူများအနေဖြင့် ဘဒ္ဒန္တကုမဒ ၀၉-၂၅၆၁၉၇၂၂၃ သို့လည်းကောင်း၊ အင်တောကျေးရွာသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။ **ချမ်းသ၀(မိတ္ထီလာ)**

မီးဆေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲပြုလုပ်

မော်လိုက် မတ် ၉

ယခုနှစ်ရာသီတွင် အယ်နီညိုရာသီဥတုကြောင့် ဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သည့်အတွက် ဝန်ထမ်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သိရှိစေရန်၊ နည်းစနစ်မှန်ကန်သည့် မီးငြိမ်းသတ်နည်းများကို သိရှိနားလည်စေရန်နှင့် မိမိပတ်ဝန်းကျင်ရှိ ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လက်ဆင့်ကမ်း ပြန်လည်ပေးနိုင်ရန်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောပွဲကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် မော်လိုက်မြို့နယ် ဆောက်လုပ်ရေးဦးစီးဌာနရုံးဝင်းထဲ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်ဇော်က မီးလောင်မှုဖြစ်ပွားရခြင်းနှင့် ဖြစ်ပွားလာလျှင် လုပ်ဆောင်ရမည့်အချက်များနှင့် နည်းစနစ်မှန်သည့် မီးငြိမ်းသတ်နည်းများ၊ မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် မီးသတ်ပိုက်အမျိုးအစားများ၊ မီးသတ်ပိုက်ခေါင်းအမျိုးအစားများ၊ မီးငြိမ်းသတ်ယာဉ်များအကြောင်းကို ဝန်ထမ်းများ ဗဟုသုတအနေဖြင့် သိရှိနားလည်စေရန် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်ကီပြွတ်(ပီပါခွံ)ထဲသို့ လောင်စာဆီများထည့်ကာ မီးငြိမ်းသတ်နည်းတစ်ခုဖြစ်သော လောင်စာနှင့် အောက်ဆီဂျင်ဖြတ်တောက်နည်းဖြစ်သည့် စောင်ရေစိုဖြင့် မီးငြိမ်းသတ်နည်းကိုလည်းကောင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကိုလည်းကောင်း မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။ **မော်လိုက်သားလေး**

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရာသီစာ ပိန္နဲသီးနှံများ ဈေးကောင်းရရှိ

ပွင့်ဖြူ မတ် ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရာသီစာပိန္နဲသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိရာ ဈေးကောင်းရရှိ၍ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

ပိန္နဲသီးပင်များကို ဥယျာဉ်ခြံမြေနှင့် အိမ်ဝိုင်းမြေများရှိ စည်းရိုးများတွင် နှစ်ရှည်ပင်များအဖြစ် စိုက်ပျိုးထားကြပြီး သုံးနှစ်မှ ငါးနှစ်ခန့်တွင် ဆွတ်ခူးရောင်းချ စားသောက်နိုင်သည်။

ပိန္နဲသီးများတွင် အိမ်ပျော့နှင့် အိမ်မာ (အကျွတ်)ဟု နှစ်မျိုးခွဲထားပြီး အိမ်ပျော့မျိုး ပိန္နဲသီးများကို အသီးနုအရွယ်တွင် ဟင်းချက်သီးအဖြစ်ဆွတ်ခူးရောင်းချကြသည်။ အိမ်မာ (အကျွတ်)မျိုးကို ရင့်မှည့်သည်အထိထားရှိပြီးအသီးအရွယ်ပေါ်မူတည်၍ တစ်လုံးကို ၂၀၀၀ ကျပ်မှ ၇၀၀၀ ထိဈေးကောင်းရရှိသည်။

အိမ်ပျော့မျိုးပိန္နဲသီးများကို ရင့်မှည့်သည်အထိမထားရှိဘဲ အနုသီးအရွယ်တွင် ဟင်းချက်သီးအဖြစ်ဆွတ်ခူးရောင်းချကြရာ အသီးအရွယ်ပေါ်မူတည်၍ တစ်လုံး ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်ထိ ရရှိပြီး တစ်ဆင့်ခံ ဝယ်ယူရောင်းချသူများမှ အစိတ်ငယ်များစိတ်၍ ပြန်လည်ရောင်းချလျှင် တစ်လုံးကို ၂၅၀၀ ကျပ်မှ ၃၀၀၀ ကျပ်ထိ ပြန်လည်ရရှိကြသည်။

ပွင့်ဖြူမြို့နယ်မှထွက်ရှိသော ပိန္နဲသီးနှံများကို မင်းဘူး၊ စလင်းမြို့တို့မှတစ်ဆင့် မကွေး၊ မန္တလေး၊ ရန်ကုန်မြို့သို့အထိ တင်ပို့ရောင်းချလျက်ရှိရာ ပိန္နဲသီးစိုက်တောင်သူများ ဈေးကောင်းရရှိ၍ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

ယာဉ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးကြပ်မတ်မေး

နေပြည်တော် မတ် ၉

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယာဉ်မတော်တဆထိခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး အများဆုံးယာဉ်ထိခိုက်မှုမှာ မော်တော်ဆိုင်ကယ်တိမ်းမှောက်မှုများဖြစ်၍ ယာဉ်စစ်ဆေးမှုများကို နေရာတိုင်းတွင် စစ်ဆေးကြပ်မတ်လျက်ရှိကြောင်းသိရသည်။

ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးအဖွဲ့မှ ဒုရဲမှူးစောတင်နှင့် အဖွဲ့သည် မတ် ၆ ရက် နံနက် ၈ နာရီက ဆွာလမ်းဆုံအနီး၊ နေပြည်တော်ကောင်စီရုံးအနီး၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်ရှိ မြို့တော်ခန်းမရှေ့နှင့် စည်ပင်ဧည့်ရိပ်သာအနီးတို့တွင် ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် ဆိုင်ကယ်စီးဦးထုပ်များကို စစ်ဆေးကြပ်မတ်ခဲ့ကြောင်း သိရသည်။ **သန့်မောင်(ဖြန့်/ဆက်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲကျင်းပ

ယင်းမာပင် မတ် ၉

ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ကျရောက်လာပြီဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးထွန်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများလိုက်ပါပြီး ယင်းမာပင်မြို့နယ် မြို့ပေါ်ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်၌ မတ် ၆ ရက် နံနက် ၉ နာရီမှစတင်ပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများနှင့်တွေ့ဆုံကာ လျှပ်စစ်အန္တရာယ်ကင်းရင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် ယင်းမာပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးထွန်းက လျှပ်စစ်အန္တရာယ်ကင်းရင်းစေရေးအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် သတိပြုရန်အချက်များ၊ လျှပ်စစ်ပစ္စည်းများကိုင်တွယ်အသုံးပြုရာတွင် သတိထားဆောင်ရွက်ရန်အချက်များအပြင် ခုတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစုနည်းနှင့် မိသားစုလျှပ်စစ်အန္တရာယ် ကင်းရှင်းရေးတို့ကို အထူးအလေးထားကာ အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောပြီး တက်ရောက်လာသည့်ဒေသခံကျေးရွာပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှထုတ်ဝေသော လျှပ်စစ်အသိနှင့်လျှပ်စစ်သတိလက်ကမ်းစာစောင် ၅၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်ပြီး ညနေ ၃ နာရီတွင် မြို့သစ်ကျေးရွာတွင်လည်း အလားတူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ကာ လျှပ်စစ်အသိနှင့် လျှပ်စစ်သတိလက်ကမ်းစာစောင် ၅၀ ခုကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ "အခုလို ပူပြင်းခြောက်သွေ့တဲ့နွေရာသီမှာ လျှပ်စစ်မီး လောလောလတ်လတ် အသုံးပြုကိုင်တွယ်ရာမှာ အန္တရာယ်မဖြစ်စေရေးကို ကျွန်တော်နှင့် ဝန်ထမ်းများက လက်တွေ့နယ်မြေကွင်းဆင်းအသိပညာပေး ဆောင်ရွက်လုပ်ကိုင်ပေးခြင်းဖြစ်ပါတယ်။ မြို့ပေါ်ကျေးရွာမှာ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို ပြီးခဲ့သည့်နှစ်ထဲက တပ်ဆင်ပေးကာ အိမ်သုံးမီတာဘောက် အလုံး ၈၈ လုံးတိတိ လျှပ်စစ်မီးသွယ်ယူအသုံးပြုလျက်ရှိပါတယ်။ မြို့သစ်ကျေးရွာကတော့ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် အိမ်သုံးမီတာဘောက် အလုံး ၆၁ လုံးတိတိ လျှပ်စစ်မီးသွယ်ယူအသုံးပြုလျက်ရှိပါတယ်" ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းမာပင်မြို့နယ်တွင် ရပ်ကွက်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာပေါင်း ၁၆၅ ရွာရှိသည့်အနက်မှ လျှပ်စစ်မီးရရှိသည့်ရပ်ကွက်၊ ကျေးရွာပေါင်း ၅၄ ရွာအရောက် ကွင်းဆင်းကာ လျှပ်စစ်အသိပညာပေးဟောပြောပွဲများကိုလည်း အင်တိုက်အားတိုက် ဆက်လက်ကြိုးစားဆောင်ရွက်ပေးသွားမည်ဟု ၎င်းက ပြောသည်။ **ထွန်းကိုကို(ယင်းမာပင်)**

သာစည်မြို့နယ် ကန်စွယ်ကျေးရွာနှင့် ကပ်ကြေးအင်းကျေးရွာတို့တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်

သာစည် မတ် ၉

သာစည်မြို့နယ် ကပ်ကြေးအင်းကျေးရွာနှင့် ကန်စွယ်ကျေးရွာနှစ်ရွာတို့တွင် ၂၄ နာရီ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လိုင်းဝန်ထမ်းများက အဆိုပါကျေးရွာနှစ်ရွာသို့ 11KV ကြိုး ၀/၁ ဒသမ ၅ မိုင် သွယ်တန်းခြင်းနှင့် 315KVA ထရမ်စဖော်မာတပ်ဆင်ခြင်း၊ ၄၀၀ ဗို့အားလိုင်း ၀/၁ ဒသမ ၂ မိုင် သွယ်တန်းခြင်းတို့ကို နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ ဆောင်ရွက်နေကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးသိန်းထွန်းဦး (ဦးစီးအရာရှိ-နည်းပညာ)သည် မတ် ၈ ရက်တွင် အဆိုပါလုပ်ငန်းခွင်သို့ သွားရောက်ပြီး သတ်မှတ်ရက်အတွင်း အမြန်ပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်၍ လိုအပ်မှုများကို ဖြည့်စွက်ကူညီပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာသည် သာစည်-သပြေဝ-မန္တလေးသွား အဝေးပြေးကားလမ်းမကြီးပေါ်တွင် တည်ရှိ၍ ကပ်ကြေးအင်းကျေးရွာတွင် အိမ်ထောင်စု (၉၆) စု၊ လူဦးရေ ၅၀၆ နှင့် ကန်စွယ်ကျေးရွာတွင် အိမ်ထောင်စု ၆၄ စု၊ လူဦးရေ ၂၈၆ ဦးရှိပြီး အများစုမှာ နွား၊ ဆိတ်၊ သိုး မွေးမြူရေးကို အဓိကထား၍ လုပ်ကိုင်ကြသော ကျေးရွာများဖြစ်သည်။ **မောင်ကို(သာစည်)**

နွေရာသီရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေလှူဒါန်း

ချောက် မတ် ၉

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ကျေးရွာဖြစ်သော ထိန်ကန်အုပ်စု ဝရကုန်းကျေးရွာနေပြည်သူများ နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ရေပေးဝေရေးကြီးကြပ်မှုကော်မတီဖြစ်သော မြို့နယ်အုပ်ချုပ်မှူး ဦးမောင်မောင်သက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးခင်မောင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအေးလွင်တို့က မီးသတ်ရေယာဉ်ဂါလန် ၂၀၀၀ ဆံ့ဖြင့် မတ် ၇ ရက် ညနေ ၄ နာရီ၌ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါဝရကုန်းကျေးရွာတွင် အိမ်ခြေ ၈၀ရှိပြီး လူဦးရေ ၃၉၅ ဦးရှိပြီး လုပ်ငန်းသုံးကျွဲ၊ နွားများလည်းရှိကြောင်းသိရသည်။

ဝင်းအိမွန်(ပြန်ဆက်)

ပြည်တွင်းရေးရာ

ရပ်ကွက်ကျေးရွာများရှိ ဇရပ် ကျောင်း ဘုရားများတွင် အေးရိပ်ရအောင်ဖန်တီး၍အယ်နီညိုအပူဒဏ်ကိုကြိုတင်ကာကွယ်ရန်လို

မုံရွာ မတ် ၉

စတင်နေပြီဖြစ်သည့် အယ်နီညိုရာသီပူပြင်းမှုကိုကြိုတင်ကာကွယ်သည့်အနေဖြင့် ရပ်ကွက် ကျေးရွာများအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ ဇရပ်များ ဘုရားပရဝုဏ်များတွင် အရိပ်ခိုနိုင်ရန်စပေါင်းစီစဉ်ထားလျှင် အပူကြောင့်ဖြစ်သော ရောဂါများမခံစားရတော့သလိုဆေးရုံသို့သွားစရာမလိုတော့သည့်အတွက် အစစအရာရာ သက်သာစေမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာ အေးငြိမ်းထံမှသိရသည်။

အများဖြည်သူတွေအနေနဲ့ဖြစ်မှကုသတာထက် ကြိုတင်တာကွယ်ပြီးနေထိုင်နိုင်ရင် ပိုကောင်းပါတယ်။ နွေရာသီ အပူလွန်ကဲမှာက မြန်မာနိုင်ငံဒေသအတော်များများရဲ့နေရာတိုင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်း၊ ဇရပ်တွေ ဘုရားရဲ့အရိပ် ရတဲ့ရင်ပြင်တော်မှော်ရုံတွေမှာ အပူဒဏ်သက်သာစေဖို့ အနားယူနေထိုင်တတ်ဖို့လိုပါတယ်။အပူပိုင်းဒေသ နွေရာသီမှာ အတွေ့ရများတတ်တဲ့ဇရပ်လိုနေရာမျိုးမှာ ဘေးပတ်လည်စောင်အကြမ်းတွေကိုရေစွတ်ကာပြီး အတွင်းမှာနားနားနေနေ နေနိုင်ဖို့စီစဉ်ပေးဖို့လိုပါတယ်။ အဲဒီမှာလိုအပ်ရင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ လူမှုအဖွဲ့အစည်းတွေကို အကူအညီတောင်းပြီးဖြစ်စေ ကျန်းမာရေးဌာနကိုအကူအညီတောင်းပြီးတော့ဖြစ်စေ ကျန်းမာရေးဝန်ထမ်းတွေကိုဇရပ်အရောက်ခေါ်ပြီး ဆေးကုသမှုတွေဆောင်ရွက်နိုင်အောင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ထားပါတယ်။အဲဒီလိုကြိုတင်ကာကွယ်ဆောင်ရွက်မှုထွေလုပ်ရင် ဆေးရုံရောက်စရာမရှိပါဘူး။ဆေးရုံဆိုတာကလည်း လူနာအမြဲထမ်းရှိနေတော့ အပူပြင်းချိန် လူနာအတွက်သီးသန့်စီစဉ်တားတယ်ဆိုပေမယ့် နေရာအခက်အခဲကအနည်းနဲ့အများဆိုသလိုရှိနေမှာသေချာတော့ မရောက်လေ ကောင်းလေပေါ့ဗျာ"ဟု ဒေါက်တာအေးငြိမ်းက ပြောဖြသည်။

ယခင်ကထက် ပိုမိုပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီတွင် မိုးခေါင်ရေရှားခြင်း အကျိုးဆက်အဖြစ်အပူဒဏ်နှင့် ပတ်သက်သောရောဂါများ၊ အရေပြားဆိုင်ရာရောဂါများ ရေနှင့်ပတ်သက်သောရောဂါများကိုတွေ့ကြုံခံစားရနိုင်သည်။ ခန္ဓာကိုယ်အပူချိန်မြင့်တက်လာသည်နှင့်အမျှပထမဦးဆုံးအပူဒဏ်ကြောင့်ကြွက်တက်ခြင်း(Heat Cramps) ဖြစ်ပေါ်လာပြီး အပူချိန်ချတ်ချင်းမလျော့ချပါက ရေနှင့်ဓာတ်ဆားများဆုံးရှုံးခြင်း (HeatExhaustion) ပြစ်ပေါ်လာနိုင်ပြီး နောက်ဆုံးတွင် အပူရပ်ခြင်း(Heat Stroke) အထိဖြစ်ပွားနိုင်သည်။

"အပူရပ်တာဟာအပူကြောင့်ဖြစ်ပွားစေတဲ့ကျန်းမာရေးပြဿနာတွေထဲမှာအဆိုးရွားဆုံးဖြစ်ပြီးသေဆုံးတဲ့အထိ ဒါမှမဟုတ်တစ်သက်လုံးဒုက္ခိတဖြစ်သွားစေတဲ့အထိ ဖြစ်ပွားစေနိုင်ပါတယ်။ ပတ်ဝန်းကျင်အပူချိန်ပြင့်တာကြောင့်ခန္ဓာကိုယ်ရဲ့အပူချိန်ညှိမှုစနစ် ပျက်ယွင်းပြီး ခန္ဓာကိုယ်အပူချိန်ဟာ ၁၀၅ ဒီဂရီဖာရင်ဟိုက်အထိ ရောက်လာပြီး ဦးနှောက်နဲ့ အခြားအင်္ဂါအစိတ်အပိုင်းတွေကို တိခိုက်ပျက်စီးစေပါတယ်။အပူရပ်တာဟာ နေပူထဲမှာပြင်းထန်တဲ့ လှုပ်ရှားမှုပြုလုပ်တဲ့ လူငယ်တွေ ၆၅ နှစ် အတက်သက်ကြီးရွယ်အိုတွေ လေးနှစ်အောက်က လေးသူငယ်တွေနဲ့ ကာလကြာရှည်နာမကျန်းဖြစ်နေသူတွေအဓိက ဖြစ်ပွားနိုင်ပါထယ်။" ဟု ဒေါက်တာအေးငြိမ်းက ပြောပြသည်။

၁၀၄ ဒီဂရီဖာရင်ဟိုက်အတက်တိ ခန္ဓာကိုယ်အပူချိန်အလွန်အမင်းတက်လာပြီး ချွေးမထွက်ဖြစ်ကာ ခေါင်းကိုက်ခေါင်းမူး ပျို့အန်လျှင်လည်းကောင်း၊ ခန္ဓာကိုယ်အရေပြားများ နီစပ်ပူလောင်နေကာ အသက်ရှူမြန် အသက်ရှူကြပ်လျှင်လည်းကောင်း၊ နှလုံးခုန်မြန်ကာ အာရုံတွေပြားပြီးဂဏှာမငြိမ်ဖြစ်ပြီး သတိလစ်ခြင်းစသည့်အပူရပ်ခြင်းဖြစ်လာလျှင် နီးစပ်ရာဆေးရုံဆေးခန်းသို့ အမြန်ဆုံးကုသမှုခံယူရမည်ဖြစ်ကြောင်းသိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပုဂံပြည်အနော်ရထာမင်းနှင့်ဆက်စပ်နေသော ရွှေစာရံဘုရား ဘုရားပွဲမတိုင်ခင်ကပင် လူစည်ကား

မန္တလေး မတ် ၉

ရွှေစာရံဘုရားပွဲသည် မန္တလေးမြို့သူ မြို့သားများအနီးအနားကျေးလက်ဒေသများနှင့်မောတို့ တိုင်းဌာနေ ရမ်းပြည်နယ်သားတို့ တစ်နှစ်တစ်ခါ လာရောက်ဆင်နွှဲသော ပွဲပင်ဖြစ်သည်။ ရွှေစာရံဘုရားသည် ပုဂံနောက်ခံသမိုင်းနှင့်အတူ အလွမ်းဇာတ်လမ်းလေးမှာ စိတိဝင်စားပြီး လူသိများလှသည်။ ရွှေစာရံဘုရား၏ မူလဒါယကာမှာ မိုင်းမော်မင်းသမီး စောမွန်လှပင် ဖြစ်သည်။ အနော်ရတာမင်းကြီး သိကြားမင်းပေးအပ်သော မြဆင်းတုကိုပင့်ကာ ပုဂံပြည်အပြန်တွင် မိုင်းမော်ပြည်ကြီးကို ဝင်ရောက်ခဲ့သည်။ မိုင်းမော်စော်ဘွားသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ခိုင်မြဲစေရန် သမီးတော်စောမွန်လှကို အနော်ရထာမင်းထံ ဆက်သခဲ့သည်။

သမီးတော်စောမွန်လှလည်း အနော်ရထာမင်းနှင့် ပုဂံပြည်သို့လိုက်ပါခဲ့ပြီး ပုညကြီယာ ၁၀ ပါးဖြင့် မွေ့လျော်ပြီး သာသနာတော်ကိုချီးမြှောက်ခဲ့သည်။ သို့သော် ပုဂံနန်းတွင်းတွင် အိမ်ထောင်ရေး၊ လူမှုရေး မကျေလည်မှုများကြောင့် ကြုံတွေ့လာသောလောကဓံကို ကြံ့ကြံ့ခံတာ ပုဂံမှ မိုင်းမော်သို့ ငြိမ်းချမ်းစွာ ပြန်လည်ထွက်ခွာလာခဲ့သည်။ အဖြန်လမ်းချောင်းတစ်ခုကိုအပြတ်တွင် ဝတ်ဆင်ထားသော နားဋ္ဌောင်းကျတိကျခဲ့ရာ ရေတဲကျသည့်အထင်နှင့် ရာသော်လည်း မတွေ့ဖြစ်နေစဉ် ကောင်းကင်မှော့အကြည်တွင် နားဋ္ဌောင်းမှာ ကောင်းကင်တွင် စာသူငယ်အပေါင်း ဝန်းရံနေသည်ကို တွေ့လိုက်ရသည်။

မွေတော်ဖြစ်သော နားဋ္ဌောင်းမှာ တန်ခိုးပြာဋိဟာပြနေခြင်းဖြစ်ပြီး ထိုအချင်းအရာကိုဖြင်သော စောမွန်လှသည် ရိခိုး ဖော်ပြီး အဓိဋ္ဌာန်ပြုလိုက်ရာ နားဋ္ဌောင်းသည် စောမွန်လှ၏နားတွင် ဝတ်မြဲအတိုင်းတည်နေခဲ့သည်ဟု သိရသည်။ သို့အတွက် မွေတော်ကိုဌာပနာပြု၍ စေတီတည်လိုစိတ်ဖြစ်ပေါ်ခဲ့သဖြင့် ဒွှေဝတီမြစ်ဘေး အဘယခေမာကုန်းတော်ပေါ်တွင် စေတီတည်ထားကိုးကွယ်ခဲ့သည်။စေတီအမည်ကိုလည်း ကောင်းကင်တွင် စာကလေးငှက်များဝန်းရံတည်နေသည်ကို အစွဲပြုကာ ရွှေစာရံစေတီဟု မှည်ခေါ်ခဲ့ကြောင်း သိရသည်။ မူလစေတီသည် ကိုးတောင်ပြည်စေတီဖြစ်သော်လည်း ခေတ်အဆက်ဆက်မင်းများက ဉာဏ်တော်ပြင့်ကာ တည်ထားကိုးကွယ်ခဲ့သည့်အတွက် ယခုဉာဏ်တော်အတိုင်း သပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးမြော်ရခြင်းဖြစ်သည်။

ရွှေစာရံဘုရားပွဲလာသူများသည် အမတော်စောမွန်လှကို ရှမ်းပေါင်းတော်ဆက်သည့်အလေ့အထရှိခဲ့ပြီး တစ်နှစ်ပတ်လုံး ပေါင်းတော်နှင့် သစ်သီးကိုးမျိုးကန်တော့ပွဲပြုလုပ်ရောင်းချလေ့ရှိသည်။ ပေါင်းတော်ကို ငွေကျပ် ၃၅၀၀ မှ ၅၀၀၀ အထိ ပေးရသည်။ ကန်တော့ပွဲများကိုရာသီပေါ်သစ်သီးကိုးမျိုးပြင့် ပြုလုပ်ရောင်းချကြသည်။ ဘုရားလာသူများသည် အမတော်စောမွန်လှ ပေါင်းတော်ဆက်ခြင်းနှင့်အတူ ကန်တော့ပွဲပေးကြသည်။ အဓိဋ္ဌာန်ပြုဆုတောင်းမှုလည်းပြုကြပြီး အဓိဋ္ဌာန်အောင်ဆုတောင်းပြည်စေတီတစ်ဆူအဖြစ် ယနေ့တိုင်ကိုးကွယ်ပူဇော်ခဲ့ကြသည်။ ယခုအခါတွင် ရွှေစာရံဘုရားတွင် ဘုရားပွဲမတိုင်မီကပင် လူစည်ကားပြီး ထန်းရွက်ပုတီး၊ ထန်းရွက်ငါးနှင့် ရှမ်းပလိုင်းကလေးများကို ဝယ်ယူမှုများလျက်ရှိကြောင်း သိရသည်။

တိမ်တမန်

ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

ပဲခူး မတ် ၉

ပဲခူးမြို့ မြို့တော်ခန်းမ၌ မတ် ၈ ရက် နံနက် ၉ နာရီက ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသုတက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအား ရှင်းလင်းပြောကြားသည်။ ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဖတ်ကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

(၅၈၈)

သင့်
စီးပွားရေးလုပ်ငန်းများ
အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင်
ကြော်ငြာစို့

CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် နှစ်သစ်ကူးခရီးစဉ်များ
CitiAvenue
စင်ကာပူ - ဘင်တန် (6D/5N) April 12 - 17 (USD 1280)
ဟောင်ကောင် - ဘာလီ (8D/7N) April 9 - 16 (USD 1850)
ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 12 - 19 (USD 1880)
ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ရှန်းကျန့် (8D/7N) April 11 - 18 (USD 1610)
ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (8D/7N) April 11 - 18 (USD 2200)
ကိုရီးယား - ဟိုချီမင်း (9D/8N) April 10 - 18 (USD 2150)
ဂျပန် (9D/8N) April 10 - 18 (USD 3150)
သြစတြေးလျ (10D/9N) April 10 - 19 (USD 4550)
ဥရောပ (15D/14N) April 09 - 23 (USD 4870)
CitiAvenue ၏ Quality ကိုယုံကြည်သော ဧည့်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။
www.facebook.com/citiavenue
အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 | 09-25090 1188 / 1199 | 09-7800770 10/20/30/40 | 01-211609

Call Now!
NEW MOTION Travels & Tours
ဗီယက်နမ် Mar 18 | ဘန်ကောက် Mar 22 | ထိုင်းဘန်ကောက် ... Mar 9, 23 | ... Mar 18
အမေရိကားခရီးစဉ် - April 7,12
ဥရောပခရီးစဉ် - April 9
အင်္ဂလန်ခရီးစဉ် - April 10
သြစတြေးလျခရီးစဉ် - April 10
ဒူဘိုင်းခရီးစဉ် - April 11
ဟောင်ကောင်ခရီးစဉ် - April 11,12
ဘာလီခရီးစဉ် - April 12
ဗီယက်နမ်ခရီးစဉ် - April 12
စင်ကာပူခရီးစဉ် - April 12,13
တရုတ်ပြည်မကြီးခရီးစဉ် - April 12
ဗုဒ္ဓဂယာခရီးစဉ် - April 11
ကာဗွဒီးယားခရီးစဉ် - Apr 11
ကိုရီးယားခရီးစဉ် - April 11,12
ဂျပန်ခရီးစဉ် - April 11,12
ဘန်ကောက်ခရီးစဉ် - April 11,12
ဖူးခက်ခရီးစဉ် - April 12
ဖူးခက်-ဘန်ကောက်ခရီးစဉ် - April 11
စင်ကာပူ-မလေးရှားခရီးစဉ် - April 11,12
စင်ကာပူ-ဘာလီခရီးစဉ် - April 12
မလေးရှားခရီးစဉ် - April 11
မန္တလေးမှ ထွက်မည့်ခရီးစဉ်များ
စင်ကာပူ-မလေးရှားခရီးစဉ် - April 12
စင်ကာပူခရီးစဉ် - April 12
ကိုရီးယားခရီးစဉ် - April 12
ဘန်ကောက်ခရီးစဉ် - April 11
ဖူးခက်ခရီးစဉ် - April 12
Yangon Office: No.20, Kyuntaw Road, Sanchaung Tsp
Tel: 01-508124, 523253, 09-73148933~44~55~66
Mandalay Office: No.234, 33rd Street, Bt 81 & 82 St.
Tel: 09-4314787909, 259033443, 797522254
Escape From Everyday Life

ကြော်ငြာ

အတာသင်္ကြန်ကျောင်းပိတ်ရက်ရှည်မှာ "သားသား" "မီးမီး" "ဘိုးဘွား" "မိဘ" ညီအစ်ကိုမောင်နှမသူငယ်ချင်း မိတ်ဆွေများ ပျော်ရွှင်မှုနှင့် အတွေ့အကြုံသစ်များ ရရှိစေဖို့

Nice Fare Travel IATA နှင့်ခရီးသွားကြစို့ .... (ခရီးစဉ်အားလုံး Nice ဖြစ်ရမည်... ဈေးနှုန်းလည်း Fair ဖြစ်ရမည်)

ဗန်ကောက်ပတ္တရား (၁၂/၁၃-၁၄ ပြေ) (685 us$)	ဗန်ကောက်ဖူးခက် (၁၂-၁၄ ပြေ) (1250 us$)	ဂျပန် (၁၃-၂၀ ပြေ) (2700 us$)
ဟောင်ကောင်မကာအို (၁၃-၂၀ ပြေ) (1650 us$)	ကိုရီးယား (၁၃-၂၀ ပြေ) (1900 us$)	ဗီယက်နမ် (၁၃-၁၉ ပြေ) (890 us$)
ဒေဂျင်-ရှန်ဟိုင်း (၁၁ - ၁၈ပြေ) (1850) us$	ဘာလီ (၁၃-၁၄ ပြေ) (1300 us$)	စင်ကာပူ (၁၃-၁၆ ပြေ) (950 us$)

မန္တလေး - ဗန်ကောက် (၁၀-၁၅ ပြေ) (700 us$)

၀၁-၂၅၅၆၉၉၊ ၀၉-၅၁၄၅၁၃၉၊ ၀၉-၅၁၃၉၂၄၃၊ ၀၉-၉၆၀၂၅၆၀၀၀၊ ၀၉-၇၈၈၈၅၁၀၁၀

ဒေါ်သူဇာဝင်း (စာရင်းကိုင်သင်တန်း)

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), C.Comp Acc(UK)

LCCI I+II Sunday

June Series (၃) လပြတ်နေ့ကျောင်း (12-3-2016) မှစ၍

(၁၀)တန်း စာမေးပွဲဖြေဆိုထားသူများအတွက်ကျောင်းလခ (၁၀%) Discount

Center 1 Ph:09-5029621, 09-250371045, 09-5407724

Center-2 Golden Crown Training Center Ph:01-373030, 09-73234992

အခြမ်းရောင်းမည်

၁။ ပဟန်း၊အင်းယားမြိုင်	(100x60)	မြေ	150 2L
၂။ (၉)မိုင်၊မရမ်းရိပ်လမ်းမ(ရေကူးကန်ပါ)	(50x150)	2RC	19500L
၃။ မရမ်းကုန်း၊အေဝမ်းလမ်း	(87x100)	2RC	17000L
၄။ ရန်ကင်း၊မိုးကောင်းလမ်း	(62x135)	မြေ	16000L
၅။ စမ်းချောင်း၊ပြည်လမ်းအနီး	(75x55)	2RC	14800L
၆။ ရန်ကင်း၊မဥ္စူလမ်း	(70x70)	မြေ	11800L
၇။ မရမ်းကုန်း၊ပြည်လမ်း(ဂုတ်)	(80x56)	မြေ	11600L
၈။ ရွှေတောင်ကြား	(60x60)	2BN	11500L
၉။ သုဝဏ္ဏ၊သံသုမာလမ်း(ဂုတ်)(∠ကွက်)	(84x100)	မြေ	9600L
၁၀။ ကမာရွတ်၊ပြည်လမ်း	(35x55)	မြေ	7500L
၁၁။ ရန်ကင်း၊ဘောက်ထော်	(26x70)	2RC	6200L
၁၂။ (၇)မိုင်၊ကုန်းမြင့်ရိပ်သာ	(55x50)	မြေ	6000L
၁၃။ ရွှေပင်လုံ၊အိမ်ရာ	(80x60)	မြေ	4000L
၁၄။ သုဝဏ္ဏ VIP(II) လမ်းသန့်	(30x70)	မြေ	3000L

☎- 510 600, 510 950, 095173690, 095185534, 095040160

အခြမ်းရောင်းမည် / ငှါးမည်

၁။ ကမ္ဘာ့ဝါမြိုင် Condo	(1460Sqft)	Lift	M2,B1,ပြင်ပြီး,∠ခန်း	2350L
၂။ ပါရမီ Condo	(1350Sqft)	Lift	M3,B2,ပြင်ပြီး	2000L
၃။ Diamond Condo	(1050Sqft)	Lift	M1,B1,ပြင်ပြီး	1800L
၄။ ရွှေပဒေသာ်စံအိမ်ရာ	(1150Sqft)	R/T	M1,B2	1800L
၅။ ကံ့ကော် Condo	(1500Sqft)	Lift	M1,B2,ပါကင်	1600L
၆။ သစ္စာရိပ်သာ Condo	(1350Sqft)	Lift	M1,B2,တိုက်သစ်	1550L
၇။ ကမာအေးရိပ်သာလမ်း	(25x50)	2/F	B3,A/C,ပါကင်	1300L
၈။ လှိုင်၊အင်းစိန်လမ်းမ	(15x55)	5/F	B1,ပြင်ပြီး,∠ခန်း	580L
၉။ အလုံ၊ငုဝါလမ်း	(12½x45)	3/F	Hall,ခြွင်း	450L
၁၀။ တ/ဥ-လမ်းသန့်	(18x54)	3/F	Hall,တိုက်သစ်	400L
၁၁။ အေဝမ်း Condo	(2400Sqft)	Lift	M3,ပြင်ပြီး,A/C 4	24L
၁၂။ နေသီရိ Condo	(1650Sqft)	Lift	M2,B1,ပြင်ပြီး,furn	17L
၁၃။ ချယ်ရီ Condo	(1500Sqft)	Lift	M1,B2,ပြင်ပြီး,furn	13L
၁၄။ ကမ္ဘာ့ဝါမြိုင် Condo	(1330Sqft)	Lift	M1,B1,ပြင်ပြီး,∠ခန်း	12L
၁၅။ ရွှေကမ္ဘာအိမ်ရာ	(1250Sqft)	1/F	M1,B2,ပြင်ပြီး	12L
၁၆။ တားဂရာ Condo	(1250Sqft)	Lift	M1,B1,∠ခန်း	10L
၁၇။ စေတီပဟိုလမ်းမ	(18x55)	G/F	B1,ပြင်ပြီး(ဆိုင်ခန်း)	15L
၁၈။ အနော်ရထာအိမ်ရာ	(1350Sqft)	2/F	M1,B2,ပြင်ပြီး,A/C 3	9L
၁၉။ ရွှေလှိုင်သာယာအိမ်ရာ	(1269Sqft)	2/F	M1,B2	8L
၂၀။ ရွှေတောင်တန်းလမ်း	(12½x50)	G/F	Hall	7L
၂၁။ သထုံပဒွာန်လမ်း	(14x60)	G/F	Hall,ခြွင်း/ကပ်	6.5L

☎- 502 517, 510 760, 09265591282
- 095185539, 09 5012951

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

[illegible]

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှရသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၂၀)နေ ဦးလှဆွေ၊ ဒေါ်ခင်ခင်ဦးတို့၏သမီးဖြစ်သူ မထက်ထက်မိုး [၁၂/မဂဒ(နိုင်)၁၀၈၇၄၇]သည် မိဘသဘောဆန္ဒအလျောက်ပြုမူပြီး အကြိမ်ကြိမ် စိတ်ဆင်းရဲ အရှက်ရအောင်ပြုလုပ်ကာ နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပက်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးလှဆွေ၊ ဒေါ်ခင်ခင်ဦး(ရန်ကုန်မြို့)

ကြော်ငြာ

Republic of the Union of Myanmar
Ministry of Finance
Modernization of Public Finance Management Project (MPFMp)

Request for Expressions of Interest for Individual Consultant – National ICT Technical Expert for Internal Revenue Department

REOI No.: MPFMp/C108 Closing Date: 28 March 2016

The Project is seeking to recruit a national ICT technical expert to assist the Internal Revenue Department (IRD) to carry out the development and implementation of their strategy to modernize ICT services and to build ICT capacity of their staff.

This work will specifically include: *Designing a Modern Tax Administration Information System, Capacity Building, Assessment of Operational Requirements, & Technical support and Implementation*

The Consultant is required to demonstrate the following as a minimum:

- B.Sc or M.Sc Degree (or equivalent) in Electronics Engineering or Computer Science or Information Technology
- At least 5 (five) years of experience in Project Management in the ICT sector in Myanmar.
- Alternatively, at least 10 years ICT Project Management experience, of which at least 5 years should have been in Myanmar.
- Experience and familiarity with the institutions and key stakeholders for the ICT sector in Myanmar and familiarity with ICT infrastructure in Myanmar.
- Proficiency in English language – speaking and report writing.
- Good communication skills and able to work in group environment.
- Project evaluation experience is required.
- Personal integrity and sense of responsibility.

The assignment is for an estimated duration of 12 months as a full time assignment. The location of the assignments is in Nay Pyi Taw, Myanmar.

MPFMp now invites eligible individual consultants to indicate their interest in providing the above mentioned services. Interested consultants must provide information indicating that they are qualified to perform the services (in addition to the educational qualifications, experience of similar assignments and country of work etc. should be incorporated in the CV to be submitted along with expression of interest/application).

Interested consultants may obtain further information at the address below during office hours [i.e. 1000 to 1600 hours] or by sending an E-Mail to: irpmu@irdmyanmar.gov.mm

Expression of interest must be delivered to the address below by 1600 hours on **28 March 2016** to:

Mr. Min Htut, Director General, Internal Revenue Department
c/o Modernization of Public Finance Management Project Unit
Building No 46, Nay Pyi Taw, Myanmar

E-mail for applications: irpmu@irdmyanmar.gov.mm, cc [illegible], mini.budget@gmail.com. & [illegible]

HEALTHY LIFE

ကျန်းမာလှပလူမှုဘဝဂျာနယ် ထွက်ပြီ

☎ ၀၉ ၇၈ ၅၁၈၅၆၇၆၊ ၀၉ ၂၂၂၀၇၉၄၊ ၀၉ ၅၁၃၀၉၆၆

Healthy Life ဂျာနယ် အမှတ်(၂၃)ကို ၁၁-၃-၂၀၁၆ ရက်နေ့(သောကြာနေ့)၌ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ

Email- healthylifejournal@gmail.com, FB- www.facebook.com/healthylife4everyone

---

ကန်ထရိုက်တာ ဦးလှဝင်း[၁၂/တမန(နိုင်)၀၁၀၄၃၅]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဦး[၁၂/ဒပန(နိုင်)၀၀၃၅၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါးဆိုရပ်ကွက်၊ မြေတိုင်းအမှတ်(၄၄၃)၊ မြေကွက်အမှတ်(၁၀)၊ ရွှေစေတီလမ်း၊ အကျယ်အဝန်းပေ(၂၅×၅၀)ရှိ မြေကွက်အား ဒေါ်သန်းသန်းဦး၏အစ်ကို မြေပိုင်ရှင်(ဦးသန်းဦး)နှင့် ကန်ထရိုက်တာ ဦးလှဝင်းတို့သည် ၁၄-၂-၂၀၁၄ရက်က ကန်ထရိုက်စနစ်ဖြင့် (၂)ခန်းတွဲ (၅ ၂)ထပ် RC တိုက်ဆောက်လုပ်ရန် သဘောတူကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

ထိုစာချုပ်အပိုဒ်(၈)တွင် အဆောက်အအုံဆောက်လုပ်သည့်ကာလကို မြေစတင်တူးသည့် နေ့မှစ၍ (၁၂)လနှင့် အပြီးဆောက်မည်ဟု ဖော်ပြပါရှိသော်လည်း ကန်ထရိုက်တာသည် ၁၆-၁၁-၂၀၁၄ရက်တွင် မြေကြီးတူး Foundation ချပြီးချိန်မှစ၍ ယနေ့အချိန်အထိ အဆောက်အအုံ ဆောက်လုပ်ခြင်းမရှိ၊ မြေရှင်နှင့်တစ်စုံတစ်ရာဆက်သွယ်ခြင်းမရှိသဖြင့် ကန်ထရိုက်တာထံသို့ ၂-၂-၂၀၁၆ရက်က မြေရှင်နှင့်ဆက်သွယ်ပါရန်၊ ပျက်ကွက်ပါက ၁၄-၂-၂၀၁၄ရက် စာချုပ်ပျက်ပြယ်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားစာပေးပို့ခဲ့သော်လည်း ကန်ထရိုက်တာမှ ထိုအကြောင်းကြားစာအပေါ် ပြန်လည်အကြောင်းကြားခြင်း၊ မြေရှင်ဘက်သို့ ဆက်သွယ်ခဲ့ခြင်းမရှိသဖြင့် အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ပတ်သက်သော သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ ၁၄-၂-၂၀၁၄ရက်စွဲပါ ချုပ်ဆိုခဲ့သော စာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း၊ ကန်ထရိုက်တာထံမှ တိုက်ခန်းကြိုပွဲဝင့်ဝယ်ယူထားသူများရှိပါက မြေရှင်ဘက်နှင့် သက်ဆိုင်ခြင်းမရှိဘဲ ကန်ထရိုက်တာနှင့်သာ ဖြေရှင်းဆောင်ရွက်ကြရန်နှင့် အဆောက်အအုံအား မြေရှင်ဘက်မှ ဆက်လက်၍ ကိုယ်တိုင်ဆောက်လုပ်လျှင်သော်လည်းကောင်း၊ အခြားကန်ထရိုက်တာတစ်ဦးဦးနှင့် ပြောင်းလဲဆောက်လုပ်လျှင်သော်လည်းကောင်း ကန်ထရိုက်တာ ဦးလှဝင်းနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အတိအလင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်းဝင်းခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)
အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၆၅၉၃၉

သာသနာရေးဝန်ကြီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော်
ဓမ္မပူဇာအထူးတရားပွဲ
အရှင်ပညာသာရ
ပန်းတစ်ပွင့်တောင်ဆရာတော်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ
ဓမ္မကထိကဗဟုဇနဟိတဓရ၊ ကမ္ဘာ့ဗုဒ္ဓသာသနာ

တရားပွဲကျင်းပမည့်ရက်	-	၁၂-၃-၂၀၁၆ရက်(စနေနေ့)
		၁၃-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)
တရားပွဲကျင်းပမည့်အချိန်	-	ညစဉ် ၇း၃၀ နာရီ
တရားပွဲကျင်းပမည့်နေရာ	-	ဇမ္ဗူသီရိဗိမာန်တော်
		တံတားလေးလမ်း၀၊ မရမ်းကုန်းမြို့နယ်။

တရားပွဲအလှူရှင်
တပည့်ဒါယကာ၊ ဒါယိကာမများ

တရားအလှူခံကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဓမ္မရက္ခိတ၊ ဓမ္မပူဇာအဖွဲ့

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ အောင်မြင်ပြီးသူများ နှင့် အလုပ်ရှင် ဘွဲ့ရများအတွက်

Basic Spoken English
Sat & Sun - 3:45-6:45 pm 12 Mar
Mon to Thurs-7:30-9:30 am 14 Mar
Mon to Thurs-1:00-3:00-5:00pm 14,28 Mar

Pre-Intermediate English
Mon to Thurs-10:30-12:30 am 14 Mar
Mon to Thurs-5:00-7:00pm 14 Mar

Grammar Foundation Course
Mon to Thurs - 3:30-5:00 pm 14 Mar

Structure & Written Expression
Sat & Sun - 3:30-6:30pm 26 Mar

Basic Writing Course
Sat & Sun - 12:30 - 3:30 pm 12 Mar

NEW SAT, IELTS, API, AWC, IE, VEC

နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G - 5 & 6 Mon to Thurs : 8-10am 14 Mar
Level II G - 7 & 8 Mon to Thurs : 8-10am 14 Mar
Level III G - 9 & 10 Mon to Thurs:8-10am 14 Mar

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ငွေကြာရံ)၊ မြေကွက်အမှတ်(၂၈၇/ခ)၊ မြေကွက်တည်နေရာအမှတ်-(၂၈/၇-ခ)၊ ကြာပဒုမ္မာလမ်း၊ (၃)ရပ်ကွက်၊ ငွေကြာရံ၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအောင်ဝင်း[၁၂/ဥကတ(နိုင်)၀၄၇၁၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဖခင်(ဦးအောင်ဝင်း)၊ မိခင်(ဒေါ်ခင်ဆွေ)တို့ အသီးသီးကွယ်လွန်သဖြင့် သေစာရင်းများနှင့် ကျမ်းကျိန်လွှာတို့ တင်ပြ၍ သားသမီးများဖြစ်သော (၁)ဦးညဏ်လင်းအောင်[၁၂/ဥကတ(နိုင်)၀၄၈၂၂၂]၊ (၂)ဒေါ်နွယ်နွယ်ဝင်း[၁၂/ဥကတ(နိုင်)၀၄၈၆၉၂]၊ (၃)ဒေါ်ရီရီဝင်း(ခ)ယဉ်ယဉ်ဝင်း[၁၂/ဥကတ(နိုင်)၀၇၀၃၃၉]တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကားလျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

(၁၂½ပေ×၅၀ပေ×၉ပေ)မြေညီထပ် ပြင်ဆင်ပြီး အလင်းရောင်လမ်းမကြီး၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။

ဖုန်း-၀၉-၄၂၅၀၂၅၂၈၁

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

နိုင်ငံသားကတ်အမှတ်[၁၂/ကမရ(နိုင်)၀၀၀၂၈၀]ကိုင်ဆောင်သူ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁)လမ်း၊ အမှတ်(၁၁)နေ

Win Top (Auto Mobile Purchasing & Logistic Services) မှ

ဒေါ်ဝင်းမြမြကျော် သိစေရန် ထပ်မံသတိပေးကြေညာခြင်း

အထက်အမည်ပါ ဒေါ်ဝင်းမြမြကျော်ဆိုသူသည် ၅-၃-၂၀၁၅ရက်စွဲပါ စာချုပ်အရ Myanmar Refreshing Services Co.,Ltd မှ မန်နေဂျင်း ဒါရိုက်တာ ဦးစန်းလွင်သို့ပေးရန် ကတိပြုထားသော ငွေကျပ်(၂၅၀၀၀၀၀၀/-)(ကျပ်သိန်းနှစ်ရာ ငါးဆယ်တိတိ) ကို မပေးဆပ်ဘဲ ဦးစန်းလွင်သို့ အဆက်အသွယ်မပြုလုပ်သည့်အပြင် ရှောင်တိမ်းနေခြင်းကြောင့် ကျွန်ုပ်တို့က (၇)ရက်အတွင်း လာရောက်ပေးဆပ်ရန် ၁၅-၂-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာမှတစ်ဆင့် ထည့်သွင်းကြေညာခဲ့သော်လည်း ဒေါ်ဝင်းမြမြကျော်သည် ယနေ့အထိ ဖော်ပြပါငွေများကို ဦးစန်းလွင်သို့ လာရောက်ပေးဆပ်ရန် ပျက်ကွက်မြဲ(ပျက်ကွက်)လျက်ရှိကြောင်း သိရှိရပါသည်။

သို့ပါ၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ဖော်ပြပါငွေများကို ဦးစန်းလွင်ထံ မပျက်မကွက်(မပျက်မကွက်)လာရောက်ပေးဆပ်ရန် အသိပေး ကြေညာလိုက်ပါသည်။ ထပ်မံပျက်ကွက်ပါက လူကြီးမင်းအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ထပ်မံသတိပေး ကြေညာလိုက်ပါသည်။

ဦးစန်းလွင်၏ လွှဲအပ်ညွှန်ကြားမှုအရ-

ဦးဇော်မျိုးဟန်(LL.B)	**ဦးလှမော်ထိုက်(LL.B)**
(စဉ်-၈၆၁၁)	**(စဉ်-၃၇၈၀၉)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၂၆၀၉၉၅၄၄၅	**ဖုန်း-၀၉- ၂၆၀၉၈၁၀၁၆**

အမှတ်(၅၉၁)၊ ရတနာသီရိထမ်း၊ (ဆ/ထ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးထွန်းသောင်း၏သမီး ဒေါက်တာ ဒေါ်ခင်ခင်အေး [၁၂/ဥကတ(နိုင်)၀၄၁၉၈၀] သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မမ၏ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအား အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ (စစ်မေးမြန်းနိုင်ပါသည်။) **ဦးထွန်းသောင်း**

သာသနာ့ရောင်ဝါထွန်းစေဖို့ သမ္မတ ရဟန်းခံ၊ ရှင်ပြု သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

၁	အမှတ်-၁၁၀၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။	၀၁-၅၅၂၃၉၅၊ ၀၁-၅၅၂၃၉၆
၂	အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။	၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၈၆
၃	အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။	၀၁-၃၀၀၅၇၃
၄	အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။	၀၉-၇၃၁၀၆၀၃၂
၅	အမှတ်-၉၆၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်။	၀၉-၇၃၀၅၇၇၅၆
၆	အမှတ်-၁၂၅၊ သံချေးရေ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။	၀၁-၂၂၅၅၀၆
၇	အမှတ်-၃၈၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။	၀၉-၇၃၀၀၅၉၂၆
၈	အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။	၀၉-၈၆၀၃၀၀၅
၉	တိုက်-A ၊ အခန်း-၁၊ ဗူးသီးဘုရား အင်းစိန်ဈေးကြီးအနီး လိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။	၀၁-၆၄၂၃၂၂
၁၀	၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံပိုင်ပြိုင်နှင့် အင်းရေတွင်းမှတ်တိုင်ကြား။	၀၉-၇၃၀၆၅၃၃၇
၁၁	အမှတ်-၂၆၊ သမိန်ဝထုလမ်းမကြီး၊ တာမွေမြို့နယ်။	၀၉-၇၃၀၀၅၇၉၃
၁၂	ရန်ကုန်မန္တလေးကားလမ်း၊ အင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။	၀၆၇-၂၂၁၉၇
၁၃	အမှတ် (၁၆၃)၊ မင်းဘကြီးလမ်း၊ ဘောက်သီးရပ်ကွက်၊ စစ်တွေမြို့။	၀၄၃-၂၃၄၁၂
၁၄	အမှတ် (၇၆)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။	၀၉-၂၆၀၃၃၃၆၇၅၀
၁၅	၂/ဓ၃၊ နေပြည်တော်လမ်းမကြီး၊ ယောင် ပျဉ်းမနား-တောင်ညိုလမ်း၊ အင်ရတနာအနီး၊ ပေါက်သွားအင်းချမ်းနေပြည်တော်-ပျဉ်းမနားမြို့။	၀၆၇-၂၅၅၅၃

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ပြင်ဆင်ဈေးနှုန်းများ လက်လီ/လက်ကားဝယ်ယူရရှိနိုင်ပါသည်

Hospitality and Tourism Management
ပညာရေးဆွေးနွေးပွဲ

Date - 13th March (Sunday) | Time - 2:00 - 4:00 PM | Venue - MIC U-Wisara Campus

Myanmar Imperial College အနေဖြင့် မြန်မာနိုင်ငံတွင် အရှိန်အဟုန်ဖြင့်တိုးတက်လာသောနယ်ပယ်တစ်ခုဖြစ်သည့် ဟိုတယ်နှင့်ခရီးသွားလာရေးနယ်ပယ်တွင် ထူးချွန်အောင်မြင်သော မြန်မာနိုင်ငံသား ထိပ်တန်းအဆင့်စီမံခန့်ခွဲသူ လူငယ်များပေါ်ထွက်လာစေရန်ရည်ရွယ်၍ MIC School of Hospitality and Tourism ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး
ယခုဘာသာရပ်နှင့် ပတ်သက်၍

- Hospitality & Tourism ဘာသာရပ်၏ အရေးပါပုံများ
- MIC School of Hospitality and Tourism တွင် သင်ကြားမည့် ဘာသာရပ်များနှင့်သင်ကြားမှုစနစ်များ
- လက်တွေ့ လုပ်ငန်းခွင်များနှင့် ချိတ်ဆက်သင်ယူမှုများ
